# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၅၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၃ ရက်၊ အင်္ဂါနေ့။


ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ သူတို့အာဏာရမှုအတွက် အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ လယ်သမားတွေကို ဘယ်လိုအလွဲသုံးစားလုပ်ခဲ့တယ်ဆိုတာ တိုင်းပြည်လူထုက ကောင်းကောင်းချင့်ချိန်နိုင်ပြီလို့ ကျွန်တော်ယုံကြည်တယ်။ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ တော်လည်းတော်တဲ့လူတွေပါပဲ။ တရားအတိုင်းမဟုတ်ဘဲ ညစ်ညစ်ပတ်ပတ်နည်းတွေနဲ့ နိုင်ငံရေးအာဏာလုတဲ့နေရာမှာ တစ်တိုင်းပြည်လုံးက သူတို့ကို ဆရာတင်ရမှာပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်သူလယ်သမားနေ့ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



# လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

**နေပြည်တော် မတ် ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) သို့ ရောက်ရှိပြီး တောင်သူလယ်သမားနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


ပီရူးဝန်ကြီးဟောင်း သတင်းထောက်သတ်မှုဖြင့် စွဲချက်တင်ခံရ — စာမျက်နှာ » ၄

တောင်သူလယ်သမားများ၏ ရွှေခေတ် — စာမျက်နှာ » ၆

လက်ရှိချန်ပီယံ ရတနာပုံ အဝေးကွင်း၌ ရှုံးပွဲကြုံ — စာမျက်နှာ » ၁၃

ငြိမ်းချမ်းရေးရလဒ်ကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသည့် ကရင်ပြည်နယ် — စာမျက်နှာ » ၁၅

နှစ် (၅၀၀) ပြည့် ဓေယျာမြေ — စာမျက်နှာ » ၂၂


# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပွင့်လင်းစွာဆွေးနွေး



**နေပြည်တော် မတ် ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံနှင့် အီဘိုလာကာကွယ်ရေး

အီဘိုလာရောဂါသည် ၂၀၁၄ ခုနှစ် မတ်လတွင် အာဖရိက အနောက်ပိုင်းဒေသ ဂီနီနိုင်ငံမှ စတင်ကာ ကပ်အသွင်ဖြင့် အခြား အာဖရိကနိုင်ငံများဖြစ်သည့် လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် ဆီယာရာလီယွန်နိုင်ငံတို့အပြင် စပိန်နှင့် အမေရိကန်နိုင်ငံတို့၌ပါ ပျံ့နှံ့ဖြစ်ပွားခဲ့ပါသည်။ သို့သော် အာဖရိကနိုင်ငံများ၌သာ အဆိုးရွားဆုံး ဖြစ်ပွားခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၈-၂-၂၀၁၅) ရက်နေ့အထိ ထုတ်ပြန်ချက်အရ ဤရောဂါကူးစက်ခံရသူ ၂၂၈၉၄ ဦးရှိပြီး သေဆုံးသူ ၉၁၇၇ ဦးရှိကြောင်း သိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အီဘိုလာရောဂါသည် ထိန်းချုပ်ရန်ခက်ခဲပြီး ရောဂါပိုးရှိသော လူနာ၏ ခန္ဓာကိုယ်မှထွက်သော အရည်များဖြစ်သည့် တံတွေး၊ သလိပ်၊ သွေးတို့ကို တိုက်ရိုက်ထိတွေ့ ကိုင်တွယ်မှုကြောင့် အဓိက ကူးစက်ပြန့်ပွားခြင်းဖြစ်ကြောင်း သိရသည်။ ဤရောဂါသည် ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)နှင့် ကမ္ဘာ့လူတုပ်ကွေး H1N1-2009 ၊ (H7N9) ရောဂါများကဲ့သို့ လေထုထဲမှ ပျံ့နှံ့ကူးစက်ခြင်း မရှိပေ။ အီဘိုလာဗိုင်းရပ်စ် (Ebola Virus) ကူးစက်ခံရသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမိမှသာလျှင် ရောဂါကူးစက်ခံရခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံတွင် အီဘိုလာရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်လျက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အစီအမံများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါထောက်လှမ်းရေးအနေဖြင့် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းကို နိုင်ငံတကာ ဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဖြတ်ကျော် ဝင်ပေါက်ထွက်ပေါက်များတွင် ကျန်းမာရေးဝန်ထမ်းများကို တာဝန်ချထားဆောင်ရွက်လျက်ရှိပါသည်။

အကယ်၍ သံသယရှိ အီဘိုလာရောဂါ ကူးစက်ခံရသူ တွေ့ရှိပါကလည်း သွေးနမူနာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဓာတ်ခွဲခန်းများသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်စစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတွင် အီဘိုလာစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း မရှိသေးပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ဇီဝလုံခြုံမှုအဆင့်(၄) ရှိသော ဓာတ်ခွဲခန်းများ၌သာ အီဘိုလာရောဂါကို စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

ဤသို့ အီဘိုလာစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းသည် ရောဂါပိုးထိန်းချုပ်မှုလုပ်ငန်းများ တင်းကျပ်စွာဆောင်ရွက်ရန် လိုအပ်ခြင်း၊ ငွေကြေးမြောက်မြားစွာ ကုန်ကျမှုရှိခြင်းတို့ကြောင့် တည်ဆောက်ထားရှိရန် အခက်အခဲများရှိပါသည်။ သို့သော်လည်း ဓာတ်ခွဲခန်းနှင့် ရောဂါ ထောက်လှမ်းရေး အရည်အသွေးမြှင့်တင်ရန် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနအား ဇီဝလုံခြုံမှုအဆင့် (၂+) မှ အဆင့်(၃) အထိရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောဓာတ်ခွဲခန်းပစ္စည်းများနှင့် နည်းပညာဖြည့်ဆည်းရေးဆိုင်ရာ ကိစ္စတို့အား အသေးစိတ်လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

သွေးနမူနာ ပေးပို့စစ်ဆေးခြင်းလုပ်ငန်းများအတွက် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံနှင့် ကျေးလက်ဒေသများမှ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ လမ်းညွှန်ချက်များဖြန့်ဝေခြင်း၊ ပြည်သူ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိပါသည်။ သို့ပါ၍ အီဘိုလာနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကာကွယ်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# ပြည်ထောင်စုဝန်ကြီး ရင်ချင်းဆက်အမြွှာ ကလေးများ၏ ကျန်းမာရေးအခြေအနေ ကြည့်ရှု

**နေပြည်တော် မတ် ၂**

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်စေရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဆေးကုသမှုလုပ်ငန်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ မြန်မာ့ဆေးပညာလောက၏ အောင်မြင်မှုတစ်ရပ်ဖြစ်သည့် ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်သည် အဆိုပါ ရင်ချင်းဆက်အမြွှာ ကလေးငယ်နှစ်ဦး၏ ကျန်းမာရေးကောင်းမွန်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်ကြည့်ရှုအားပေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သိန်းထွန်း၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာထူးဟန်နှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းလုပ်ငန်း များ၊ ခွဲစိတ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ကလေးငယ်နှစ်ဦး၏ ကျန်းမာရေးအခြေအနေများ ကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ခွဲစိတ်ကုသမှုတွင်ပါဝင်သည့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍသည် အဓိက အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ မိမိတို့အလုပ်သည် အများပြည်သူ၏ အသက်ကို ကယ်ဆယ် ကုသရသည့် အလုပ်ဖြစ်၍ မြတ်မြတ်နိုးနိုးတန်ဖိုးထားစေလိုကြောင်း၊ မိမိတို့တာဝန်ယူရသည့် လုပ်ငန်းများကို စိတ်ကောင်းစေတနာထား၍ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အောက်ခြေအထိ ကွင်းဆင်း၍ အမှန်တကယ် လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ အားနည်းချက်များ တွေ့ရှိပါကလည်း ပြင်ဆင်တည့်မတ်ပေးပြီး လိုအပ်သည်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကလေးဆေးရုံကြီး၏ စားဖိုဆောင်ပြုပြင်ပြီးစီးမှုအခြေအနေ၊ စကြံလမ်းပြုပြင်ပြီးစီးမှုအခြေအနေ၊ Oxygen Plant တပ်ဆင်အသုံးပြုမှု အခြေအနေ၊ စာသင်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ရမည်းသင်းမြို့နယ် ကျေးရွာ ၁၅၃ ရွာတွင် လျှပ်စစ်မီးများရရှိသုံးစွဲနေကြပြီ

**ရမည်းသင်း မတ် ၂**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်အဝန်းတွင် ရပ်ကွက်ကျေးရွာ ၆၈ အုပ်စုတွင် ရွာပေါင်း ၂၄၆ ရွာရှိသည့်အနက် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ခဲ့သည့် ကျေးရွာပေါင်းမှာ ၁၅၃ ရွာ ဖြစ်သည်။ အဆိုပါ ကျေးရွာများ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်နေဦးနှင့်အဖွဲ့၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၏ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် မီးလင်းခဲ့ခြင်းဖြစ်သည်။

မြို့နယ်အတွင်းရှိ ကျေးရွာ ၆၈ အုပ်စုရှိသည့်အနက် ကျေးရွာ ၆၃ အုပ်စု၊ ရွာပေါင်း ၁၅၃ ရွာမီးလင်းခဲ့ပြီဖြစ်သည်။ ရွာများမီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းမှ ၄၆ ရွာ၊ ရေအား လျှပ်စစ်တစ်ရွာ၊ နေရောင်ခြည်စွမ်းအင်သုံး ၆၈ ရွာနှင့် ဒီဇယ်အင်ဂျင်သုံး ၃၈ ရွာ စုစုပေါင်း ၁၅၃ ရွာဖြစ်သည်။

အဆိုပါ ကျေးရွာများအပြင် လယ်ပြင်သာရွာ၊ ဇီးတော်ပင်ရွာ၊ ချောင်းခွရွာ၊ ပေတောကုန်းရွာ၊ ကြံပင်ရွာ၊ ထန်းတောရွာ၊ ကန့်အောက်ရွာ စသည့်ကျေးရွာများတွင်လည်း ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးများ သုံးစွဲနိုင်ရန် မီးတိုင်များစိုက်ထူထားပြီဖြစ်သည်။ နှစ်ပေါင်းများစွာက ရေနံဆီမီးနှင့် ဖယောင်းတိုင်မီးများ သုံးစွဲခဲ့ရာမှ နိုင်ငံ့၏ စေတနာနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လျှပ်စစ်မီးများသုံးစွဲနိုင်ခြင်းဖြစ်၍ နိုင်ငံ့အကြီးအကဲများအား ဒေသခံပြည်သူများက ကျေးဇူးတင်လျက်ရှိကြောင်း ဒေသခံအချို့ထံက သိရှိရသည်။

**ညွန့်ရွှေ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၉-၁၀၄၁ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အကြံပြုချက်များပေးပို့

နေပြည်တော် မတ် ၂

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမျိုး၊ ဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)တို့က အကြံပြုချက်များ ပေးပို့ခဲ့ကြသကဲ့သို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ကလည်း ၂၇-၂-၂၀၁၅ ရက်တွင် အကြံပြုချက်များ ပေးပို့ခဲ့ကြောင်း သိရှိရသည်။**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ အကြံပြုစာတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကိုကျင်းပခဲ့ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး ၅၅ ပါးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး ၂၆၂ ပါး စုစုပေါင်း ၃၁၇ ပါး တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေး၌ အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ရာ အမျိုးသားပညာရေးဥပဒေသည် အနာဂတ်ပညာရေးအတွက် အကောင်းဆုံးစံပြဥပဒေဖြစ်ရန် လိုအပ်ကြောင်း၊ အဆိုပါ ဥပဒေမူကြမ်း၌ အချို့သော အကြောင်းအရာများသည် အနာဂတ်ပညာရေးအတွက် စိန်ခေါ်မှုများ၊ ဝိဝါဒကွဲစေသည့် ရှုပ်ထွေးမှုများ၊ အထွေထွေအားနည်းချက်များ ပါဝင်နေသဖြင့် မလိုလားအပ်သော ပြဿနာများဖြစ်ပွားလာနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ တိုင်းပြည်နှင့်လူမျိုးအတွက် အစကောင်းမှ အနှောင်းသေချာစေရန် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအခန်းကဏ္ဍတစ်ခုဖြစ်သည့် အမျိုးသားပညာရေးဥပဒေတွင် ဖြစ်သင့်ဖြစ်ထိုက်၊ ပါဝင်သင့် ပါဝင်ထိုက်သည့် အကြောင်းအရာများကို ဝေဖန်ဆွေးနွေးလေ့လာပြုစုပြီး အကြံပြုချက်များ ပေးပို့လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ အကြံပြုချက်များတွင် ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ(သ) ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဟု ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ဘာသာရေးသက်သက်ကို သင်ကြားနေသည့် တက္ကသိုလ်များ၊ ကျောင်းများအား ဘာသာရေးအသိမပြည့်စုံသူများ၊ သမဂ္ဂကိုယ်စားလှယ်များ၏ လက်အောက်တွင် ထားရှိရန် မသင့်သောကြောင့် မူလအမျိုးသားပညာရေးဥပဒေအတိုင်းသာ ထားရှိသင့်ကြောင်း၊ ဥပဒေကြမ်း အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(က)ပါ ပညာရေးလွတ်လပ်ခွင့်ကို အာမခံရေးဆိုသည်မှာ မည်ကဲ့သို့ လွတ်လပ်ခွင့်ပြုရမည်ကို တိကျစွာ ဖော်ပြခြင်းမရှိသည့်အပြင် ထိန်းကျောင်းရန် ခက်ခဲမည်ဖြစ်သောကြောင့် ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပြီး မူလဥပဒေအတိုင်းသာ ထားရှိသင့်ကြောင်း၊ ပုဒ်မခွဲ(ခ)တွင်လည်း လွတ်လပ်ခွင့်များကို ဖော်ပြထားပြီး လွတ်လပ်ခွင့်များ၏ နောက်ကွယ်တွင် စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ရည်မှန်းချက်များကို သွေဖည်ဆန့်ကျင်မည်ဖြစ်သောကြောင့် မူလအတိုင်းသာ ထားရှိသင့်ကြောင်းဖြင့် ဖော်ပြထားသည်။

ထို့ပြင်ဥပဒေကြမ်းပုဒ်မ ၄ ပုဒ်မခွဲ (ဥ) ဖြစ်သည့်ကျောင်းသားကိုယ်တိုင် သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို ဆုံးဖြတ်ရွေးချယ်ခြင်းမှာ နိုင်ငံ့တကာတက္ကသိုလ်များ၏ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသဖြင့်မူလအတိုင်းသာ ထားရှိသင့်ကြောင်း၊ ပုဒ်မ ၄ပုဒ်မခွဲ(ဍ)ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏လွှမ်းမိုးမှုမှကင်းလွတ်ရမည်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့်လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်ဟု ထည့်သွင်းထားရာ မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်လုံး၌ပေါ်ပေါက်လာခဲ့ပြီးဖြစ်သော ဘာသာရေးနှင့်ပညာရေးကို ပေါင်းစပ်သင်ကြားလေ့ကျင့်ပေးလျက်ရှိသော ကျောင်းများသည် ဘာသာရေးအဖွဲ့အစည်း၏ဆုံးမဩဝါဒကို ပစ်ပယ်၍မရသဖြင့် မူလအတိုင်းသာ ထားရှိသင့်ကြောင်း။

ဥပဒေကြမ်းပုဒ်မ ၅ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(ဂဂ)၌ အဆင့်မြင့်ပညာကဏ္ဍတွင် ဝင်ခွင့်စာမေးပွဲအောင်မြင်မှသာ ဘာသာရပ် ရွေးချယ်သင်ယူခွင့်ရှိမည် ဆိုသည့်စကားရပ်ဖြင့်အစားထိုးသင့်ကြောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (ငင)၌ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ ပါဝင်ခြင်းဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိခိုက်နိုင်သဖြင့် ၎င်းပုဒ်မခွဲငယ်အား ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (ဃဃ) တွင် ဆရာ/ဆရာမများသည် ဝန်ထမ်းဖြစ်သဖြင့် ပါတီ၊ နိုင်ငံရေးနှင့်ကင်းရှင်းရမည်ဖြစ်သောကြောင့် အဆိုပါ ပုဒ်မခွဲငယ်အား ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(ဇဇ)တွင် ဆရာ/ ဆရာမများသည် မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်ဟုပါရှိရာ ဝေးလံခေါင်းပါးသောဒေသများ၌ သင်ကြားမည့် ဆရာ/ ဆရာမများ ရှိမည်မဟုတ်သောကြောင့် ပယ်ဖျက်ရမည်ဖြစ်ကြောင်းဖြင့် အကြံပြုထားသည်။

အလားတူ ဥပဒေကြမ်းပုဒ်မ ၅ ပုဒ်မခွဲ(င)ပုဒ်မခွဲငယ် (ကက)(ခခ)တွင် ပါရှိသည့် မိခင်ဘာသာစကားဟူသော စကားရပ်မှာ ထိလွယ်ရှလွယ်ပြီး ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာစေနိုင်သဖြင့် အဆိုပါ စကားရပ်အစား တိုင်းရင်းသားဘာသာစကားဟူသော စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ အလွတ်ကျက်၊ အလွတ်ဖြေရသည့် မှတ်မိခြင်းကို စစ်ဆေးသည့် စာမေးပွဲစနစ်များကို လိုအပ်သည့်အချိန်တွင် ထည့်သွင်းအသုံးပြုရမည်ဖြစ်သောကြောင့် ထိုသို့ စာမေးပွဲစစ်ဆေးနည်း စာမေးပွဲစနစ်များကို ဖျက်သိမ်းမည်ဆိုသည့် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ) ကို ပယ်ဖျက်ရမည်ဖြစ်ကြောင်း။

ဥပဒေကြမ်း ပုဒ်မ ၃၄ တွင် အသစ်ဖြည့်စွက်ထားသည့် ပုဒ်မခွဲ(ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ကျောင်းများကို အထူးအခွင့်အရေးပေးရာရောက်သဖြင့် အဆိုပါ ပုဒ်မခွဲအား ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၄၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(ကက)(ခခ)(ဂဂ)တို့ပါ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီဖွဲ့စည်းမှုမှာ တစ်ဖက်စောင်းနင်းဖြစ်နေသဖြင့် အဆိုပါပုဒ်မခွဲငယ်များပါ ဖွဲ့စည်းမှုအား ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ (က) (ခ)တို့တွင်ပါရှိသည့် သင်ကြားရေးတွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားကို တွဲဖက်အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းတို့အား ပယ်ဖျက်ခြင်းသည် ပြည့်စုံမှုမရှိဘဲ လိုအပ်ချက်များဖြစ်ပေါ်လာနိုင်သဖြင့် မူလအတိုင်းထားရှိသင့်ကြောင်း၊ ဥပဒေကြမ်း ပုဒ်မ ၄၆ ပါ မိဘသို့မဟုတ် အုပ်ထိန်းသူသည် မိမိကလေးကို မည်သည့်ကျောင်းတွင်မဆို အပ်ပိုင်ခွင့်ရှိသည် ဟူသည့်အပိုဒ်မှာ ဥပဒေ၏ သတ်မှတ်ချက်ကို ကျော်လွန်သဖြင့် မူလအတိုင်း ဆက်လက်ထားရှိသင့်ကြောင်း၊ ဥပဒေကြမ်းပုဒ်မ ၄၉ ပုဒ်မခွဲ (ဂ) တွင် ထူးချွန်သူများကို ချီးမြှင့်သည့်အစီအမံမှာ လိုအပ်သဖြင့် ပြင်ဆင်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ကြောင်း၊ ဥပဒေကြမ်းပုဒ်မ ၅၆ ပုဒ်မခွဲ (က) ပါတက္ကသိုလ် အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်ဟု အဆိုပြုထားခြင်းနှင့် ပုဒ်မခွဲ (ခ)ပါ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများအဆင်ပြေ ချောမွေ့စေရန် ကူညီပံ့ပိုးရမည်ဟု အဆိုပြုထားခြင်းတို့မှာ ပြည့်စုံမှုမရှိသဖြင့် မူလဥပဒေအတိုင်း ဆက်လက်ထားရှိသင့်ကြောင်း စသည်ဖြင့် အကြံပြုထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

> **တိုင်းပြည်နှင့်လူမျိုးအတွက် အစကောင်းမှ အနှောင်းသေချာစေရန် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး အခန်းကဏ္ဍတစ်ခုဖြစ်သည့် အမျိုးသားပညာရေးဥပဒေတွင် ဖြစ်သင့်ဖြစ်ထိုက်၊ ပါဝင်သင့်ပါဝင်ထိုက်သည့် အကြောင်းအရာများကို ဝေဖန်ဆွေးနွေး လေ့လာပြုစုပြီး အကြံပြုချက်များ ပေးပို့လိုက်ခြင်းဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီသည် ယနေ့ ညနေ ၃ နာရီတွင် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊ တက္ကသိုလ်များ စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ လာမည့် စာသင်နှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက ဆောင်ရွက်လျက်ရှိသော ပညာရေးလုပ်ငန်းများ၊ ပညာရေးနှင့် ဆက်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းဖောင်း-ရေပူစမ်း-လွယ်လုံကတ္တရာလမ်းသစ်ဖွင့်

**ကျိုင်းတုံ မတ် ၂**

မတ်လ ၂ ရက်တွင် ကျရောက်သည့်တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်သည့် ကျိုင်းဖောင်း-ရေပူစမ်း-လွယ်လုံကတ္တရာလမ်းသစ်ကို ယနေ့နံနက် ၈ နာရီက ရေပူစမ်းလမ်းခွဲ၌ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ၊ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့မိမြို့ဖ ဦးစိုင်းဟောင်ခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"အရင်က ရေပူစမ်းကိုမိုးရာသီမှာ ခက်ခဲစွာသွားရတယ်။ ဆောင်းရောက်လို့ ရေပူချိုးပြီးပြန်ရင်လည်း ဖုန်တလုံးလုံးနဲ့ အဆင်မပြေဘူး၊ အခုလမ်းကောင်းသွားတော့ ကျေးဇူးတင်ပါတယ်။ ဒေသခံ တောင်သူလယ်သမားတွေအတွက်လည်း ကုန်ထုတ်လမ်းချောမွေ့သွားတာပေါ့"ဟု ကျိုင်းတုံဒေသခံတစ်ဦးက ပြောသည်။ အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁၈၅ ဒသမ ၂၇ သန်းဖြင့် ဆောင်ရွက်၍ လမ်းအရှည် နှစ်မိုင်ရှိကြောင်း သိရသည်။ **မောင်မောင်နိုင် (iprd)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

# အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**ရန်ကုန် မတ် ၂**

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို မတ် ၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မီမီသက်သွင်က သင်ရိုးညွှန်းတမ်းရေးဆွဲရေးကိစ္စ၊ ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်ကိစ္စ၊ ဆရာ၊ ဆရာမများ၏ စီမံခန့်ခွဲမှုကိစ္စများနှင့်ပတ်သက်သော ဥပဒေများကို ဆွေးနွေးခဲ့သည်။ ထို့နောက် ကထိကဌာနမှူး ဒေါက်တာအောင်ထိန်မော်က နိုင်ငံတကာအဆင့်မီစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်နိုင်ရေးကို ပြောကြားခဲ့ပြီး သုတသိပ္ပံဌာန ကထိက ဒေါက်တာဇော်ထွန်းက ပညာရေးဥပဒေ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်လိုသည့် ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ဆွေးနွေးခဲ့သည်။

ထို့နောက် တတိယနှစ်ကွန်ပျူတာသိပ္ပံကျောင်းသား မောင်ချစ်ဦးဇော်က စနစ်ကျပြီး ကျောင်းသားထုအား အမှန်တကယ် ကိုယ်စားပြုသော ကျောင်းသားသမဂ္ဂများ ပေါ်ပေါက်လာစေရန်နှင့် ကျောင်းသားသမဂ္ဂ၏ သမိုင်းကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံကျောင်းသား မောင်ရန်နောင်ထွဋ်က ကျောင်းသားများ ဘာသာရပ်ရွေးချယ်ရာတွင် လွတ်လပ်ခွင့်ရှိရေး၊ ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် ပါမောက္ခချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# ဘာရိန်းအစိုးရက ဗုံးဖောက်ခွဲသူ ၁၇ ဦးကို တရားစွဲ

**ပနားမား မတ် ၂**

ဘာရိန်းအစိုးရရှေ့နေက လူ ၁၇ ဦးကို အကြမ်းဖက်အုပ်စုဖွဲ့ကာ ဗုံးဖောက်ခွဲမှုများ ပြုလုပ်သည့်အတွက် တရားစွဲဆိုခဲ့သည်။

အဆိုပါ အဖွဲ့ဝင်များသည် မက်ကာဘာ၊ အယ်လ် ဂျာနာဘီယာ၊ ဘူဒိုင်းယားနှင့် ကာယာကျေးရွာတို့တွင် ဗုံးဖောက်ခွဲမှုများပြုလုပ်ခဲ့ရာ လုံခြုံရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု အစိုးရရှေ့နေ အာမက် အယ်ဟာမာဒီက ပြောသည်။

၎င်းတို့သည် ဖောက်ခွဲရေး ပစ္စည်းများနှင့် လက်နက်များ ပြုလုပ်ကာ လုံခြုံရေးဝန်ထမ်းများအား ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြည်သူများအကြား ကြောက်စိတ်များဖြစ်ပေါ်စေရန်အတွက် လုပ်ဆောင်နေသည်ဟု သိရသည်။

ဆွန်နီများအုပ်ချုပ်သော ဘာရိန်းနိုင်ငံတွင် ၂၀၁၁ ခုနှစ်က ရှီးယိုက်လူမျိုးများ ခေါင်းဆောင်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တောင်းဆိုမှုများကြောင့် မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်။

**(ရိုက်တာ)**



# အမေရိကန်နှင့်တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်နေစဉ် မြောက်ကိုရီးယားက ပင်လယ်အတွင်း ဒုံးကျည်နှစ်စင်းပစ်ခတ်

**ပြုံယမ်း မတ် ၂**

အမေရိကန်-တောင်ကိုရီးယား နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်နေချိန် မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည်နှစ်စင်း ပင်လယ်ထဲသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားအာဏာပိုင်များက ပြောသည်။

အကွာအဝေး ၃၀၅ မိုင်အထိ ပစ်ခတ်နိုင်သော အဆိုပါဒုံးကျည်နှစ်စင်းကို နမ်ပိုမြို့အနောက်ပိုင်းမှ ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်း ပင်လယ်ထဲသို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောသည်။

ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်နေခြင်းက မြောက်ကိုရီးယားကို ဒေါသထွက်စေကြောင်း ဆိုသည်။ တောင်ကိုရီးယားနှင့်အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ကာကွယ်ရေးအတွက် အဓိကဖြစ်သည်ဟုဆိုသော်လည်း မြောက်ကိုရီးယားက ကျူးကျော်ရန် အစမ်းပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

Key Resolve ဟု အမည်ပေးထားသော ကွန်ပျူတာအသုံးချစစ်ရေးလေ့ကျင့်မှုကို ၁၂ ရက်ကြာပြုလုပ်ပြီး ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များပါဝင်သည့် Foal Eagle စစ်ရေးလေ့ကျင့်မှုကို ရှစ်ပတ်ကြာပြုလုပ်သွားမည်ဟု ဆိုသည်။

မြောက်ကိုရီးယား ဒုံးကျည်များကို တနင်္လာနေ့ အစောပိုင်းက ပစ်ခတ်ခဲ့သည်ဟု တောင်ကိုရီးယားစစ်ဘက်မှ ပြောကြားသည်။

မြောက်ကိုရီးယားမှ ရန်စပစ်ခတ်လျှင် လက်တုံ့ပြန်ရန် အသင့်ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မင်ဆောက်က ပြောသည်။ **(ဘီဘီစီ)**

# အစ္စရေးတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလအတွင်း ပါလက်စတိုင်းလူမျိုး ၂၈၅ ဦးကိုဖမ်းဆီး

**ဂျေရုဆလင် မတ် ၂**

ဖေဖော်ဝါရီလအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလက ပါလက်စတိုင်းလူမျိုး ၂၈၅ ဦး ထိန်းသိမ်းထားကြောင်း ဂါဇာအခြေစိုက်အဖွဲ့ အစည်းတစ်ခု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လွန်ခဲ့သောလတွင် အသက် ၁၈ နှစ်အောက် ကလေး ၃၀ အပါအဝင် စုစုပေါင်း ၂၈၅ ဦး ဖမ်းဆီးခံထားရကြောင်း ပါလက်စတိုင်းအကျဉ်းသားဟောင်းများနှင့် အကျဉ်းသားများအဖွဲ့အစည်းက ထုတ်ပြန်ကြေညာထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းတို့ကို ပြန်လွှတ်မပေးခင် နာရီပေါင်းများစွာ၊ နေ့ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းထားကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ သိမ်းပိုက်ခံထားရသော အနောက်ဘက်ကမ်းဒေသရှိ အယ်ခါလီလ် တောင်ပိုင်းမြို့တွင် လူငယ် ၇၂ ဦး ဖမ်းဆီးထိန်းသိမ်းခံထားရသည်။ ဖမ်းဆီးထိန်းသိမ်းမှုများတွင် အမြင့်ဆုံးဖြစ်သည်။ ဂျေရုဆလင်မြို့တွင် ၅၆ ဦးနှင့် ရာမာလာမြို့တွင် ၃၂ ဦး ဖမ်းဆီးထိန်းသိမ်းထားသည်။

တရားရုံးတွင် စစ်ဆေးခြင်းမပြုဘဲ ပါလက်စတိုင်း အကျဉ်းသားရာပေါင်းများစွာကို အစ္စရေးအကျဉ်းထောင်၌ အချိန်ပေါင်းများစွာ ဖမ်းဆီးထားသည်။ ဖမ်းဆီးခံထားရစဉ်အတွင်း ၎င်းတို့၏အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်းမရှိသကဲ့သို့ မိသားစုများနှင့် တွေ့ဆုံခွင့်လည်းမပြုကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစ္စရေးအုပ်ချုပ်ရေးပိုင်းမှ ထိန်းသိမ်းထားသော ပါလက်စတိုင်းလူမျိုးအရေအတွက်မှာ ၂၀၀၈ ခုနှစ်မှစ၍ အမြင့်ဆုံးသို့ရောက်ရှိလျက်ရှိကြောင်း ပါလက်စတိုင်းလူ့အခွင့်အရေးအုပ်စုများက ပြောသည်။

အုပ်ချုပ်ရေးပိုင်းမှ ဖမ်းဆီးထိန်းသိမ်းမှုသည် တရားစွဲဆိုခြင်းမပြုဘဲ ထောင်ချခြင်းတစ်မျိုးဖြစ်ပြီး ပါလက်စတိုင်းလူမျိုးများကို ခြောက်လထိ ထောင်ချနိုင်သည်။ **(ပရက်စ်တီဗွီ)**

# ဆက်ဒမ်ဟူစိန်၏ဇာတိမြို့တီကရစ်မှ အိုင်အက်စ်စစ်သွေးကြွများကို အီရတ်တပ်ဖွဲ့ဝင်များက စတင်တိုက်ခိုက်ချေမှုန်း

**တီကရစ် မတ် ၂**

ဆက်ဒမ်ဟူစိန်၏ ဇာတိချက်မြှုပ်မြို့ဖြစ်သော တီကရစ်မြို့ရှိ အိုင်အက်စ်စစ်သွေးကြွများကို အီရတ်တပ်မတော်က စတင်တိုက်ခိုက်ချေမှုန်းပြီဖြစ်ကြောင်း အီရတ်ရုပ်မြင်သံကြားက ကြေညာသည်။

အီရတ်မှ ဂျက်တိုက်လေယာဉ်များက လေကြောင်းမှ ပစ်ကူတိုက်ခိုက်မှုနှင့်အတူ အီရတ်တပ်ဖွဲ့ဝင်များက တီကရစ်မြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ဒေသမီဒီယာက ပြောသည်။

တီကရစ်မြို့သည် မြို့တော်ဘဂ္ဂဒက် မြောက်ဘက် ၉၅ မိုင်အကွာ၌တည်ရှိပြီး ၂၀၁၄ ဇွန်လက အိုင်အက်စ်စစ်သွေးကြွများက သိမ်းပိုက်ခဲ့သည့်မြို့ဖြစ်သည်။ အီရတ်ဝန်ကြီးချုပ် ဟိုက်ဒါအယ်အဘာဒီသည် ယင်းတိုက်ပွဲမစတင်မီ ဆာလာဟူဒင်ပြည်နယ်၌ စစ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းတိုက်ခိုက်ချေမှုန်းမှုအပေါ် ဆွန်နီဘာသာဝင်လူမျိုးစု တိုက်ခိုက်ရေးသမားများအားလုံးက အီရတ်တပ်ဖွဲ့ဝင်များအား နားလည်မှုပေးပါရန် ၎င်းကတိုက်တွန်းပြောကြားခဲ့သည်။ အီရတ် တပ်ဖွဲ့ဝင်များ၏ စတင်တိုက်ခိုက်ချိန်တွင် အိုင်အက်စ် စစ်သွေးကြွအချို့သည် တီကရစ်မြို့ပြင်၌ ရောက်ရှိနေ သည်ဟု ဆိုသည်။

**(ဘီဘီစီ)**



# ပီရူးဝန်ကြီးဟောင်း သတင်းထောက်သတ်မှုဖြင့် စွဲချက်တင်ခံရ

**လိုင်မား မတ် ၂**

ပီရူး အစိုးရရှေ့နေတစ်ဦးက ယခင်ဝန်ကြီးဟောင်းကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလက သတင်းထောက်တစ်ဦးကိုသတ်ရန် အမိန့်ပေးခဲ့သည့် စွပ်စွဲချက်ဖြင့် ထောင်ဒဏ် ၂၅ နှစ်ချရန်တောင်းဆိုနေသည်။

ယခင်ဗိုလ်ချုပ် ဒန်နီရယ် ယူရက်စ်စတီက ၎င်းသည် အပြစ်မရှိပါကြောင်း၊ ယင်းလုပ်ကြံစွပ်စွဲမှုသည် နိုင်ငံရေးလှုပ်ရှားမှုဖြစ်ကြောင်း ပြောခဲ့သည်။

သတင်းထောက် ဟူဂိုဘူစတီယိုသည် ပီရူးကုန်းမြင့်ဒေသ၌ လူ့အခွင့်အရေး အလွဲသုံးမှုနှင့်ပတ်သက်ပြီး စုံစမ်းနေစဉ် အသတ်ခံရခြင်းဖြစ်သည်။




၎င်းသေဆုံးမှုအတွက် စစ်သားဟောင်းနှစ်ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့အနက်မှ တစ်ဦးကို မစ္စတာ ယူရက်စ်တီ၏အမှုတွင် ပါဝင်မှုဖြင့် စွဲချက်တင်ထားသည်။ မစ္စတာဘူစတီနိုသည် ပီရူးကုန်းမြင့်ဒေသ ဟွန်တာမြို့ရှိ ကာရက်တီအမျိုးသားမဂ္ဂဇင်း၏ သတင်းထောက်တစ်ဦးဖြစ်သည်။ ပီရူးကုန်းမြင့်ဒေသ ဟွန်တာသည် အစိုးရတပ်ဖွဲ့များနှင့် Shinning Path သူပုန်များကြား ပြောက်ကျားစစ်များ ဖြစ်ပွားရာ အလယ်ဗဟိုဖြစ်သည်။

မစ္စတာဘူစတီယိုသည် နှစ်ဖက်စလုံးက ကျူးလွန်ထားသော လူ့အခွင့်အရေးအလွဲသုံးစားမှုကို စုံစမ်းနေစဉ် ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် ပစ်သတ်ခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

# ဗြိတိန်တော်ဝင်မင်းသား တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ

**ပေကျင်း မတ် ၂**

နှစ် ၃၀ နီးပါးအတွင်း တရုတ်နိုင်ငံသို့ ဗြိတိန်တော်ဝင်အလည်အပတ်ခရီးစဉ်အနေဖြင့် ကိန်းဘရစ်ချ်မြို့စား မင်းသားဝီလျံရောက်ရှိလာခဲ့သည်ဟု သိရသည်။

၎င်း၏ခရီးစဉ်အတွင်း တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုကို သိရှိခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံ၏အထင်ကရနေရာများသို့ သွားရောက်ကာ ကယ်ဆယ်ထားသည့်ဆင်များကို ကြည့်ရှုလေ့လာမည်ဖြစ်သည်။

ယခုခရီးစဉ်သည် ၁၉၈၆ ခုနှစ်ကတည်းက ဘုရင်မနှင့်မင်းသားဖိလစ်တို့ မိသားစု စုံညီစွာ လည်ပတ်လာသည့် တော်ဝင်ခရီးစဉ်များအနက် ကြီးကျယ်အခမ်းနားဆုံးဖြစ်သည်။

ယခုလာရောက်လည်ပတ်မှုသည် ဗြိတိန်၊ တရုတ်နှင့် အခြားနိုင်ငံများမှ စီးပွားရေးစောင့်ကြည့်သူတစ်စုအနေဖြင့် ဈေးကွက်ချဲ့ထွင်လိုသော ဗြိတိန်ကုမ္ပဏီများအတွက် အခွင့်အလမ်းများ ဖန်တီးမှုနှင့် ဈေးကွက်စီးပွားရေးဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ကြသည်။

**(ဘီဘီစီ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၃**

၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့၌ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဇန်၊ ပလိနီလိဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့၌ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် ဘွိုင်ကိုဘော်ရီဆော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကျင်းပပြီးစီး

**ရန်ကုန် မတ် ၂**

ဒုတိယအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံကို ယနေ့နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ညီလာခံသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးသန်းအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင်က ယနေ့ဖတ်ကြားမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အထွေထွေ အတွင်းရေးမှူး(၁) ဒေါ်မြတ်စန်းငြိမ်းက "၂၁ ရာစုတွင် အရေးပါလာသော စာကြည့်တိုက်မှူး၏အခန်းကဏ္ဍ" စာတမ်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အဝင်းက "စာကြည့်တိုက်များ စဉ်ဆက်မပြတ် တိုးတက်ရှင်သန်မှု" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန် ဆွေးနွေးမေးမြန်းဖြေကြားကြသည်။

ထို့နောက် စာကြည့်တိုက်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာကြည့်တိုက်မှူးများက အဖွဲ့လေးဖွဲ့ခွဲကာ စာကြည့်တိုက်များ၌ လက်တွေ့ဆောင်ရွက်ရသည့် လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက ဖောင်ဒေးရှင်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ညီလာခံကျင်းပရခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးချင်းစီက မိမိတို့အဖွဲ့၏ထင်မြင်ယူဆချက်၊ လိုအပ်ချက်များ၊ အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ စာကြည့်တိုက်ပညာရှင် ဦးတင်မောင်လွင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အဝင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အထွေထွေအတွင်းရေးမှူး (၁) ဒေါ်မြတ်စန်းငြိမ်းနှင့် စာကြည့်တိုက်ပညာရှင် ဒေါ်မိုးမိုးစိုးတို့က အဖွဲ့လေးဖွဲ့၏ဆွေးနွေးတင်ပြအကြံပြုချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဒုတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကျင်းပပြီးစီးသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၃**

၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့၌ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီမီတိုဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြိုင်၌ ပျံကျဈေးသည်များအား ချေးငွေပေးအပ်

**မြိုင် မတ် ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် စည်ပင်သာယာရေးရုံးခန်းမတွင် မြို့မဈေးအတွင်း ပျံကျဈေးသည်များအား စတုတ္ထအကြိမ် ချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က ကျင်းပသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစောဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဟန်မြင့်က ချေးငွေနှင့်ပတ်သက်၍ စည်းကမ်းချက်များ ရှင်းလင်းသည်။

ထို့နောက် ချေးငွေပေးအပ်ပွဲသို့ တက်ရောက်လာကြသော ဈေးသူဈေးသား ၁၅၅ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၅၅ သိန်းကို ဈေးသူဈေးသား တစ်ဦးချင်းစီသို့ ပေးအပ်ကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ပုသိမ်စက်မှုဇုန်ရှိ အလုပ်သမားများနှင့် ပုသိမ်မြို့မှ ဝန်ထမ်းများအားတွေ့ဆုံ

**ပုသိမ် မတ် ၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၂၇ ရက်က ပုသိမ်မြို့ ပုသိမ်စက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံ၌ အလုပ်ရှင်နှင့် အလုပ်သမားများအား သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံမှာကြားရာတွင် လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာစွာ ချုပ်ဆိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများ၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိစက်ရုံ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု၊ ကုန်ထုတ်စွမ်းအားတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံတွင်ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ မိမိတို့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဖြေရှင်းပေးလျက်ရှိကြောင်း၊ အလုပ်သမားများဘက်မှ မိမိအလုပ်ရှင်အပေါ် သစ္စာစောင့်သိသည့် ကျေးဇူးသိတတ်သော အလုပ်သမားကောင်းများဖြစ်ရန်လိုသကဲ့သို့ အလုပ်ရှင်များဘက်ကလည်း ကိုယ်ချင်းစာနာပြီး လူမှုရေးစိတ်ဓာတ်ဖြင့် မိမိအလုပ်သမားများအပေါ် စေတနာထားသည့် အလုပ်ရှင်များ ဖြစ်ရန်လိုကြောင်း ပြောကြားပြီး အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားခေါင်းဆောင်များ၏ တင်ပြချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ပုသိမ်မြို့ စက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံတွင် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။** (မြန်မာ့အလင်း)



ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဖူလုံရေး တိုင်းဒေသကြီးရုံး၌ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအားလုံးသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် တစိုက်မတ်မတ် တက်တက်ကြွကြွ ပါဝင်ပြီး တာဝန်သိ နိုင်ငံ့ဝန်ထမ်းများ ပီပီ မိမိတို့တာဝန်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာသွားကြရန်နှင့် ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ခိုင်မာစွာထားရှိပြီး စံနမူနာပြဖြစ်ရန် ကြိုးစားအားထုတ်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးကို ထိထိရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန် ကြိုးပမ်းအားထုတ်သွားကြရန် လိုကြောင်း ပြောကြားသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်လုံခြုံအေးချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့်ကိုယ်လက်အင်္ဂါများစွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့်ရဲမေများအား ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေပဒေသာကပွဲများသို့ ကြည့်ရှုအားပေးချီးမြှင့်နိုင်ကြောင်း အသိပေးဖိတ်ကြား

**ရန်ကုန် မတ် ၂**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့နယ်မြေများ၌ နိုင်ငံတော်လုံခြုံအေးချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့်ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့်ရဲမေများကို ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ကြီးကြပ်မှုဖြင့် မတ် ၆ ရက်နေ့တွင် အနုပညာဦးစီးဌာနက အငြိမ့်၊ နန်းဝင်းဇာတ်အဖွဲ့က ပြဇာတ်နှင့် စွမ်းဇာနည်ဇာတ်အဖွဲ့က နှစ်ပါးသွားတို့ဖြင့်လည်းကောင်း၊ မတ် ၇ ရက်တွင် အလင်္ကာဝတ်ရည်အနုပညာအဖွဲ့က အဆို၊ အက၊ အတီးများဖြင့်လည်းကောင်း နေ့စဉ် ညနေ ၆နာရီခွဲတွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ တင်ဆက်ကပြဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါပဒေသာကပွဲ လက်မှတ်များကို ရန်ကုန်မြို့ ပဒုံမာကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ ကမ္ဘာအေးစေတီဘုရားလမ်းရှိ ချင်းချောင်းရိပ်သာနှင့် ဗဟန်းမြို့နယ် ရေခဲဆိုင်မှတ်တိုင်အနီးရှိ ပန်းချီ၊ ပန်းပုပြခန်းများ၌ မတ် ၁ ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး နှုန်းထားများမှာ ၁၅၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်၊ ၅၀၀၀ ကျပ်တို့ဖြစ်သည်။

အများပြည်သူတို့အနေဖြင့် တက်ရောက်အားပေးချီးမြှင့်နိုင်ပါကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

ဥပဒေရေးရာ

***National Network for Education Reform (NNER)*** *နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ပညာအခြေပြု လူ့အဖွဲ့အစည်းမှသည် အမျိုးသားပညာရည်မြင့်မားရေးပန်းတိုင်ဆီသို့

## ဆရာလေး မောင်ကြည်နိုင်(မန္တလေး)

> **မူလအမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၄၉။(ဂ)ကို ပြင်ဆင်သည့်ဥပဒေကြမ်းက ပယ်ဖျက်သည်နှင့်စပ်လျဉ်း၍ ယခုအခါ ဘက်စုံထူးချွန်လူငယ်များရွေးချယ်၍ လေ့လာရေးခရီးပို့ဆောင်ခြင်း၊ ပညာသင်ဆုများ ပေးအပ်ခြင်းတို့ ဆောင်ရွက်နေပြီဖြစ်ရာ ပယ်ဖျက်ခြင်းမပြုသင့်ဘဲ ယခင်မူလအမျိုးသားပညာရေးဥပဒေပါအတိုင်း ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များသည် ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့်အစီအမံများ ထားရှိရမည်ဟူသော စကားရပ်ကို ဆက်လက်ပြဋ္ဌာန်းသင့်**

**“ပညာ၊ သမာ၊ အာဘာ နတ္ထိ”** ပညာနှင့်တူသော အလင်းရောင်မရှိ၊ ပညာသည်သာရတနာ၊ ဆရာသည်သာ အခရာ ဆိုသကဲ့သို့ပင် တန်ဖိုးကြီးမားလှသောပညာကို မြှင့်တင်ပေးရမည်မှာ အားလုံး၏တာဝန်သာ ဖြစ်နေပေသည်။

စာရေးသူမှာ အမျိုးသားပညာရေးဥပဒေဆိုင်ရာ ဆက်စပ်ဥပဒေ(မူကြမ်း) တစ်ရပ်ရေးဆွဲခဲ့စဉ်က ရရှိသောအတွေ့အကြုံ၊ အတွေးအမြင်များဖြင့်လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေကြမ်းများ ရှင်းလင်းခြင်းနှင့် အမျိုးသားပညာရေးစီမံကိန်း ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ မိမိနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ပြည်တွင်းပြည်ပ ပညာရှင်များ၏ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲများမှရရှိသည့် အတွေ့အကြုံများမှ ဉာဏ်မီသလောက် သုံးသပ်အကြံပြုလိုခြင်းသာ ဖြစ်ပါသည်။

ယခု ပြင်ဆင်လိုက်သည့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်တို့သည်လည်း အမှန်စင်စစ် တစ်ဦးတစ်ယောက်၊ လူတစ်စုကရေးဆွဲသည့် ဥပဒေကြမ်းဟု မမြင်ဘဲ ပညာရေးဆိုင်ရာညီလာခံ၊ ဆွေးနွေးပွဲများတွင် ဝိုင်းဝန်းဆွေးနွေးခြင်းတို့မှ ရရှိလာသည့် ပြဋ္ဌာန်းချက်များ၊ တင်ပြလာသည့် အကြံပြုချက်များဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း ဦးစွာတင်ပြလိုပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး စိတ်ဝင်စားသူများအနေနှင့် ရှုထောင့်အမျိုးမျိုးတို့မှ သုံးသပ်ရေးသားနိုင်ကြောင်းသိရှိရ၍ မိမိလေ့လာရရှိသမျှ အကြံပြုတင်ပြမည်သာ ဖြစ်ပါသည်။

ပညာရေးဆိုင်ရာဥပဒေများသည် ခေတ်တစ်ခေတ်၊ အချိန်ကာလ၊ တိုးတက်လာသော နိုင်ငံအခြေအနေအရ ပြဋ္ဌာန်းချက်၊ စကားရပ်များ ပြုပြင်ပြောင်းလဲလာသည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

ဥပမာအားဖြင့် အခြေခံပညာရေး၏ အဓိပ္ပာယ်ကို ၁၉၆၆ ခုနှစ် **အခြေခံပညာရေးဥပဒေ** တွင် ဖော်ပြထားသည်မှာ-

“အခြေခံပညာ”ဆိုသည်မှာ “အ” သုံးလုံးပညာမှစ၍ သီးခြားအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာတစ်ခုသင်ကြားရန်အတွက်သော်လည်းကောင်း၊ တက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးရန်အတွက်သော်လည်းကောင်း၊ အခြေခံပညာအဖြစ် အစိုးရက အခါအားလျော်စွာ သတ်မှတ်သော သာမန်ပညာကိုဆိုလိုသည်” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

တစ်ဖန် **၁၉၇၃ ခုနှစ်၊ အခြေခံပညာရေးဥပဒေ** တွင် အခြေခံပညာရေး၏ အဓိပ္ပာယ်ကို ဖော်ပြထားသည်မှာ-

“အခြေခံပညာ”ဆိုသည်မှာ “အ” သုံးလုံးပညာမှစ၍ သီးခြားအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွင် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုကို သင်ကြားရန်အတွက်သော်လည်းကောင်း၊ တက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးရန်အတွက်သော်လည်းကောင်း နိုင်ငံသူ နိုင်ငံသားတိုင်း တတ်အပ်သော အခြေခံပညာအဖြစ် အစိုးရက အခါအားလျော်စွာ သတ်မှတ်သောပညာရေးကိုဆိုသည်”ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

ထို့အပြင် **၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မူလအမျိုးသားပညာရေးဥပဒေ** တွင်

“အခြေခံပညာရေးဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့်သက်မွေးပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်” ဟု ဖွင့်ဆိုထားပါသည်။

ထိုနည်းတူ အမျိုးသားပညာရေး ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို လေ့လာကြည့်ပြန်သောအခါ ကိုလိုနီခေတ်ကထားရှိသော အမျိုးသားပညာရေး ရည်ရွယ်ချက်များနှင့် ယခုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ထားရှိသော အမျိုးသားပညာရေးရည်မှန်းချက်များ မတူကွဲပြားတော့သည်ကို နှိုင်းယှဉ်ကြည့်ပါက ခေတ်ကာလတိုးတက်လာသော နိုင်ငံအခြေအနေ၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်မှု၊ အသိပညာများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာတိုးတက်လာမှုစသည့် အရပ်ရပ်သော အကြောင်းအရာများ ပြောင်းလဲတိုးတက်မှုအပေါ် မူတည်ကာ ပြောင်းလဲထားရှိရသည်မှာ အထင်အရှားပင်ဖြစ်ပေသည်။

ပညာရေးလောကတိုးတက်ဖွံ့ဖြိုးရန်အတွက် သူ့အမြင်၊ ကိုယ့်အမြင်ဖြင့် တူတာတွေကိုပေါင်းစုပြီး မတူသည့်အချက်များကို နားလည်ပေးကာ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို အောင်မြင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်သာ ဖြစ်ပေသည်။

ဥပဒေကြမ်းတစ်ခုကို ရေးဆွဲကြရာတွင် တည်ဆဲဥပဒေများနှင့် သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သော်လည်းကောင်း၊ ပြဋ္ဌာန်းသည့် ဥပဒေသည် နိုင်ငံတော်၏အကျိုးစီးပွားကို ရေရှည်အကျိုးပြုနိုင်ရေးကို ဦးတည်ကာရေးဆွဲပြဋ္ဌာန်းကြရေးကို အကြံပြုလိုပါသည်။

ကျွန်တော့်အမြင်များဖြင့်ဆိုရလျှင် လွှတ်တော်နှစ်ရပ်ရှိရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ဥပဒေကြမ်းတစ်ခုအပေါ် သုံးသပ်ကြရာတွင် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ရေးသားသင့်သော ပြဋ္ဌာန်းချက်များဖြင့် အကြံပြုသကဲ့သို့ ယခုအမျိုးသားပညာရေးဥပဒေတွင်လည်း သဘောထားအမြင်များ၊ တူညီသည်များရှိသလို မတူညီသည့်အမြင်များလည်း ရှိကြမည်ကို သဘောထားကြီးစွာ နားလည်ပေးကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

ယခုအခါ ယခင်အတည်ပြုပြဋ္ဌာန်းခဲ့သော မူလဥပဒေနှင့် လွှတ်တော်သို့ တင်ပြရန်ရှိနေသော ပြင်ဆင်သည့်ဥပဒေကြမ်းတို့အပေါ် လေ့လာသုံးသပ်ကာ မိမိဉာဏ်မီသလောက် အကြံပြုတင်ပြလိုပါသည်။

အခန်း(၁)ရှိ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်သည် ဥပဒေတွင်ပါရှိသည့် စကားရပ်များ၊ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုရန် လွယ်ကူရှင်းလင်းစေမည့် အကြောင်းအရာတို့ကို နားလည်သဘောပေါက်နိုင်စေရန် ဖွင့်ဆိုရှင်းပြခြင်းများသာ ဖြစ်ပါသည်။

ပုဒ်မ ၂။(ပ )တွင် မူလဥပဒေရှိ **မိဘဆရာအသင်း** အစား ပြင်ဆင်သည့် ဥပဒေကြမ်းတွင် **ကျောင်းအုပ်ချုပ်ရေးအဖွဲ့** ဟု အစားထိုးပြင်ဆင်ထားပြီး

ပုဒ်မ ၂။(ဟ)တွင် မူလဥပဒေရှိ **ကျောင်းအကျိုးဆောင်အဖွဲ့** နေရာတွင် **တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ** ဟု ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြဋ္ဌာန်းပါရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါအဖွဲ့များ၌ ပါဝင်သည့်အဖွဲ့ဝင်များတွင် ကျောင်းအုပ်ကြီး၊ ကျောင်းသားမိဘများ၊ ဆရာများ ပါဝင်နေသောကြောင့် ပါဝင်သည့် လူပုဂ္ဂိုလ်များအနေဖြင့် သင့်တော်ပါသည်။ သို့သော် ကျောင်းအကျိုးဆောင်နေရာတွင် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဟု ပြင်ဆင်ရာတွင် အခြေခံပညာကျောင်းများထဲမှ ဝေးလံခေါင်းပါးသောကျေးလက်များရှိ လူပုဂ္ဂိုလ်များတွင် ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ နိုင်ငံဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များသည် ကျေးလက်တောရွာများတွင် ပြည့်စုံနိုင်မှု မရှိနိုင်ဘဲတက္ကသိုလ်ပိုင်းတွင်သာ အဆိုပါပုဂ္ဂိုလ်များလက်လှမ်းမီကာ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့အပြင် ယခုအခါ အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့များအပြင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများရှိနေကြရာ နားလည်မှုလွဲတတ်ကြမည်ကို စဉ်းစားကြည့်မိပါသည်။ တက္ကသိုလ်ကောင်စီဆိုရာတွင်လည်း ပါဝင်သည့် အဖွဲ့ဝင်များအပေါ် ဝေဖန်မှုမရှိသော်လည်း အခြေခံပညာကျောင်းများအတွက် မြင့်မားသည့် ကောင်စီအဖွဲ့အစည်းဖြစ်နေသလားဟု သုံးသပ်ဆင်ခြင်ကြည့်မိပါသည်။

သို့သော်ယခုပြင်ဆင်ပြဋ္ဌာန်းချက်တွင်ပါရှိသည့် အဖွဲ့အစည်းများ ပါဝင်သည်ကို လက်မခံလို၍ တင်ပြခြင်းမဟုတ်ပါကြောင်းကိုလည်း နားလည်စေရန် ဦးစွာရှင်းပြခြင်းသာဖြစ်ပါသည်။

ထို့အပြင် အခန်း(၂)ရှိ အမျိုးသားပညာရေးရည်မှန်းချက်များရှိ ပုဒ်မ ၃။(ဇ)ပြင်ဆင်သည့် ဥပဒေကြမ်းတွင် နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်သည်ကွဲပြားခြားနားမှုကို အခြေမခံဘဲ နိုင်ငံသားတိုင်း ခံစားရရှိရေး ကာကွယ်ပေးရန်နှင့် သေချာမှုရှိစေရန်ဆိုရာတွင် **သေချာမှုရှိစေရန်** ဆိုသည့် စကားရပ်အသုံးအနှုန်းသည် တိကျရှင်းလင်းမှု ရှိသင့်ကြောင်းကို အကြံပြုလိုပါသည်။

ထို့အပြင် ပြင်ဆင်သည့်ဥပဒေကြမ်းပုဒ်မ ၄။(ပ)တွင် **အခမဲ့ မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး** တွင် ယခုအခါ ပညာရေးဝန်ကြီးဌာနသည် ယခုလာမည့် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းပညာရေးအထိ အခမဲ့ဆောင်ရွက်တော့မည်ဖြစ်ရာ မူလအမျိုးသားပညာရေးဥပဒေပါ ပုဒ်မ၄။ (ည)ပါအတိုင်း **အခမဲ့မသင်မနေရမူလတန်း ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး** ဟူသော ပြဋ္ဌာန်းချက်ပါအတိုင်း ဆက်လက်ထားရှိပါက ပိုမိုသင့်လျော်မည်ဟု ထင်မြင်ယူဆမိပါသည်။

တစ်ဖန် ယခင်မူလအမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၄။ (ဍ) တွင် **ကိုယ်ကျင့်တရားကောင်းမွန်ကာ** ဆိုသည့် အသုံးအနှုန်းအပေါ် အငြင်းပွားမှုများရှိနေ၍ ယခုပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၄။ (ထ)တွင် **ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကိုကျင့်သုံးရေး** က ပိုမိုပြီး တိုရှင်းလိုရင်းရောက်၍ စကားလုံးပိုမိုကျစ်လျစ်သည်ဟု သုံးသပ်မိပါသည်။ ထို့ကြောင့် ပြင်ဆင်သည့်ဥပဒေကြမ်းပါ အချက်အလက်စကားရပ်တို့က ပိုမိုကောင်းမွန်သည်ဟု ယူဆမိပါသည်။

အခန်း(၄)**ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကိုအာမခံခြင်း** တွင် ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၅။(က)(ဆဆ)တို့တွင် ပညာသင်စရိတ်ခက်ခဲသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာဆက်လက်သင်ယူနိုင်ရန် ချေးငွေထုတ်ပေးမည့်အစီအစဉ်များ ဆောင်ရွက်မည်ဆိုသည့် ပြဋ္ဌာန်းချက်ကို နည်းဥပဒေရေးဆွဲတော့မည်ဆိုလျှင် ၎င်းပြဋ္ဌာန်းချက်၏ နောက်ဆက်တွဲတွင် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်တို့ကို ဆက်လက်စဉ်းစားထားသင့်ပါသည်။

ထို့ပြင် အခန်း(၄)ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၅။(င)(ဃဃ)တွင် **မိခင်ဘာသာစကား** ကို ရှေးဦးကလေးပညာရေးကဏ္ဍတွင် ၁၀၀ ရာခိုင်နှုန်း၊ မူလတန်းအောက်ဆင့်တွင် ၆၀ ရာခိုင်နှုန်း၊ မူလတန်းအထက်ဆင့်တွင် ၄၀ ရာခိုင်နှုန်း သင်ကြားရန်ဆိုသည့် ပြဋ္ဌာန်းချက်သည် တိုင်းရင်းသားဒေသရှိ တိုင်းရင်းသားကလေးများကို ရည်ရွယ်ထားပါက သင်ကြားသူ ဆရာ၊ ဆရာမများမှာလည်း တိုင်းရင်းသားဘာသာစကား ကျွမ်းကျင် တတ်မြောက်ပြီး ဖြစ်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

အခန်း(၄)ရှိ ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၅။ (ဆ)(စစ)တွင် **ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ ခန့်ထားခြင်း** အပိုင်းသည် ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပေးနေပြီး လစာများတွက်ချက်ခြင်း၊ ရာထူးဆိုင်ရှင်များ ခွဲဝေပေးခြင်း၊ ဘတ်ဂျက်တောင်းခံခြင်းများ ပြုလုပ်နိုင်မည်ဖြစ်၍ ဒေသခန့် ဆရာ၊ ဆရာမများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့များမှ ဆောင်ရွက်ရန် စီမံရေးဆွဲထည့်သွင်းထားခြင်းကို ပေါ်လွင်ထင်ရှားသော စကားရပ်များဖြင့် ပြဋ္ဌာန်းသင့်ပါသည်။ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်းသည် Parental Involvement မိဘများပူးပေါင်းပါဝင်မှုဖြစ်ပြီး သင်ရိုးညွှန်းတမ်း ပေါက်မြောက်အောင် သင်ကြားရာတွင် ပံ့ပိုးကူညီလုပ်ဆောင်နိုင်မှုကိုဆိုလိုကြောင်း သုံးသပ်မိပါသည်။

ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၁၆။(ဂ)တွင် အခြေခံပညာကျောင်းများတွင် သင်ယူမှုဖြစ်စဉ်အတွင်း စစ်ဆေးသော သင်ယူမှုကို အားပေးမြှင့်တင်သည့် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသော စစ်ဆေးနည်းစနစ် ကျင့်သုံးမည်ဟူသော ပြဋ္ဌာန်းချက်သည် စစ်ဆေးခြင်းကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုကို အားပေးသည့်စနစ်ကို ဆိုလိုကြောင်း ယူဆပါသည်။

ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၁၆။(ဃ)တွင် **အလွတ်ကျက်၊ အလွတ်ဖြေရသည့် မှတ်မိခြင်း** ကို စစ်ဆေးသည့် စာမေးပွဲ စနစ်များကို ဖျက်သိမ်းမည်ဟု ပြဋ္ဌာန်းထားရာ ဖျက်သိမ်းမည်ဆိုသော စကားရပ်အသုံးအနှုန်းထက် ကျင့်သုံးခြင်းမပြုရန်ဟူသော အသုံးအနှုန်းက ပိုမိုကောင်းမွန်မည်ဟု အကြံပြုလိုပါသည်။

ထို့အပြင် ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၁၆။ (စ)တွင် ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍတွင် လွတ်လပ်ပြီး ခေတ် ပညာရေးမူဝါဒ၌ပင် ပညာရည်တိုင်းတာစစ်ဆေးမှုနှင့် ပတ်သက်၍ အမြဲတမ်းအကဲဖြတ်မှတ်တမ်းများကို ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် ထားရှိပြီး ဆောင်ရွက်ရန်ဟု ပြဋ္ဌာန်းခဲ့သဖြင့် အဆိုပါပြဋ္ဌာန်းချက်နှင့် ယခုပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၁၆။(စ)တွင် ရလဒ်တစ်ခုတည်းအပေါ် စစ်ဆေးတိုင်းတာခြင်းထက် သင်ယူမှုဖြစ်စဉ် တိုးတက်မှုကို ထည့်သွင်းစစ်ဆေးမည်ဟု ပြဋ္ဌာန်းချက်မှာ သဘောချင်းတူညီမှုရှိပြီး ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်သင့်သောကြောင့်ဆီလျော်သော ပြဋ္ဌာန်းချက်ဟု သုံးသပ်မိပါသည်။

*စာမျက်နှာ ၇ သို့*

ပြည်တွင်းသတင်း

*စာမျက်နှာ ၆ မှ*

အခန်း(၅)ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၂၀။(ဂ)သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခန်း(၁) နိုင်ငံတော်အခြေခံမူများမှ ပုဒ်မ ၂၂။ (က)နှင့် ချိတ်ဆက်မှုရှိသဖြင့် သင့်တော်ပါကြောင်း တင်ပြပါသည်။

မူလအမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၂၁။ (က)သည် **ကျောင်းပြင်ပ မူလတန်းပညာရေး**ပြီးဆုံးသူများ၊ မူလတန်းပညာရရှိထားပြီးသူများအနက် နည်းပညာနှင့်သက်မွေးပညာရေး၏ အခြေခံပညာများကို သင်ယူနိုင်ခွင့် ရှိစေရန် ရည်ရွယ်၍ ပြင်ဆင်သည့်ဥပဒေကြမ်းတွင် **ပယ်ဖျက်ခြင်းမပြုဘဲ** မူလအမျိုးသားပညာရေးဥပဒေပါအတိုင်း ထားရှိသင့်ပါကြောင်း အကြံပြုပါသည်။

ပုဒ်မ ၂၄။တွင် ပြင်ဆင်သည့်ဥပဒေကြမ်း၌ ဖော်ပြချက်များအနက် **နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို** ဤဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်ဟုဆိုရာတွင် **ဤဥပဒေနှင့်အညီ** ဆိုသည့် စကားရပ်အစား နည်းပညာနှင့် သက်မွေးပညာရေးဥပဒေနှင့်အညီဟု တိတိကျကျဖော်ညွှန်း ပြဋ္ဌာန်းသင့်ပါသည်။

တစ်ဖန်မူလအမျိုးသားပညာရေးဥပဒေတွင် ပုဒ်မ ၄၄။ပြဋ္ဌာန်းချက်သည်ယခုအခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသား စာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်း အဆင့်မှ စတင်၍ အကောင်အထည်ဖော်နေရာ မူလဥပဒေအတိုင်း ပြဋ္ဌာန်း ထားပြီး ပြင်ဆင်သည့်ဥပဒေကြမ်းတွင် **ပယ်ဖျက်ခြင်းမပြုသင့်ကြောင်း** အကြံပြုပါသည်။

မူလအမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၄၉။(ဂ)ကို ပြင်ဆင်သည့် ဥပဒေကြမ်းက ပယ်ဖျက်သည်နှင့်စပ်လျဉ်း၍ ယခုအခါ ဘက်စုံထူးချွန် လူငယ်များရွေးချယ်၍ လေ့လာရေးခရီးပို့ဆောင်ခြင်း၊ ပညာသင်ဆုများ ပေးအပ်ခြင်းတို့ ဆောင်ရွက်နေပြီဖြစ်ရာ ပယ်ဖျက်ခြင်းမပြုသင့်ဘဲ ယခင် မူလအမျိုးသားပညာရေးဥပဒေပါအတိုင်း **ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ သည် ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့်အစီအမံများ ထားရှိရမည်**ဟူသော စကားရပ်ကို ဆက်လက်ပြဋ္ဌာန်းသင့်ပါသည်။

အခန်း(၉)ဆရာများကဏ္ဍတွင် ပုဒ်မ ၅၁။နှင့် စပ်လျဉ်း၍ အမျိုးသား ပညာရေးဥပဒေပြဋ္ဌာန်းပြီးပါက နည်းဥပဒေ၊ ဆက်စပ်ဥပဒေများဖြစ်သော အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ၊ ဆရာ အတတ်ပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေးဥပဒေများ ဆက်လက် ရေးဆွဲရမည်ဖြစ်သောကြောင့် မူလအမျိုးသား ပညာရေးဥပဒေပါ ပြဋ္ဌာန်း ချက်အတိုင်း ထားရှိပြီး ပြင်ဆင်သည့်ဥပဒေကြမ်းတွင် **ပယ်ဖျက်ရန်** မပြုသင့် ကြောင်း အကြံပြုပါသည်။

အခန်း(၁၁)ပညာရေးစီမံခန့်ခွဲမှုတွင် ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၅၆။(က)တွင် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ် ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲ ရမည်ဆိုပါက အဆိုပါအဖွဲ့အစည်းများသည်ကျောင်းများအပေါ် လွှမ်းမိုး ချုပ်ချယ်နိုင်မည်ဟု ထင်မြင်ယူဆနိုင်ပါသောကြောင့် **ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်**ဟူသော စကားရပ်အစား ဤဥပဒေပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **ညှိနှိုင်းပံ့ပိုးဆောင်ရွက်ရမည်**ဟု ပြဋ္ဌာန်းပေးသင့်ပါသည်။

အထက်ဖော်ပြပါ အကြံပြုချက်များမှာ စာရေးသူ၏ကောက်နုတ်တင်ပြ ချက်အချို့သာဖြစ်ပြီး အခြားဥပဒေပုဒ်မများမှာ တူညီသည့်အချက်များ ရှိနေနိုင်ပါသဖြင့် အသေးစိတ်ကောက်နုတ်ဖော်ပြလိုခြင်း မပြုတော့ပါ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးအပေါ်တွင် များစွာ တည်မှီနေပေသည်။ ပညာရေးအတွက် ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေတို့သည် လည်း ခိုင်မာဖို့လိုအပ်သလို နိုင်ငံတော်၏ရေရှည်အကျိုးအတွက် အထောက် အကူပြုနိုင်ရပါမည်။

အမျိုးသားပညာရေးဥပဒေခိုင်မာပါက ၎င်းနှင့်သက်ဆိုင်သော နည်း ဥပဒေ၊ ဆက်စပ်ဥပဒေများသည်လည်း ပညာရေး၏ ပင်မဥပဒေ Mother Law အပေါ် တည်မှီကာရေးဆွဲနိုင်ပြီး ထိရောက်စွာ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် မိမိနိုင်ငံ အမျိုးသားပညာရေး အဆင့် အတန်းမြင့်မားရေးတွင် **"အားလုံးဆောင်ရွက် အားလုံးအတွက်တည့်" ဆိုသကဲ့သို့ပင် ပူးပေါင်းပြီး အပြုသဘောဆောင်သော အကြံဉာဏ်များ ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့**ဟု တိုက်တွန်းရေးသား လိုက်ရပါသည်။

# လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ




*❖ ကျောဖုံးမှ*

သောင်းကျန်းသူများအနေဖြင့် ကြာရှည်စွာ ခုခံတိုက်ခိုက်နိုင်ခြင်းမရှိဘဲ ဆုတ်ခွာလျက်ရှိရာ ကြွယ်ပါးရွာအနီး တစ်ဝိုက် တောင်ကုန်းများအား အဆင့်ဆင့် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ညနေပိုင်းတွင် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၁၈ နှင့် မီတာ ၁၅၀၀ ခန့်အကွာရှိ ၎င်းဒေသတစ်ဝိုက်အားစိုးမိုးထားသည့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်-၁၇၈၉ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့် သောင်းကျန်းသူများ အနေဖြင့် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၁၈ ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ယနေ့တိုက်ပွဲဖြစ်ပွားသော ပွိုင့်-၁၇၈၉ တောင်ကုန်းတစ်ဝိုက်သည် တောတောင်ထူထပ်၍ ခံစစ်ဆင်သူအတွက် အခြေအနေ ဖန်တီးနိုင်ခွင့်ရှိပြီး မြေအနေအထားအရ အရေးသာသော်လည်း တပ်မတော်၏ စနစ်တကျစုဖွဲ့ကာ ခြေလျင်အကူလက်နက်ကြီးများဖြင့် ဟန်ချက်ညီ ထိုးစစ်ဆင်မှုကြောင့်သာ ခက်ခဲမှုကြားမှ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် ကိုးကန့် သောင်းကျန်းသူများထံမှ အလောင်းငါးလောင်း၊ လက်နက်ငယ်မျိုးစုံ ခုနစ်လက် သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ စစ်သည်သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့၍ အရာရှိ/စစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ/စစ်သည်များအား ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံများသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



မတ် ၂ ရက်က ရန်ကင်းသာ(ညောင်ချောင်းသာ)ကမ်းခြေတွင် ဖွင့်ပွဲအပြီးတွင် ပျော်ရွှင်စွာလာရောက်အပန်းဖြေနေသူများကို တွေ့ရစဉ်။ (သတင်း-ကျော)

# အရေးပေါ် နှလုံးသွေးကြောချဲ့ကုသခြင်း နှစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး မတ် ၂**

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး နှလုံးရောဂါ အထူးကုဌာန၏ အရေးပေါ် နှလုံးသွေးကြောချဲ့ ကုသမှု(Primary PCI) (၂)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် နှလုံးသွေးကြောပိတ်ရောဂါ သတိပြု စရာပညာပေးရက်သတ္တပတ် (Heart Attack Awareness Week ) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ဆိုလျှင် MGH နှလုံးဖျားနာကုဌာန ပါမောက္ခနှင့် ဆရာဝန်ကြီးများ၊ သူနာပြုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နှလုံးကုသမှုဌာနကြီးသည် မိဘပြည်သူတို့၏ မှီခိုအားထားရာဟုပင် ဆိုရမည်ဖြစ်ပါကြောင်း၊ ယခင်က နှလုံးသွေးကြောပိတ်ဝေဒနာရှင်များကို တိုက်ရိုက်စက်ပေါ်တင်ပြီး ကုသမှု မပေးနိုင်ခဲ့သဖြင့် နှစ်ရှည်လများ ဝေဒနာခံစားခဲ့ရခြင်းများရှိရာ ယနေ့ဆိုလျှင် မန္တလေးအထွေထွေ ရောဂါကုဆေးရုံတွင် အရေးပေါ် နှလုံးသွေးကြောချဲ့ကုသခြင်း (Primary PCI)ဖြင့် စက်ပေါ်တွင် ကုသနိုင်မှုသည် ရာနှုန်းပြည့် အောင်မြင်မှုများစွာရပြီဖြစ်သဖြင့် တိုင်းဒေသကြီးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်စရာပင်ဖြစ်ပါကြောင်း။

နှလုံးသွေးကြောပိတ် ရောဂါကုသမှုကို ရေရှည်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်သူများ၊ မိဘပြည်သူများ စသည်ဖြင့် အားလုံးပူးပေါင်းပါဝင်သော နှလုံးသွေးကြောပိတ်ရောဂါကုသမှု ကွန်ရက်များကို ဖွဲ့စည်းထူထောင်သွားနိုင်ရန် မိမိတို့အနေဖြင့် ကြိုဆိုအားပေးပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံ အငြိမ်းစား ဆေးရုံအုပ်ကြီး(အကြံပေး) ဒေါက်တာ မောင်ဝင်းက တိုင်းဒေသကြီးအတွင်း ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဆေးရုံဆေးခန်းတည်ဆောက်မှုများနှင့် ခေတ်မီနည်းပညာဖြင့် ကုသပေးနိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှလုံးသွေးကြောပိတ်၍ အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု (Primary PCI) ဖြင့် ကုသခံခဲ့ပြီး သက်သာကောင်းမွန်လာသူ သုံးဦးတို့က မိမိတို့ကြုံတွေ့ခံစားခဲ့ရသော အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော မှတ်တမ်းများအရ တစ်နှစ်လျှင် နှလုံးဝေဒနာရှင် လူနာ ၄၀၀မှ ၅၀၀ အထိ ကုသပေးရလျက်ရှိကြောင်း သိရသည်။

အောင်မြင်မှုများအဖြစ် အရေးပေါ် နှလုံးသွေးကြောချဲ့ကုသခြင်း (Primary PCI)ကို မန္တလေးတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ လူနာပေါင်း ၁၃၅ ဦးကို အသေအပျောက် လုံးဝမရှိဘဲ ကုသမှုပေးနိုင်ခဲ့ကြောင်း၊ လူတိုင်းအနေဖြင့် နှလုံးသွေးကြောပိတ်ရောဂါ ဝေဒနာ မှန်းသိရှိလျှင် အချိန်မဆိုင်းဘဲ နာရီပိုင်းအတွင်း ချက်ချင်းကုသမှုခံယူသွားကြရန် လိုအပ်ကြောင်းနှင့် နှလုံးသွေးကြောပိတ်ရောဂါကုသမှု ကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်သူလယ်သမားနေ့အခမ်းအနားတွင် ပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းပြခန်းအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၏ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် ခင်းကျင်းပြသထားသည့် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာများ၊ မြေပဲ၊ အာလူး၊ ကြက်သွန်၊ ချင်း၊ ကန်စွန်းဥ၊ ပိန်းဥများကို တူးဖော်သည့် (Multi Purpose Root-Crop Harvestor) ခေတ်မီစက်ကိရိယာများ၊ လယ်ယာမြေ ပြုပြင်ရာတွင် အသုံးပြုသော မြေတူးစက်၊ မြေထိုးစက်၊ မြေသယ်ယာဉ်၊ ဝန်ချီယာဉ်၊ ရေစိမ့်တားနံရံတူးစက်၊ မြေကြိတ်စက်နှင့် အအေးခန်းစနစ်ပါ သယ်ပို့ယာဉ်များ၊ ခေတ်မီစက်ကိရိယာများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအသုတ် ပေးပို့ရောက်ရှိလာသော ခေတ်မီကူဘိုတာ လယ်ထွန်စက်များနှင့် ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်များကို ကဏ္ဍတစ်ခုချင်းအလိုက် ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည်တောင်သူလယ်သမားနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားတောင်သူ လယ်သမားကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြခန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အမယ်အမျိုးမျိုးကိုလည်းကောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ထားသည့် မြန်မာ့လယ်ယာထွက်ကုန်များကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) ပြခန်း၌ ပြသထားသည့် မြန်မာနိုင်ငံ၏ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးစပါး၊ ရေငတ်ခံစပါး၊ ရေမြုပ်ခံ စပါး၊ ဆားငန်ဒဏ်ခံစပါးများကို ကြည့်ရှုပြီး နိုင်ငံ၏ အဓိကစားသုံးသီးနှံ အမယ်ဖြစ်သော ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မြန်မာ့သစ်သီးဝလံများကို အဆင့်မြင့်တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် မာလာမြိုင်ကုမ္ပဏီပြခန်းသို့ ရောက်ရှိပြီး သစ်သီးဝလံ အမျိုးမျိုးအား အဆင့်မြင့်ထုပ်ပိုးထားရှိမှု၊ တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်မှုများကို ကြည့်ရှုကာ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာ စံချိန်စံညွှန်းမီ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် အဆင့်မြင့်တင်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ဈေးနှုန်းခိုင်မာစွာဖြင့် တိုးချဲ့တင်ပို့နိုင်ရေး မှာကြားသည်။

ထို့နောက် မြန်မာ့လယ်ယာစီးပွားရေး အများပိုင် လီမိတက်၏ ခေတ်မီ အဆင့်မြင့်ဆန်စက်တည်ဆောက်မှုစီမံကိန်းများ၊ မြန်မာ့ဩဘာကုမ္ပဏီ၏ စိုက်ပျိုးရေးသုံးသွင်းအားစု ပစ္စည်းများပြခန်း၊ မြန်မာနယူးဧရာကုမ္ပဏီ၏ ခာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုပြခန်း၊ မြန်မာဘဲလ်ကုမ္ပဏီ၏ လယ်ယာထွက်ကုန်များ အဆင့်မြင့်ကုန်ချောအဖြစ် ထုတ်လုပ်မှုပြခန်း၊ Big–M ကုမ္ပဏီ၏ နိုင်ငံခြားဈေးကွက်ဝင်သီးနှံအမယ်များ ပြခန်း၊ Agro Product ကုမ္ပဏီ၊ East West ကုမ္ပဏီ၊ International Agro ကုမ္ပဏီတို့၏ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်မျိုးစေ့ အရောင်းပြခန်းများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေအရင်းအမြစ်ဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Techno Value ကုမ္ပဏီ၊ လှည်းယာဉ်ကုမ္ပဏီ၊ ကျွဲခေါင်းကုမ္ပဏီ၊ အာနန္ဒာကုမ္ပဏီတို့၏ ပြခန်းများ၊ စက်မှုလယ်ယာဦးစီးဌာနပြခန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုပြခန်းများကို ကဏ္ဍတစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးခဲ့သည်။

**(သတင်းစဉ်)**

# လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်၊တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား တွေ့ဆုံဂုဏ်ပြုအားပေး

**နေပြည်တော် မတ် ၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် ဖေဖော်ဝါရီ ၉ ရက်နေ့မှစ၍ လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကုသနေသည့် ပြင်ဦးလွင်တပ်နယ်နှင့် လားရှိုးတပ်နယ်ရှိ တပ်မတော်ဆေးရုံများသို့ ယနေ့နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုငွေများ၊ အစားအသောက်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွဋ်လိုက်ပါလျက်ပြင်ဦးလွင် တပ်နယ် တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသောအရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဆေးရုံညွှန့်ခန်းတွင် ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား စောင့်ရှောက်ကူညီအားပေးနေသည့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါလျက် လားရှိုးတပ်နယ် တပ်မတော်ဆေးရုံသို့ရောက်ရှိပြီး လောက်ကိုင်ဒေသတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အခြားတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ရင်းနှီးစွာ တစ်ဦးချင်းတွေ့ဆုံမေးမြန်းအားပေးစကားပြောကြားပြီး တစ်ဦးချင်းအတွက် ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် လောက်ကိုင်ဒေသတိုက်ပွဲများတွင် တိုင်းပြည်အတွက် အသက်စွန့် တာဝန်ထမ်းဆောင်ခဲ့သည့် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားသွားရောက် တွေ့ဆုံ၍ အားပေးနှစ်သိမ့်စကားများ ပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဘုန်းကြီးကျောင်းသို့ ရောက်ရှိခေတ္တတည်းခိုနေကြသည့် လောက်ကိုင်ဒေသပတ်ဝန်းကျင်မှ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား မန်ဆူဆရာတော်နှင့်အတူတွေ့ဆုံကာ အားပေးစကား



ပြောကြားပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းဓမ္မာရုံတွင် မန်ဆူဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ကိုးကန့်သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ လောက်ကိုင်ဒေသအား အကြမ်းဖက်သိမ်းပိုက်နိုင်ရေး ကြိုးပမ်း လုပ်ဆောင်ခဲ့သော်လည်း တပ်မတော်၏ စွမ်းရည်သုံးရပ်ပြည့်စုံမှုဖြင့် တိုက်ပွဲဆင်နွှဲတိုက်ခိုက်မှုများကြောင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ လောက်ကိုင်ဒေသသိမ်းပိုက်ရေးရည်ရွယ်ချက် ပျက်ပြားခဲ့သည်။ လောက်ကိုင်ဒေသတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားမှုကြောင့် တပ်မတော်သား အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မွန်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုအခါ ထိခိုက်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံများသို့ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အမြန်ဆုံးရောက်ရှိအောင် စီမံပို့ဆောင်ပေးနိုင်ခဲ့၍လည်း ဒဏ်ရာရလူနာများမှာ သက်သာကောင်းမွန်လျက်ရှိပြီး တပ်မတော်ဆေးရုံများကလည်း လိုအပ်သည့် ဆေးဝါးကုသမှု၊ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တိုက်ပွဲအတွင်း မွန်မြတ်စွာ အသက်စွန့်လှူသွားသူများ၏ အရိုးအိုးများကိုလည်း သက်ဆိုင်ရာ တပ်ဌာနချုပ်များသို့ သယ်ဆောင်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကျောဖုံးမှ

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများအား တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းဆုရတေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးစိုးမောင်၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်နှင့် ဦးဝင်းမြင့်တို့က တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ်တောင်သူလယ်သမားအကျိုးပြုနိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ထူးချွန် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးက တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဖတ်ကြားကြေညာသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် ပဉ္စမဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးတင့်ဆန်းတို့က နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်၊ ဦးအုန်းမြင့်နှင့် ဦးဝင်းမြင့်တို့က ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသည့် နိုင်ငံတကာအဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများ၊ ညွန့်ကြားရေးမှူးချုပ်များ၊ တေးဂီတပညာရှင်များနှင့်လည်းကောင်း၊ တောင်သူလယ်သမား (လယ်ယာကဏ္ဍ)ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား တောင်သူလယ်သမားကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ အခမ်းအနားသို့ နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တောင်သူလယ်သမား တိုင်းရင်းသား ကိုယ်စားလှယ်များလည်း တက်ရောက်ကြပြီး ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရဟန်းရှင်လူပြည်သူအပေါင်း၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် လယ်ကွင်းထဲတွင် နွေ၊ မိုး၊ ဆောင်း ရာသီမလပ် စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက်နေကြသော တောင်သူလယ်သမားများ၊ လယ်သမားဦးကြီးများ၏ လူနေမှုဘဝနှင့် ဝင်ငွေများ တိုးတက်လာစေရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ အားပေးဆောင်ရွက်နေကြသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်ကြီးများကို ဂုဏ်ပြုကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတဦးညဏ်ထွန်း တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ် တောင်သူလယ်သမားအကျိုးပြု နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ထူးချွန်သူပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (သတင်းစဉ်)

## ငါးကဏ္ဍတိုးတက်ရေး တစ်ရွာ ကျပ်သိန်း ၃၀၀ စီ မတည်ရင်းနှီးငွေထုတ်ပေး

**ကျောက်ဆည် မတ် ၂**

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ ငါးကဏ္ဍဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အတွင်းရှိ ကျေးရွာများအနက်မှ ကျေးရွာငါးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ) ဖွံ့ဖြိုးရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ အရင်းမပျောက် မတည်ရန်ပုံငွေအဖြစ် ငွေထုတ်ယူသူများ လက်ဝယ်အရောက် ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ စတင်ကာ ထုတ်ပေးခဲ့ကြောင်းသိရသည်။ ကျောက်ဆည်မြို့နယ်တွင် ထန်းဇင်တော်နှင့် အရှေ့ငယ်တိုး၊ စဥ့်ကိုင်းမြို့နယ်တွင် ဟင်းငူနှင့် ကုန်းသာ၊ မြစ်သားမြို့နယ်တွင် ဈေးကုန်းကျေးရွာတို့ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ငါးကဏ္ဍ) အတွက် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# တောင်သူလယ်သမားများ၏ ရွှေခေတ်

မေး-ရေး-ဟန်နီဝင်း
ဓာတ်ပုံ-ရွှေကိုလေး

စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအတွက် တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ တောင်သူလယ်သမားများကို ဂုဏ်ပြုကျင်းပသော တောင်သူလယ်သမားနေ့ အခမ်းအနားကို မတ် ၂ ရက် နံနက်ပိုင်းက နေပြည်တော်တွင် ကျင်းပရာ နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမားများတက်ရောက်ကြသည်။ ထိုအခမ်းအနားတွင် တောင်သူလယ်သမားများအတွက် တိုးတက်လာသော နည်းပညာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ပုဂ္ဂလိကကုမ္ပဏီများက လာရောက်ခင်းကျင်းပြသထားသည်ကို တွေ့ရှိရသည်။ ထိုအခမ်းအနားသို့ တက်ရောက်ကြသော တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဆိုင်ရာ ကုမ္ပဏီများမှ စိုက်ပျိုးရေးဆိုင်ရာ သတင်းစကားများကို ပြန်လည်ဖော်ပြလိုက်ပါသည်။



ဦးဆန်ဟေး



ဒေါက်တာတင်ထွဋ်



ဦးတင်မောင်ညွန့်



ဦးအောင်နိုင်ဦး



ဦးမြင့်အောင်

**တောင်သူကြီး ဦးဆန်ဟေး**
**ထန်တလန်မြို့နယ်**

ကျွန်တော်တို့ ထန်တလန်မှာ စပါးစိုက်ပျိုးတာများပါတယ်။ ရွှေ့ပြောင်း တောင်ယာစနစ်နဲ့ စိုက်တာများတယ်။ အခုတော့ ဝဥတို့၊ ဂမုန်းတို့ စိုက်တာလည်းရှိတယ်။ ကျွန်တော်တို့ဆီမှာ စိုက်ပျိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးနည်းနည်းအခက်အခဲရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းတော့ ပစ္စည်းသယ်ယူရတာ နည်းနည်းခက်တယ်။ စိုက်ပျိုးရေးကိရိယာတွေလည်း ရောက်ဖို့ခက်ခဲနေတယ်။

**တောင်သူကြီး ဦးတင်မောင်ညွန့်**
**မြောင်းမြမြို့နယ်**

ကျွန်တော်တို့ မြို့နယ်မှာက စပါးအများဆုံးစိုက်တယ်။ ပေါ်ဆန်း၊ နှံစားနဲ့ ဒီမှာ ခင်းကျင်းပြသထားတဲ့ အထူးအထွက်ကောင်း ပုလဲသွယ်စပါးတွေ စိုက်ကြတာများတယ်။ ပဲသီးနှံတွေလည်း စိုက်ပါတယ်။ ဒီမှာ ခင်းကျင်း ပြသထားတာတွေလည်း လေ့လာပြီးပါပြီ။ ဒီနှစ် မိုးလေဝသလည်းကောင်းတယ်။ ပြီးတော့ ကျွန်တော်တို့ ဒေသမှာက စပါးစိုက်ဖို့ ရေခံမြေခံကောင်းတော့ အဆင်ပြေတယ်။ နည်းပညာပိုင်းနဲ့ပတ်သက်ပြီးတော့လည်း စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ပညာပေးလုပ်ငန်းတွေလည်း လုပ်တယ်။ ဆည်မြောင်းဦးစီးဌာနတို့၊ စက်မှုလယ်ယာ ဦးစီးဌာနတို့နဲ့လည်း စက်မှုလယ်ယာစနစ်အတွက် ပူးပေါင်းဆောင်ရွက်နေတယ်။ အခုနောက်ပိုင်းမှာ modernfarm လို့ခေါ်တဲ့ စက်မှုလယ်ယာစနစ်ပီပြင်သွားအောင်နိုင်ငံတော်က အကူအညီတွေ ပေးသွားမယ်ဆိုရင် လယ်ယာကဏ္ဍဟာ ပိုပြီးပီပြင်သွားမယ်လို့ ထင်ပါတယ်။

**ဦးမြင့်အောင်(အထွေထွေမန်နေဂျာ)**
**မြန်မာဘဲလ်ကုမ္ပဏီ**

ကျွန်တော်တို့ တောင်သူတွေကို အခု contract farming အနေနဲ့ သူတို့ရဲ့ သွင်းအားစုတွေကို စိုက်ထုတ်ပေးတယ်။ မျိုးကအစ မြေဩဇာ၊ ပိုးသတ်ဆေး စတာတွေကို ထုတ်ပေးပါတယ်။ တောင်သူတွေက contract farming လုပ်တဲ့အတွက် သေချာတဲ့အမြတ်တစ်ခုရရှိတယ်။ စိုက်ပျိုးတဲ့ သီးနှံကို ပုံမှန်စိုက်ပျိုးနိုင်တယ်။ contract farming လုပ်တဲ့နေရာမှာ ရှမ်းပြည်နယ်လိုနေရာမှာက ကုန်စိမ်းထွက်ကုန်တွေ အများကြီးထွက်တယ်။ ကုန်စိမ်းဈေးက အတက်အကျတွေရှိတဲ့အတွက် ဟဲဟိုးမှာ ဟင်းသီးဟင်းရွက် အခြောက်ခံစနစ်နဲ့ လုပ်နေတာရှိတယ်။ အခုလောလောဆယ်မှာ ဂေါ်ဖီထုပ်ကို အခြောက်ခံပြီး ဂျပန်နဲ့ ကိုရီးယားကို ပို့နေတာရှိတယ်။ ပြီးတော့ ကြက်သွန်ဖြူ၊ ချင်း၊ မုန်လာဥတွေကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဆက်လက်တင်ပို့သွားမှာပါ။ ကျွန်တော်တို့ မနှစ်က နိုင်ငံတော်သမ္မတက ပေးတဲ့ တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုနဲ့ ဆုရရှိခဲ့ပါသေးတယ်။

**ဦးအောင်နိုင်ဦး**
**နယူးရောကုမ္ပဏီ**

ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ အာဟာရရည်နဲ့ မြေယာမဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးစနစ်ဆိုတာ မြေမပါဘဲ ရေထဲမှာ အာဟာရရည်ထည့်ပြီး စိုက်တဲ့စနစ် ဖြစ်ပါတယ်။ မြို့ပြ စိုက်ပျိုးနည်းပညာစနစ်လို့လည်းခေါ်ကြတယ်။ ဒီစနစ်ဟာ မြေဧရိယာ နည်းတဲ့သူတွေ၊ လုပ်သားအင်အားနည်းတဲ့ သူတွေ အတွက် ရည်ရွယ်ပါတယ်။ ဒီစနစ်ဟာ ဆလတ်၊ မုန်ညင်း၊ ငရုတ်သီး စတဲ့ ဟင်းသီးဟင်းရွက်နဲ့ အသီးပင်တွေကို စိုက်ပျိုးလို့ ရပါတယ်။ ကိုယ်စားချင်တဲ့ ဟင်းသီးဟင်းရွက်ကို ရာသီမရွေးစိုက်လို့ ရနိုင်တဲ့စနစ်ပါ။ အခုလောလောဆယ်မှာတော့ အာဟာရရည်ကို ထိုင်းနိုင်ငံက မှာယူတာပါ။ နောက်တစ်လနေရင် အရောင်းပြခန်းတွေ ဖွင့်လှစ်ရောင်းချသွားမှာပါ။ ဒီစနစ်ကို ကျွန်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေမှာ စိုက်ပျိုးကြပါတယ်။ ဒီနည်းစနစ်တွေကို စက်စက်ယိုစိုက်ခင်းမှာ လာရောက်လေ့လာလို့ ရပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်**
**လယ်ယာစိုက်ပျိုးရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

လယ်ယာကဏ္ဍမှာ စိုက်ပျိုးထုတ်လုပ်နေကြတဲ့ တောင်သူလယ်သမားတွေဟာ လယ်ယာကဏ္ဍထဲမှာ ပျော်မွေ့နေပြီးတော့မှ သူတို့အတွက် ဘဝအနာဂတ်အဖြေရှာတဲ့ အခြေအနေကောင်းတွေကို ဖန်တီးပေးနိုင်ဖို့အတွက် လက်မှုလယ်ယာကနေ စက်မှု လယ်ယာကူးပြောင်းရေး အပါအဝင် သူတို့ထုတ်လုပ်လိုက်တဲ့ လယ်ယာထွက်ကုန်တွေကို တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့အတွက် ကြိုးစား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုများ အပါအဝင် နိုင်ငံတော်အပိုင်းကရော နိုင်ငံတကာ အဖွဲ့အစည်းတွေကပါ အထောက်အကူပေးနေတဲ့ ကာလဖြစ်တဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေရဲ့ ခေတ်ဟာ မကြာခင်မှာပဲ ရွှေခေတ်ရောက်လာမယ်လို့ ကျွန်တော့်အနေနဲ့ လေးနက်စွာ ယုံကြည်ပါတယ်။ တဲ့ဟာပဲ ဖြစ်ပါတယ်။ အခုဒီနှစ်ကြည့်လိုက်မယ်ဆိုရင် ရာသီဥတု ပြောင်းလဲမှုကြောင့် စိုက်ကွင်းထဲမှာ အင်မတန်ပင်ပန်းကြတယ်။ ပြီးတော့ လယ်ယာကဏ္ဍထဲမှာ လုပ်ငန်းခွင်ထဲမှာ ကျွန်တော်တို့လယ်ယာ



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်။

တောင်သူလယ်သမားတွေ အနေနဲ့ကတော့ ဒီနေ့နိုင်ငံတော်က နေပြီး ဘက်စုံထောင့်စုံကနေ အားပေးကူညီနေတဲ့အပေါ်မှာ မိမိတို့ကိုယ်တိုင် တိုးတက်ကြီးပွားအောင်မြင်လိုတဲ့စိတ်နဲ့ ကိုယ်တိုင်ဝါယမ စိုက်ထုတ်ကြိုးစားမယ်ဆိုရင် လယ်သမားတွေရဲ့ခေတ်ဟာ လက်တကမ်းအကွာမှာပဲ ရှိတယ်လို့ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားတွေအားရှိဖို့အတွက် ပြောကြားလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒေါက်တာတင်ထွဋ်**
**စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန**

ကျွန်တော်တို့က စိုက်ပျိုးရေးကဏ္ဍမှာ နည်းပညာကို အခြေခံတဲ့ စိုက်ပျိုးရေးကို ပြောင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က တောင်သူအတွက်လိုအပ်တဲ့ သွင်းအားစုတွေ အခုစိုက်တဲ့ပျိုးတဲ့ လုပ်အားတွေရဲ့ ထုတ်လုပ်မှု တန်ဖိုးတွေတက်လာအောင်ဆိုတာ နည်းပညာကို အခြေခံ လုပ်သား အင်မတန်ရှားသွားပြီ။ ရှားသွားတော့ ကျွန်တော်တို့က စက်မှုလယ်ယာကို ကူးနိုင်မှသာလျှင် တစ်သီး၊ နှစ်သီးနဲ့ သုံးသီး အစရှိသဖြင့် ဒီလိုသွားနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နှစ်စဉ်ဇန်နဝါရီ ၁ ရက်ကို တောင်သူလယ်သမားနေ့ဟု သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။ တော်လှန်ရေးကောင်စီ လက်ထက်တွင် မြေရှင်စနစ် ဖျက်သိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အုန်းတောကျေးရွာ၌လည်းကောင်း၊ ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ၌ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာ၌လည်းကောင်း၊ တောင်ငူမြို့နယ် ခပေါင်းကျေးရွာ၌လည်းကောင်း တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများကို ကျင်းပခဲ့ပြီး မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းသတင်း

# လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မတ် ၂**

(၁၁)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆိုလစ်သည် ယနေ့ ည ၇ နာရီ မိနစ် ၄၀ တွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်-ပြည်၊ မင်းလှ-မိုးညိုလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ထန်းပင်ကုန်းတံတားတည်ဆောက်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် B.O.T စနစ်ဖြင့် မက်စ်မြန်မာကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ကြည့်ရှု၍ လမ်းချဲ့ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မင်းလှ-မိုးညိုလမ်း မိုင်တိုင်အမှတ် (၁၀/၄)နှင့် (၁၀/၅) အကြားတွင် တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၂) မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ထန်းပင်ကုန်းတံတားတည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ထန်းပင်ကုန်းတံတားတည်ဆောက်ရေးတာဝန်ခံ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၂) ဒုတိယအင်ဂျင်နီယာမှူးကြီးက တံတားပြီးစီးမှုနှင့် အချောသတ်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များအားလည်းကောင်း၊ သာယာဝတီခရိုင် အင်ဂျင်နီယာမှူးက တံတားချဉ်းကပ်လမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြရာ တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြခြင်းများအပေါ် ဒုတိယဝန်ကြီးက တံတားတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အသုံးပြု၍ ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာသည်ကို သိရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

**(မြန်မာ့အလင်း)**

# ကြက်၊ ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မတ် ၂**

ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ထိစပ်နေသော မန္တလေးတိုင်းဒေသကြီးအတွင်းရောဂါမဖြစ်ပွားစေရန်နှင့် လူသို့ကူးစက်မှု မရှိစေရေးတို့အတွက် တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ခရိုင်နှင့် မြို့နယ်ရုံးများသို့ မတ် ၁ ရက်တွင် အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရသည်။

အဆိုပါအကြောင်းကြားစာတွင် ပါဝင်သော စီမံဆောင်ရွက်မည့် လုပ်ငန်းများမှာ ကြက်၊ ငှက်တုပ်ကွေးရောဂါကျရောက်တတ်သည့် အချိန်ကာလဖြစ်သဖြင့် လိုအပ်သောကြိုတင်ကာကွယ်မှုများပြုလုပ်ရန်၊ high risk area များဖြစ်သည့် wet market အရှင်ရောင်းဈေးများ၊ မွေးမြူရေး ကြက်၊ ငှက်ခြံများတွင် ကြိုတင်ကာကွယ်မှု ကြိုတင်သတိပေးမှုများ၊ ကြိုတင်ရောဂါ စူးစမ်းရှာဖွေမှုများ ပြုလုပ်သွားရန် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်မြို့နယ်များတွင် ကြက်/ ဘဲအရှင်နှင့် ကြက်သား၊ ဘဲသားရောင်းချဈေးများတွင် ဈေးသိမ်းပြီး အချိန်၌ စားသုံးသူလူထုအားအန္တရာယ်မဖြစ်ပွားစေနိုင်သည့် ပိုးသတ်ဆေးများ ပက်ဖျန်းဆေးကြောခြင်း အလေ့အကျင့်ပြုလုပ်ဆောင်ရွက်ရန်၊ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများတွင် မွေးမြူမည့်တိရစ္ဆာန်များအား အကုန်သွင်း၊ အကုန်ထုတ်သည့် (All in all out) စနစ်ကျင့်သုံးစေရန်နှင့် အသုတ်လိုက်မွေးမြူပြီးချိန်တွင် မွေးမြူရေးခြံအား ဆေးကြောသန့်ရှင်းပေးပြီး ပိုးသတ်ဆေးဖျန်းပေးရန် အရေးကြီးကာလဖြစ်သဖြင့် မွေးမြူရေးခြံများအား မြို့နယ်အလိုက်အဖွဲ့ဖွဲ့စည်းပြီး ခြံ၊ ပိုးသတ်ဆေးဖျန်းပေးခြင်း လုပ်ငန်းများဆောင်ရွက်စေရန်နှင့် ခြံလုပ်သားများအား ရောဂါကာကွယ်မှုနည်းစနစ်များ အသိပညာပေးခြင်း၊ ဇီဝလုံခြုံမှုနှင့်ဇီဝအန္တရာယ်ကင်းရှင်းစေရန် နှိုးဆော်အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ မွေးမြူရေးခြံများတွင် မျက်ခြည်မပြတ်ကြည့်ရှုစောင့်ကြပ်၍ သတင်းများရယူလျက် ထူးခြားဖြစ်စဉ်များ သတင်းပေးပို့ကြရန်ဖြစ်ပြီး အဆိုပါလုပ်ငန်းများအား ဒေသအာဏာပိုင်အဖွဲ့အစည်းများ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်နေသည့် အစိုးရဌာနများ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားကြမည်ဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်၊ ငုံးမွေးမြူရေးခြံများတွင် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ကြက်၊ ငုံးများ စတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ (H5N1) ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှုအား ဖေဖော်ဝါရီ ၂၇ ရက်တွင် ရောဂါဖြစ်ပွားမှုသတင်းထုတ်ပြန်ချက်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြေညာခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်း နတ်မောက်မြို့တွင်ဖွင့်

**နတ်မောက် မတ် ၂**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် တိရစ္ဆာန် ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက နတ်မောက်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာလှမျိုးသန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ဆေးများအကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုနည်းစနစ်များ၊ နို့စားနွားမွေးမြူရေး ၊ နွားမြိုင်စစ်ဆေးခြင်း၊ မေထုံမဲ့သားစပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးကုသခြင်း ကျေးရွာအရောက်လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ပို့ချဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းကိုနတ်မောက်မြို့နယ်တွင် မတ်၂ ရက်မှ ၈ ရက်အထိ ရက်သတ္တတစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်သည်။ **လှဝင်း (နတ်မောက်)**

○ ကျောဖုံးမှ

မော်ရင်ဟိုအနေဖြင့် ၂၀၁၂ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းနှင့်အတူ လာလီဂါဖလား ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သည့် ဖလားလည်းဖြစ်သည်။ ချယ်လ်ဆီးအသင်းအနေဖြင့် အမ်စတာဒမ်တွင် ဘင်ဖီကာအသင်းကိုနိုင်ပြီး ယူရိုပါလိဂ်ဖလားအထိ ဆွတ်ခူးနိုင်ပြီးနောက် ပထမဆုံးဆွတ်ခူးနိုင်သည့်ဖလားဖြစ်သည်။ နည်းပြသက်တမ်းတစ်လျှောက် ဆုဖလားများ ရယူခဲ့သော်လည်း ယခုဆွတ်ခူးခဲ့သည့်ဖလားသည် မော်ရင်ဟိုက သူ့အတွက် အရေးအကြီးဆုံးအချိန်တွင် ဆွတ်ခူးနိုင်ခဲ့သည့် ဖလားဖြစ်သည်ဟု ၎င်းကဆိုသည်။

# ဟိုပုံးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၉၀ နှင့် ဘိန်းစိမ်း ၁၈ ဒသမ ၅၁၆၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

ဖေဖော်ဝါရီ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဖာလိုင်းရွာဘုန်းကြီးကျောင်းအနီး ဟိုပုံး- တောင်ကြီးသွားကားလမ်းတွင် ဟိုပုံးမှ တောင်ကြီးသို့ ခွန်မောင်ဖြူ (ခ) မောင်ဖြူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၄၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၀ ၊ ဘိန်းစိမ်း ၁၈ ဒသမ ၅၁၆၅ ကီလိုနှင့် ယာဉ်အမှတ် 3G/ ---- နံပါတ်ပါ CRV အမျိုးအစား အဖြူရောင် မော်တော်ယာဉ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခွန်မောင်ဖြူ(ခ) မောင်ဖြူ (၂၄ နှစ်)အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**မူးယစ်(ဗဟို)**





# တရားမဝင် ရွှေတူးဖော်မှုအား ကွင်းဆင်းစစ်ဆေးအရေးယူ

**ကသာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ရွှေတူးဖော်နေမှုများအား ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် အမှတ်(၂) သတ္တုတွင်းစီမံကိန်းရုံးမှ တာဝန်ခံဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသည့် ပူးပေါင်းအဖွဲ့သည် ဗန်းမောက်မြို့နယ် တုံးလှော်အုပ်စု ပင်လုံကျေးရွာနှင့် မဲဇာချောင်းပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရသွားရောက်စုံစမ်းဖမ်းဆီးခဲ့ရာ ရွှေတူးဖော်နေသူများကို မတွေ့ရတော့ဘဲ ရွှေတူးဖော်ရာ တွင်အသုံးပြုသည့် တရုတ်နိုင်ငံလုပ် ဂျင်ဒေါင်းတံဆိပ်ပါ စက်တစ်လုံး၊ လေးလုံးထိုးနှစ်လုံး၊ တရုတ်နိုင်ငံလုပ် ဂျင်ဒေါင်းတံဆိပ်ပါ ၅/၆ မီးစက် တစ်လုံး၊ သုံးကီလို ဒိုင်နမိုတစ်လုံးတွဲလျက် ခြောက်လက်မ သံပိုက်ငါးလုံး၊ လေးလက်မပိုက်ပျော့ သုံးခွေ၊ ခြောက်လက်မ လည်ချောင်းပိုက်တစ်ခု၊ သုံးတန်ချိန်းဘလောက်နှစ်ခုတို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများကို ဗန်းမောက်မြို့နယ် စီမံခန့်ခွဲရေးကော်မတီသို့ စီမံခန့်ခွဲမှုပေးနိုင်ရန်အတွက် ပို့ဆောင်နိုင်ရေးစီစဉ်ထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**




ပြည်တွင်းသတင်း

# ပြည်တွင်းလေဆိပ်များ ဘေးကင်းလုံခြုံရေး ဂျပန်နိုင်ငံက စက်ပစ္စည်းများ ကူညီပံ့ပိုး

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံတွင် ပြည်တွင်းလေဆိပ်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ JICA က လေဆိပ်များအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ ယာဉ်နှင့်စက်ပစ္စည်းများအပြင် လေဆိပ်နှင့် လေကြောင်းလုံခြုံရေး ဆက်စပ်အဆောက်အအုံ (DVOR/ DME ) ဖွင့်လှစ်ပေးအပ်မှုကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံညောင်ဦးလေဆိပ်၌ ကျင်းပခဲ့သည်။

လေကြောင်းဆိုင်ရာ ဘေးကင်းလုံခြုံရေးအတွက် လေကြောင်းလမ်းညွှန်ဆိုင်ရာ စက်ပစ္စည်း ရှစ်မျိုး၊ လေဆိပ်လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းသုံးမျိုး၊ လေဆိပ်ဘေးကင်းရေးဆိုင်ရာ စက်ပစ္စည်းသုံးမျိုးတို့ကို မြန်မာနိုင်ငံ ပြည်တွင်းလေဆိပ်စီမံကိန်းများအတွက် ပေးအပ်ခဲ့သည်။

JICA က အကူအညီပေးသည့် ယခုစီမံကိန်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် စုစုပေါင်းတန်ဖိုးငွေမှာ ဂျပန်ယန်း ၁၂၃၃ သန်းဖြစ်သည်။ လှူဒါန်းသည့် စက်ပစ္စည်းများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ညောင်ဦးလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ သံတွဲလေဆိပ်နှင့် ထားဝယ်လေဆိပ်တို့တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။

ယင်းအခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ဝေယံဦး**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြန်နှုန်းမြင့် မိုဘိုင်းအင်တာနက် သုံးစွဲခများ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်

**နေပြည်တော် မတ် ၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တပေါင်းလပြည့်နေ့ အထူးအစီအစဉ်အဖြစ် ၂၀၁၅ ခုနှစ် မတ်လ ၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ မြန်နှုန်းမြင့် မိုဘိုင်းအင်တာနက် သုံးစွဲခများကို ၅၀% အထိ လျှော့ချပေးမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တပေါင်းလပြည့်နေ့ပွဲတော် အထူးအစီအစဉ်အဖြစ် အင်တာနက်သုံးစွဲခနှုန်းထားများကို ပရိုမိုးရှင်းကာလအတွင်း ဈေးနှုန်းလျှော့ချပေးသွားမည်ဖြစ်ရာ ဆွေသဟာသုံးစွဲသူများအနေဖြင့် မြန်နှုန်းမြင့် အင်တာနက်အား ၅၀% လျှော့ဈေးဖြင့် သုံးစွဲနိုင်မည်ဖြစ်ပါသည်။ အဆိုပါပရိုမိုးရှင်းအစီအစဉ်အရ မိမိအသုံးပြုသလောက် ပေးချေနိုင်သည့်စနစ်တွင် ယခင် 1MB လျှင် ၁၅ ကျပ်နှုန်းအစား 1MB လျှင် ၇ ကျပ် ၅၀ ပြားနှုန်းဖြင့် ၂၀၁၅ ခုနှစ် မတ်လ ၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ သုံးစွဲနိုင်တော့မည်ဖြစ်ပါသည်။ အဆိုပါအထူးဈေးနှုန်းအစီအစဉ်အား ခံစားနိုင်ရန်အတွက် ဆွေသဟာဝန်ဆောင်မှုအား ရယူထားရန်လိုအပ်ပါသည်။ (GSM နှင့် WCDMA သုံးစွဲသူများအတွက်ဖြစ်ပါသည်)။ ဆွေသဟာဝန်ဆောင်မှုကို ရယူပြီးသူများအနေဖြင့် အဆိုပါအထူးဈေးနှုန်းကို အလိုအလျောက်ရရှိမည်ဖြစ်ပါသည်။ ဆွေသဟာကိုမရရှိသေးသူများအနေနှင့် Prepaid သုံးစွဲသူဖြစ်ပါက SWE ဟုရိုက်နှိပ်ကာ 1332 သို့ SMS ပေးပို့ရန်လိုအပ်ပြီး Postpaid သုံးစွဲသူဖြစ်ပါက POSTSWE ဟုရိုက်နှိပ်ကာ 1332 သို့ SMS ပေးပို့ရန်လိုအပ်ပါသည်။ ဆွေသဟာဝန်ဆောင်မှုရယူခြင်းမှာ အခမဲ့ဖြစ်သည့်ပြင် အင်တာနက်ဝန်ဆောင်မှုလျှောက်ထားခလည်း ပေးရန်မလိုပါ။ ဆွေသဟာကို မည်သည့်အချိန်တွင်မဆို လျှောက်ထားရယူနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပရိုမိုးရှင်းကာလအတွင်း အင်တာနက် သုံးစွဲခလျှော့ချခြင်းအပြင် အင်တာနက် Packages များကိုလည်း 400MB Package ကို ၅၀၀၀ ကျပ်အစား ၂၈၀၀ ကျပ်၊ 1GB package ကို ၁၀၀၀၀ကျပ်အစား ၆၅၀၀ ကျပ်ဖြင့် ဈေးလျှော့ပေးမည်ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အင်တာနက်အသုံးများသည့် သုံးစွဲသူများအတွက် အထူးဈေးနှုန်းအဖြစ် 1MB လျှင် ၅ ကျပ်နှုန်းမျှသာကျသင့်သော 5G Internet Package အသစ်ကိုလည်း စတင်မိတ်ဆက်ပေးမည်ဖြစ်ရာ ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ Internet Package အသစ်ဖြစ်သော 5GB Internet Package ကို ၂၅၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Package မှာ ရုပ်ပုံ၊ သီချင်းနှင့် ရုပ်ရှင်တို့ကို အမြောက်အမြား download ဆွဲယူသူများနှင့် မိမိဖုန်းကို wifi hotspot အဖြစ် အသုံးပြုသူများအတွက် အထူးသင့်လျော်သောအစီအစဉ်ဖြစ်ပါသည်။ အထူးလျှော့ဈေးများကိုခံစားနိုင်ရန်အတွက် Internet Package များကို မတ်လ ၄ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ဝယ်ယူရန်လိုပါသည်။ Packages များကို ဝယ်ယူရန် ဆွေသဟာကို ရယူထားရမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့် နှစ်သက်ရာ MPT မိုဘိုင်းနံပါတ် (၃)ခု ကို ရက်(၃၀) အတွင်း ဖုန်းခေါ်ဆိုနိုင်မည့်အစီအစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဆွေသဟာ

## အင်တာနက် Packages များ၏ အသေးစိတ်အချက်အလက်များ

| အသုံးပြုနိုင်သည့် ပမာဏ | Package ဈေးနှုန်း | ကျသင့်မည့် နှုန်းထား | သက်တမ်း | Prepaid သုံးစွဲသူများအတွက် | Postpaid သုံးစွဲသူများအတွက် |
|---|---|---|---|---|---|
| 400 MB | ၂၈၀၀ ကျပ် | 1 MB လျှင် ၇ ကျပ် | ရက်(၃၀) | 400 MB ဟု ရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) | POST 400 MB ဟုရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) |
| 1 GB | ၆၅၀၀ ကျပ် | 1 MB လျှင် ၆ ကျပ် ၅၀ ပြား | ရက်(၃၀) | 1 GB ဟု ရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) | POST 1 GB ဟု ရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) |
| 5 GB | ၂၅၀၀၀ ကျပ် | 1 MB လျှင် ၅ ကျပ် | ရက်(၃၀) | 5 GB ဟု ရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) | POST 5 GB ဟု ရိုက်ပြီး 1332 သို့ SMS ပို့ပါ။ (မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍) |

သုံးစွဲသူများသည် မိမိနှစ်သက်ရာ နံပါတ်များကိုမှတ်ပုံတင်ရန် ADD 09xxxxxxx ဟုရိုက်ပြီး 1332 သို့ ပေးပို့နိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မြန်ဆန်သော အင်တာနက်အသုံးပြုမှုကို လူတိုင်းအတွက် လက်လှမ်းမီနိုင်စေရန်နှင့် သုံးစွဲသူပြည်သူများ၏ ဈေးနှုန်းသက်သက်သာသာသုံးစွဲလိုသည့်လိုလားချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ယခုကဲ့သို့ ပရိုမိုးရှင်း အထူးဈေးနှုန်းများကို သတ်မှတ်ပေးခြင်းဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက www.mpt.com.mm သို့မဟုတ် www.facebook.com/mptofficialpage ကို ဝင်ရောက်ကြည့်ရှုနိုင်သလို ဖုန်းနံပါတ် (၁၀၆) သို့ နေ့စဉ် ၂၄ နာရီ ခေါ်ဆိုနိုင်ပါသည်။

# ကျောက်တံခါးမြို့နယ်မှ ကျေးရွာ ငါးရွာ မီးလင်းမည်

**ကျောက်တံခါး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ခင်တိုကျေးရွာ၊ နံ့ဇကျေးရွာအုပ်စု တလိုင်းခင်ကျေးရွာ၊ ဗောဓိကွင်းကျေးရွာအုပ်စု ဖျံတလင်းကျေးရွာ၊ သုံးအိမ်စုကျေးရွာ၊ ရေလည်စုကျေးရွာ စုစုပေါင်း ကျေးရွာငါးရွာတွင် မတ် ၂ ရက်မှစ၍ ကိုယ်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးများ လင်းနေပြီဖြစ်ကြောင်း သိရသည်။

"ယခင်က ကျေးလက်ဒေသတောရွာတွေမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်မီးနဲ့ပဲ နေထိုင်လာခဲ့ရပါတယ်၊ ရွာတွေမှာ သာရေး၊ နာရေး၊ အလှူတော်မင်္ဂလာပွဲတွေရှိရင် မီးစက်တွေနဲ့ အသုံးပြုရပါတယ်၊ အခုတော့ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ မြို့နယ်မှတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြတောင်းခံမှုတွေကြောင့် ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်မှ ကျေးရွာအုပ်စုပေါင်း ၆၀၊ ကျေးရွာပေါင်း ၃၁၃ ရွာတို့တွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းနှင့် ကျောင်း၊ ဆေးခန်းများ၊ ဆေးရုံ၊ ရေရရှိရေး၊ ဆိုလာမီးများဖြင့် ကိုယ်အားကိုယ်ကိုး ရွာလုံးကျွတ် မီးလင်းနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

နောက်ဆုံးရနိုင်ငံတကာသတင်း

# ဂျော်ဒန်နိုင်ငံရှိ ဆီးရီးယားဒုက္ခသည်စခန်း မီးလောင်မှုကြောင့် လူလေးဦးသေဆုံး

**အာမန် မတ် ၂**

ဂျော်ဒန်နိုင်ငံအတွင်း ဆီးရီးယားနယ်စပ်အနီးတွင်တည်ရှိသော ဇာတာရီဒုက္ခသည်စခန်းတွင် မတ် ၂ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ဆီးရီးယားဒုက္ခသည်လေးဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီနှင့် မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မိုဘိုင်းလ်အိမ် ထောင်နှင့်ချီတည်ရှိပြီး ဆီးရီးယားဒုက္ခသည်ပေါင်း ၇၀၀၀၀ ခန့်နေထိုင်ရာ ဇာတာရီဒုက္ခသည်စခန်းရှိ နေအိမ်တစ်လုံးအား မီးလောင်ခဲ့ရာမှ ယင်းအိမ်တွင် နေထိုင်သော မိသားစုဝင်လေးဦးစလုံး မီးလောင်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ ယခုထက်ထိ အသေးစိတ်မသိရသေးကြောင်း၊ သို့သော် အဆိုပါစခန်းရှိ ဒုက္ခသည်များက အပူပေးစနစ်အတွက် အဓိကအသုံးပြုလျက်ရှိသည့် ဓာတ်ငွေ့အိုးတစ်လုံးကို အခင်းဖြစ်ပွားရာနေရာတွင်တွေ့ရှိခဲ့ကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဒုက္ခသည်များ အေဂျင်စီအကြီးအကဲ အင်ဒရူဟားပါက ပြောကြားသည်။

ဆီးရီးယားဒုက္ခသည် လေးသိန်းနီးပါးသည် ဆီးရီးယားပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ချိန် ၂၀၁၁ ခုနှစ်ကတည်းက ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာ ယခုအခါ ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၃ သန်းခန့်မှာ ဂျော်ဒန်နိုင်ငံထဲတွင် ခိုလှုံလျက်ရှိကြပြီး ၎င်းတို့အနက် ၆၀၀၀၀၀ ခန့်ကို ကုလသမဂ္ဂက ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း ဂျော်ဒန်အစိုးရက ပြောကြားသည်။

ကုလသမဂ္ဂက အသိအမှတ်ပြုထားသည့် အဆိုပါဒုက္ခသည်အများစုမှာ ဂျော်ဒန်နိုင်ငံတစ်ဝန်းရှိ မြို့ပြဒေသများတွင်နေထိုင်ကြပြီး ကျန်ဒုက္ခသည်များမှာမူ နိုင်ငံ၏ မြောက်ပိုင်းရှိကုလသမဂ္ဂက အထောက်အပံ့ပေးသည့် ဒုက္ခသည်စခန်းနှစ်ခုတွင် နေထိုင်ကြကြောင်း သတင်းများအရ သိရသည်။

**ရိုက်တာ**

ပြည်တွင်းသတင်း

# တနင်္သာရီတိုင်းဒေသကြီး အဆင့်ကြီးထွားဖွံ့ဖြိုးမှုစောင့်ကြပ်ခြင်းသင်တန်းဖွင့်

**ထားဝယ် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး အဆင့် ကြီးထွားဖွံ့ဖြိုးမှု စောင့်ကြပ်ခြင်း သင်တန်းကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး ထားဝယ်မြို့ တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် နေပြည်တော် (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာဒေါ်လွင်မာလှိုင် နှင့် တာဝန်ရှိသူများက အာဟာရနှင့် ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်၍လည်း ကောင်း၊ အာဟာရချို့တဲ့မှုနှင့် ပတ်သက်၍လည်းကောင်း၊ ကြီးထွား ဖွံ့ဖြိုးမှု စောင့်ကြပ်ခြင်း/မြှင့်တင် ပေးမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ကြီးထွားဖွံ့ဖြိုးမှု ဆန်းစစ်ခြင်း/ဆုံး ဖြတ်ခြင်းနှင့် ပတ်သက်၍လည်း ကောင်း၊ ငါးနှစ်အောက်ကလေး ကြီးထွားဖွံ့ဖြိုးမှုမှတ်တမ်းနှင့် ပတ်သက်၍လည်းကောင်း သင်ကြားမည် ဖြစ်ပြီး မတ် ၃ ရက်တွင် လက်တွေ့ လေ့ကျင့်ခြင်းအပေါ် ပြန်လည် သုံးသပ်ခြင်းနှင့် ပတ်သက်၍လည်း ကောင်း၊ အာဟာရချို့တဲ့မှု အခြေအနေ စောင့်ကြပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သားဖွား ဆရာမ/ အရန် သားဖွားဆရာမများ၏ အာဟာရ ဖွံ့ဖြိုးရေးတာဝန်များနှင့် ပတ်သက်၍လည်းကောင်း ပို့ချမည် ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်မှ ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမကြီးများနှင့် လူမှုရေး အဖွဲ့အစည်းများ တက်ရောက် ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူး(အရှေ့ကုန်းကျေးရွာ)၌ နွေရာသီရောက်တိုင်း သောက်သုံးရေ ရှားပါးလျက်ရှိရာ ဒေသခံအမျိုးသမီးတစ်ဦး ဆည်မြောင်းရေလွှတ်ချိန် တွင် ခက်ခဲစွာ ရေခပ်နေရသည်ကို တွေ့ရစဉ်။** ကိုလွင်(ဆွာ)

# နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်

**ကျိုင်းတုံ မတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တုံတာမြို့နယ်ခွဲ နောင်ချိုကျေးရွာနေ ဒေသခံအိမ်ထောင်စုများ နိုင်ငံသား စိစစ်ရေးကတ်ပြားပြုလုပ်ရန် ကျန် သည့် တိုင်းရင်းသား ၁၀၉ ဦးအတွက် ဆောင်ရွက်ပြီး ကတ်ပြားများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်း၌ ကျိုင်းတုံခရိုင် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးဆွေမြင့်က ငှင်းကျေးရွာ အောင် မင်္ဂလာဘုန်းကြီးကျောင်းတွင် ပေး အပ်ခဲ့သည်။ ထို့ပြင် မွန်းလွဲပိုင်းတွင် မိုင်းပျဉ်းမြို့နယ် ဆင်မောင်းအုပ်စု နှင့် ပျက်ကန်အုပ်စုတို့မှ အလားတူ ကတ်ပြားပြုလုပ်ရန် ကျန်ရှိသည့် ဒေသခံပြည်သူ ၁၀၈ ဦးကိုလည်း ပန်မော်အမကတွင် ပေးအပ်ခဲ့သည်။ အခမ်းအနားကို မိုင်းပျဉ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက် ခဲ့သည်။ **မောင်မောင်နိုင်(iprd)**

# ဘိုကလေးမြို့နယ် မီးသတ်စခန်းရှိ မီးငြိမ်းသတ်စက်ယာဉ်များ အဆင့်မြင့်ပြုပြင်

**ဖျာပုံ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဘိုကလေးမြို့နယ် မီးသတ်စခန်း ရှိ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ် ယာဉ်တစ်စီးနှင့် အခြားမီးငြိမ်းသတ် စက်ကိရိယာများကို မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆို သော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက် နိုင်ရန်အတွက် မတ် ၂ ရက်က ဖျာပုံ ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင် မင်းက ဘိုကလေးမြို့နယ် မီးသတ် စခန်းရှိ မီးသတ်စက်ယာဉ်များ အဆင့် မြင့် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရ သည်။



ဆက်လက်၍ ဖျာပုံခရိုင် မီးသတ် ဦးစီးအရာရှိက ဘိုကလေးမြို့နယ် အတွင်းရှိ မီးသတ်စက်ယာဉ်များကို အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လေ့ကျင့်နေကြသည့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၍ စည်ဆက်မပြတ် လေ့ကျင့်ရန်နှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များကို လေးစားလိုက်နာရန် ပွင့်လင်း မြင်သာစွာ ဆွေးနွေးဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **ချမ်းသာ**

# တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပ

**ရေး မတ် ၂**

မွန်ပြည်နယ် ရေးမြို့နယ် တရုတ် နှစ်သစ်ကူးပွဲတော် အခါသမယ၌ တရုတ်နှစ်သစ်ကူးပွဲတော် ကာလ အချိန်တွင် တရုတ်နွယ်ဖွားနေထိုင်ရာ အိမ်များ၌ နှစ်သစ်ကိုကြိုဆိုသည့် အနေဖြင့် ရိုးရာဓလေ့များအတိုင်း ကျင်းပခဲ့ကြကြောင်း သိရသည်။

အဆိုပါ တရုတ်နှစ်သစ်ကူး အခါသမယပွဲတော်ကို ကြိုဆိုလျက် ရှိကြသော ဟုန်စံစီဘုရားကျောင်းမှ ဟုန်လုံနဂါးအက လူငယ်အဖွဲ့သည် လည်း ရေးမြို့နယ်ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ တရုတ်နွယ်ဖွားတို့ရှိရာ အရပ်ဒေသမှ နေထိုင်နေကြသော နေအိမ်ဂေဟာများသို့ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်ကာ လာရောက်ကရဝပြု ပြီး နှစ်သစ်ကူးပွဲတော်ကို စည်းကား စွာကျင်းပခဲ့သည်။ အဆိုပါ လူငယ် အဖွဲ့သည် မတ် ၁ ရက်မှ ၂ ရက် အထိ ရေးမြို့နယ်တွင် ဒုတိယအကြိမ် မြောက် လာရောက်သော နှစ်ဖြစ် ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ထီးချိုင့်၌ လင်မယားစကားများပြီး တဲအိမ်မီးရှို့သူအား အမှုဖွင့်

**ထီးချိုင့် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် ထီးချိုင့်မြို့နယ်ရဲစခန်း၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့် မဟာမြိုင်အခင်းတောရှိ တဲအိမ် တွင် အဖိချနေထိုင်သော သူရကျော် တို့ လင်မယားချင်း စကားများရန်ဖြစ် ကြရာမှ နေအိမ်ခန်းကို မီးရှို့ရာ နေအိမ်တဲတစ်ခုလုံး မီးလောင်ခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီးချိုင့်မြို့နယ် ဆပ်စားကျေးရွာအပိုင် မဟာမြိုင် အခင်းတောနေ စိုးလင်းအား ဆပ်စား ကျေးရွာနေ ဦးပေါ်ဦးက ကြံခင်း လုပ်ကိုင်ရန် တာဝန်ပေးအပ်သဖြင့် နှစ်ခန်းပတ်လည် သက်ငယ်မိုးထရံကာ ဝါးကြမ်းခင်းဖြင့် ဆောက်လုပ် ထားသော တဲအိမ်တွင် သူရကျော်တို့ လင်မယားကိုအဖိချပြီး နေထိုင်စေ ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက် ည ၁၁ နာရီက လင်မယားချင်း စကားများ ရန်ဖြစ်ကြပြီး သူရကျော်က ၎င်း၏ နေအိမ်ခန်းကို မီးရှို့စဉ် စိုးလင်း၏ နေအိမ်ကိုပါ မီးလောင်ကျွမ်းခဲ့ သဖြင့် အရေးယူပေးရန် လာရောက် တိုင်းတန်းခဲ့ကြောင်း သိရသည်။

တဲအိမ်ကို မီးရှို့သူ သူရကျော် (၂၃နှစ်) ရပ်ကွက်(၂)ဥယျာဉ်ကုန်းရပ် ထီးချိုင့်မြို့နေသူကို ထီးချိုင့်မြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးဆောင်ရွက်

**မန္တလေး မတ် ၂**

မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် ကျန်းမာရေးဝန်ကြီးဌာနမှ မြို့နယ်သူနာပြု ဆရာမကြီး ဒေါ်ချိုချို မြင့်နှင့်ရပ်ကွက်ပိုင် ကျန်းမာရေး ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှ တပ်ခွဲမှူး ဦးထွန်းလင်း အောင်၊ ဦးသိန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ယနေ့နံနက် ၉ နာရီက အောင်မြေ သာစံမြို့နယ် အမရဌာနီ အရှေ့ရပ် ၁၇၊ ၁၈ ရပ်ကွက်ရှိ မလေးရှားကြက်ခြံ သို့ သွားရောက်၍ ကြက်ငှက်တုပ်ကွေး ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး ပညာပေး ဆောင်ရွက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရှိ ကြက်၊ ငုံး မွေးမြူရေးဇုန်တွင် ကြက် ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ကြက်နှင့်ငုံးများသေဆုံးမှု များပြားနေ ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ နီးကပ်နေ ၍ပိုမိုဂရုစိုက်သင့်ကြောင်း၊ ကြက်ငှက် တုပ်ကွေးရောဂါသည် H7N9 အဆင့် ရောက်ပါက လူကိုကူးစက်နိုင်ပါ ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးသည် 30˚C တွင် အသက် မရှင်နိုင်ကြောင်း၊ ကြက်ခြံများတွင် အသားအဝင်အထွက်များကို သေချာ စိစစ်ရန်နှင့် ခြံပတ်ဝန်းကျင်ကို ပိုးသတ်ဆေးများ ဖျန်းရန်၊ ဝတ်စုံများ စနစ်တကျဝတ်ဆင်၍ ကြက်ခြံများ အတွင်း ဝင်ထွက်ရန်၊ ကြက်များ သေဆုံးမှုများ ရှိလာပါက တိရစ္ဆာန် ဆေးကုဆရာဝန်များ အသင်းနှင့် အမြန်ဆုံး ဆက်သွယ်သတင်းပို့ စစ်ဆေးမှုခံယူသင့်ကြောင်း၊ ခြံ ဝန်ထမ်းများတွင် တုပ်ကွေးရောဂါ လက္ခဏာဖြစ်ပွားပါက ကျန်းမာရေး ဌာနသို့ သတင်းပို့ကြရန် ပညာပေး ဟောပြောခဲ့သည်။ **တင်မောင်(မန်း)**



**မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပင်တိုင်အုပ်စု သဲကော ကျေးရွာ အနှိုင်းမဲ့အလင်းစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မတ် ၂ ရက်က ရွာဦးကျောင်းဆရာတော် ဦးရာဇိန္ဒ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းကျော်တို့ ဖွင့်လှစ်ပေးစဉ်။**
နိုင်ဝင်း

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့် အသိပညာပေးသင်တန်းဖွင့်



**ဟင်္သာတ မတ် ၂**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိ ပညာပေးသင်တန်းကို မတ် ၂ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူး ရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချ ခဲ့သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင် ကိုကိုက သင်တန်းဖွင့်အမှာစကား နှင့်သင်တန်းဖွင့်လှစ်ပို့ချပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြော ကြားခဲ့ပြီး ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင် က ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းစဉ်များ၊ မဲရုံများ၊ မဲစာရင်း များ၊ မဲလက်မှတ်များ သယ်ယူပို့ဆောင် ရာတွင် ဆောင်ရွက်ရမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ရွေးကောက်ပွဲ ဆိုင်ရာ လုံခြုံရေးဆောင်ရွက်ရမည့် ကိစ္စများနှင့် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်းကောင်း မိမိတို့ တပ်ဖွဲ့ဝင်များအနေဖြင့် ဆောင်ရန်/ ရှောင်ရန်များကိုလည်းကောင်း၊ ခရိုင် အတွင်း တက်ရောက်လာကြသော သင်တန်းသားများအား ပြန်လည် ရှင်းလင်းခဲ့သည်။ **ကိုဇော်(ဟင်္သာတ)**

# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့တွင် ကွန်ကရစ်လမ်းသစ်ဖွင့်

**မောင်တော မတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြု သောအားဖြင့် ရွှေဇားကညင်ချောင်းကျေးရွာချင်းဆက် ကွန်ကရစ် လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉နာရီက ရွှေဇားတံတားအနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းထွန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ ဖွင့်လှစ်ခဲ့သော ရွှေဇားကညင်ချောင်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအရှည်သည် တစ်မိုင် ခြောက်ဖာလုံရှိပြီး ငွေကျပ် ၉၃ဒသမ ၂၃ သန်းဖြင့် ၆ ဒသမ ၂ဖာလုံရှည်သော ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်ရှိသည့် အပိုင်းများကိုလည်း လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဇားကညင်ချောင်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းပေးခဲ့ သဖြင့် မောင်တောမြို့နယ်မှ ကျေးရွာများသို့ သွားလာရာတွင် ပြည်သူများ နွေ၊မိုး၊ ဆောင်းရာသီမရွေး အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်း ဆက်သွယ်ရေးလွယ်ကူချောမွေ့မည်ဖြစ်ပါကြောင်း ပြည်သူတစ်ဦးက ပြော သည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# လက်ရှိချန်ပီယံ ရတနာပုံ အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့

**ပုသိမ် မတ် ၂**

၂၀၁၅ ခုနှစ် MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးနေ့အဖြစ် ဧရာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယနေ့ညနေ ၃ နာရီခွဲက ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**ဧရာဝတီ - နှစ်ဂိုး**
**(နေလင်းထွန်းနှင့် သီဟဇော်)**
**ရတနာပုံ - တစ်ဂိုး**
**(ရဲကိုဦး)**

လက်ရှိချန်ပီယံ ရတနာပုံအသင်း ယခုရာသီတွင် ရလဒ်ကောင်းရရန် ရုန်းကန်နေရပြီး ဒုတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ဧရာဝတီအသင်း အိမ်ကွင်း၌ နိုင်ပွဲထပ်မံရယူကာ ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ဧရာဝတီအသင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် မင်းမင်းသူမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းမှာ ဒဏ်ရာရ ကစားသမားများပြားနေသောကြောင့် နိုင်ငံခြားသားတစ်ဦးသာ ပါဝင်ခဲ့ပြီး ရန်ပိုင်၊ ဇော်လင်းထွန်း၊ သီဟစည်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ဧရာဝတီအသင်း ကစားပုံ ပိုကောင်းခဲ့ပြီး ၃၅ မိနစ်တွင် နေလင်းထွန်း၊ ၃၇ မိနစ်တွင် သီဟဇော်တို့ နှစ်ဂိုးဆက်သွင်းပေးခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၈၅ မိနစ်တွင် ရဲကိုဦးက သွင်းယူခဲ့သည်။

ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်အသင်းက ရှစ်ပွဲကစား၊ ပွဲတိုင်းအနိုင်ရကာ ၂၄ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဧရာဝတီအသင်းက ခုနစ်ပွဲကစား ၁၉ မှတ်၊ မကွေးအသင်းနှင့် ကမ္ဘောဇအသင်းတို့က ရှစ်ပွဲကစား ၁၅ မှတ်စီ ၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ ချင်းယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၀ မှတ်ရရှိထားသည်။ **ညီမြတ်သော်တာ**



# ရေရှားကျေးရွာက သနပ်ခါးကုသိုလ်

မြန်မာတို့၏ ယုံကြည်ကိုးစားမှုတွင်ပါဝင်သော နတ်ပူဇော်မှုဓလေ့တွင် မြန်မာပြည်တစ်ဝန်းသိရှိကြသော ပခန်းကိုကြီးကျော်နတ်သည် အဓိကအဖြစ် ပါဝင်သည်။ ပခန်းကိုကြီးကျော်နတ်ကို တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်အမြဲကျင်းပလေ့ရှိသည်။နတ်ပွဲကျင်းပရာ ရေစကြိုမြို့နယ် ပခန်းကျေးရွာ အရှေ့ဘက်တွင် ရေရှားကျေးရွာရှိသည်။ ၎င်းကျေးရွာရှိ ရွှေပွင့်လင်းစေတီ (ရေရှားဘုရား)ကို နတ်ပွဲလာသူ တို့ ဝင်ရောက်ဖူးမြော်လေ့ရှိကြ သည်။

ရွှေပွင့်လင်း (ရေရှားဘုရား) စေတီရင်ပြင်တွင် ဆေးကျောက်ပြင်ကြီး သုံးခုရှိသည်။ ရေရှားကျေးရွာမှ ကလေးသူငယ်များမှ ဆေးကျောက်ပြင်တွင် သနပ်ခါးများသွေး၍ ဘုရားသို့ လာရောက်သူများအား ကုသိုလ်ဖြစ်လိမ်းကျံစေကြသည်။ ထိုဆေးကျောက်ပြင်တွင် နေရာမရသော ကလေးများမှလည်း မိမိတို့အိမ်မှ ကျောက်ပြင်များ၊ သနပ်ခါးတုံးများ၊ မှန်များ ယူဆောင်လာ၍ ဘုရားဖူးလာသူများကို ကုသိုလ်ပြုကြပါသည်။ ထိုသို့ကုသိုလ်ပြုကြသော ကလေးငယ်များကို ဘုရားဖူးပရိသတ်များကလည်း မုန့်ဖိုးများကို ပြန်လည်ပေးကြသည်။ ၎င်းကလေးငယ်များက မိမိတို့က ယခုလို ကုသိုလ်ပြုသဖြင့် မုန့်ဖိုးများရကြောင်း၊ မုန့်ဖိုးမပေးလည်း ကုသိုလ်ရပြီးဖြစ်ကြောင်း ယခုလို ပခန်းကိုကြီးကျော်နတ်ပွဲတွင်သာ လူအများလာရောက်သဖြင့် တစ်နေ့လျှင် ငွေကျပ် ၂၀၀၀ မှ ၆၀၀၀ အထိရရှိကြောင်း၊ မိမိတို့ရရှိသော ငွေများကို မိဘများထံအပ်နှံ၍ကျောင်း စရိတ်အဖြစ်သုံးခြင်း အဝတ်အစားများ ဝယ်ခြင်းတို့ဖြင့် ပြန်လည်အသုံးပြုသည်ဟု ပြောပြသည်။

ယခုလို ရေရှားကျေးရွာ၏ ချစ်စရာ ဓလေ့ကို ပခန်းကိုကြီးကျော်နတ်ပွဲသွားရင်း ဝင်ရောက်လေ့လာ၍ ဘုရားဖူးပြီး ကုသိုလ်ရယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးရွာဓမ္မာရုံနှင့် မူကြိုကျောင်း အဆောက်အအုံလွှဲပြောင်း

**ဖြူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ဒေသ အုတ်ဖြတ်ကျေးရွာအုပ်စု သောင်ပုကျေးရွာ ရင်းတိုက်စိန်ကျေးရွာနှင့် ကျောင်းစုရွာများရှိ အသက်လေးနှစ်မှ ငါးနှစ်အတွင်းရှိ မူကြိုအရွယ်ကလေးသူငယ်များ မူကြိုကျောင်းပညာရေးလွယ်ကူချောမွေ့စွာသင်ကြားနိုင်ရေးအတွက် အလှူရှင်မိသားစုက လှူဒါန်းသော ဓမ္မာရုံနှင့် မူကြိုကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို မတ် ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါမူကြိုကျောင်း အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကျင်၊ ရင်းတိုက်စိန်ရွာ အမကကျောင်းအုပ်ဆရာမကြီး



ဒေါ်သန်းထွေးနှင့်အလှူရှင်ဦးစိုးမြင့်က မူကြိုကျောင်းအဆောက်အအုံသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်နှင့် ဓမ္မာရုံကို ၁၁ ဧက မြေနေရာပေါ်တွင် အလျား ပေ ၃၀ ၊ အနံ ၂၆ပေ၊အမြင့် ၁၂ ပေ ရှိ သွပ်မိုး၊ အုတ်ကာ ၄×၃ ပင်ရှေ့ဝရန် တာပါတစ်ထပ်တိုက်နှင့် ဓမ္မာရုံအဆောက်အအုံနှင့် မြေနေရာ အပါအဝင် ကျပ်သိန်းပေါင်း ၂၆၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်ဦး**

# အသက်(၇၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့ကြေးပေးအပ်

**စစ်ကိုင်း မတ် ၂**

ကြေးတိုင်နှင့် မြေစာရင်းမိသားစုလူမှုရေးအသင်းမှ အသက်(၇၅)နှစ်အထက် သက်ကြီးအငြိမ်းစားဝန်ထမ်းများအား စတုတ္ထအကြိမ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ နန္ဒာဝန်ရပ်ကွက် တောင်ပိုင်း ပင်စင်စားအသင်း အတွင်းရေးမှူး ဦးကံညွန့်နေအိမ်ဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပင်စင်အငြိမ်းစားများအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်က ပင်စင်အငြိမ်းစားအသင်းဖွဲ့စည်းထားပုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်ကြီးက အသက်(၇၅)နှစ်အထက် သက်ကြီးအငြိမ်းစားဝန်ထမ်း ဦးချစ်ဆွေ(၉၁)နှစ်၊ ဦးစံကြူ(၈၃)နှစ်၊ ဦးတင်အောင်(၈၂)နှစ်၊ ဦးဗိုလ်အေး(၇၆)နှစ်တို့အား ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ထိုင်းမင်းသမီးနှင့် မြန်မာအနုပညာရှင်များ တပ်မတော်သားများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကောက်ခံ

**မန္တလေး မတ် ၂**

ရှမ်းပြည်နယ် အရှေ့မြောက်ဘက် လောက်ကိုင်ဒေသရှိ တပ်မတော်သားများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထိုင်းမင်းသမီး ကရဗီနှင့် မြန်မာအနုပညာရှင်များ ပူးပေါင်းကာ မန္တလေးမြို့တွင် မတ် ၂ ရက် နံနက် ၁၁ နာရီမှ စတင်၍ အလှူငွေများ လိုက်လံကောက်ခံလျက်ရှိသည်။

မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် အိမ်များ၊ ဈေးချိုနှင့် လူစည်ကားရာနေရာများတွင် အလှူခံသွားကြမှာဖြစ်ပြီး အစောပိုင်းက သုံးသိန်းအထက် အလှူရှင်များကို အနုပညာရှင်များ ကိုယ်တိုင် အိမ်တိုင်ရာရောက် ကောက်ခံသွားမယ် ဆိုထားသော်လည်း သုံးသိန်းမပြည့်သည့်တိုင် စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းငွေများကို အနုပညာရှင်များက အလှူခံသွားမည်ဖြစ်ကြောင်း We are One Myanmar လူငယ်ပရဟိတအဖွဲ့မှ မသက်ဝေလွင်၏ ပြောကြားချက်အရ သိရသည်။

အလှူခံရာတွင် မြန်မာအနုပညာရှင်များဖြစ်သည့် ဟိန်းဝေယံ၊ နေမင်း၊ ဟက်ကက်၊ ယုန်လေး၊ နေဒွေး၊ ကောင်းပြည့်၊ ဆန်းတိုးနိုင်၊ အလင်းရောင်၊ အောင်လေး၊ အောင်မင်းခန့်၊ ဖြိုးဇော်လင်း၊ မေကဗျာ၊ မိုးယုစံ၊ စံရတီမိုးမြင့်၊ ခရစ္စတီးနား၊ ဝါဆိုမိုးဦး၊ မိုးစက်ဝိုင်၊ ဆူဇီ၊ ဂုဏ်ရှိန်ဝင့်ထည်တို့ အပါအဝင် အနုပညာရှင် ၅၀ ခန့်နှင့် ထိုင်းရုပ်ရှင်သရုပ်ဆောင်မင်းသမီး ကရဗီတို့ ပါဝင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**




သံပန်းကျွမ်းကျင်သူများ အဖွဲ့လိုက်သော်လည်းကောင်း၊
တစ်ဦးချင်းသော်လည်းကောင်း အလိုရှိသည်။
Steel structure,I Beam ,H Beam ဖြင့်
အဆောက်အအုံဆောက်လုပ်နိုင်သော
ပညာရှင်အဖွဲ့လိုက်သော်လည်းကောင်း၊
တစ်ဦးချင်းသော်လည်းကောင်း အလိုရှိသည်။
လစာကောင်းကောင်းပေးမည်။
ပုတ်ပြတ်လုပ်လိုသူများ၊ လခစားလုပ်လိုသူများ
မည်သူမဆို လျှောက်ထားနိုင်သည်။
**အမှတ် ၂၄၂၊ ကမာကြည်လမ်း၊(၂၉ )ရပ်ကွက်၊**
**သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်**
**ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၂၂၂၄၊၅၆၀၇၈၇၊**
**၀၉-၅၁၇၈၉၇၉၊၀၉-၄၃၀၂၂၈၂၈၊၀၉-၄၂၀၃၀၁၀၉၁**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**အိတ်ဖွင့်တင်ဒါကြေညာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့် ဓားရွေ/ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၃-၃-၂၀၁၅ ရက်နှင့် ၁၆-၃-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး ၈၁၈ တန်
- ကျွန်းခွဲသား/ဓားရွေ ၂၇၈ တန်
- ပိတောက်၊ သင်းဝင်၊ ထောက်ကြန့်၊ နှော၊ ပျဉ်းကတိုး၊ ကညင်၊ သစ်ယာ၊ အင်ကြင်း၊ သက်န်း၊ စကားဝါ၊ သစ်လုံး ၁၀၀၀၀ တန်
- ပိတောက်/တမလန်း၊ ဓားရွေ ၁၉၀၀ တန်ခန့်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၇၁၊ e-mail:marketing1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

# ငြိမ်းချမ်းရေးရလဒ်ကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသည့် ကရင်ပြည်နယ်

**တွေ့ဆုံမေးမြန်း – နေလင်း(သတင်းစဉ်)**
**ဓာတ်ပုံ – မင်းသစ်**

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် KNU အဖွဲ့တို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကရင်ပြည်နယ် ဖွဲ့ကပင်ဟိုတယ်၌ အပစ်အခတ်ရပ်စဲ ရေးပဏာမသဘောတူညီချက်ရရှိခဲ့ပြီး ကရင်ပြည်နယ်အတွင်း တိုက်ပွဲသံများချုပ်ငြိမ်းကာ စဉ်ဆက်မပြတ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးရေးကို လိုလားတောင့်တနေသည့် ကရင်ပြည်နယ် ဒေသခံပြည်သူတို့၏ဆန္ဒသည်လည်း ပြည့်ဝခဲ့ပြီဖြစ်သည်။ ငြိမ်းချမ်းရေးရလဒ်ကောင်းများနှင့်အတူ ကရင်ပြည်နယ်သည်လည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ကရင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်းပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်-

**မေး။ ။ ငြိမ်းချမ်းရေးရလဒ်ကောင်းနှင့်အတူ ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေး ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကရင်ပြည်နယ်မှာ တိုင်းရင်းသားလက်နက်ကိုင် KNU အဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးပဏာမသဘောတူညီချက်ရခဲ့ပြီး ဒေသတွင်းမှာ တိုက်ပွဲသံတွေ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ အဲ့ဒီနောက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်နိုင်ဖို့ နိုင်ငံတော်က မဟာဗျူဟာချပြီး အခြေခံကျတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။

**မေး။ ။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါနတောင်တန်းကိုဖြတ်ပြီး မြဝတီ–ကော့ကရိတ် လမ်းသစ်ကြီး ဖောက်လုပ်ဖြစ်ခဲ့ပုံ သိပါရစေ။ အဲ့ဒီအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရလာတယ်ဆိုတာ သိပါရစေခင်ဗျား။**

ဖြေ။ ။ ငြိမ်းချမ်းရေးဆွေးနွေးပြီးနောက်ပိုင်း မြဝတီ-ကော့ကရိတ်အာရှလမ်းသစ်ကြီးကို ဖောက်လုပ်နိုင်ခဲ့ပါတယ်။ လမ်းဟောင်းက နဂိုကကျဉ်းတဲ့အပြင် တောင်စွယ်တွေရှိတဲ့အတွက် ချဲ့လို့မရဘူး။ အတက်တစ်ရက် အဆင်းတစ်ရက်သွားနေရတယ်။ အခုနယ်မြေကလည်း အေးချမ်းလာသလို မြန်မာနိုင်ငံကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တော့ အာဆီယံကလည်း AEC အကောင်အထည်ဖော်ဖို့နီးလာတယ်။ ၂၀၁၅ နှစ်ကုန်ဆို စတင်ကျင့်သုံးတော့မှာပါ။ အခုကတည်းကိုက ကုန်သွယ်မှုပမာဏတွေ တက်နေတယ်။ ဒီလမ်းက ၂၀၁၀ ခုနှစ် ဝန်းကျင်ကဆို တစ်နေ့မှ ကားအစီးရေ ၂၀၀ ဝန်းကျင်လောက်ပဲ သွားတယ်။ အခု ကားအစီး ၁၅၀၀ နဲ့ ၂၀၀၀ ကြားမှာသွားနေတယ်။ လမ်းပြီးသွားရင်တော့ အတက်တစ်ရက် အဆင်းတစ်ရက် မဟုတ်တော့ဘဲ အသွားအပြန် စဉ်ဆက်မပြတ်သွားလို့ရသွားပြီ။ ခရီးလည်းတိုသွားတယ်။ လမ်းကလည်း ကောင်းသွားတော့ ကုန်သွယ်မှုပမာဏတွေ တက်လာသလို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက်ရော၊ ကုန်သွယ်ကူးသန်းမှုအတွက်ရော ဥပဒေနဲ့အညီ ဖြေလျှော့မှုတွေလုပ်ပေးထားတော့ အရင်ကထက် ပိုပြီးသွားကြလာကြတာပေါ့။ အဲ့ဒီအတွက် ဒေသခံတွေရော ဒေသအသီးသီးမှာရှိတဲ့ ပြည်သူတွေရော အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာတယ်။

**မေး။ ။ ပညာရေးနဲ့ပတ်သက်ပြီး ကရင်ပြည်နယ်အတွင်းမှာ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း။

ဖြေ။ ။ ပညာရေးနဲ့ပတ်သက်ရင်လည်း အရင်တုန်းက ပဋိပက္ခတွေရှိနေတော့ အကူးအသန်းတွေ သိပ်မလုပ်ရဲကြဘူး။ ပညာရေးမှာလည်း မူလတန်းလောက်မှာ ပြီးသွားကြတာများတယ်။ တချို့ဆို မူလတန်းတောင် ပြီးအောင် နေမသွားရတဲ့ကလေးတွေ အများကြီးရှိတယ်။ ငြိမ်းချမ်းလာတဲ့အခါ တစ်ဖက်မှာလည်း နိုင်ငံတော်က မူလတန်းပညာရေးစနစ်မှာ မသင်မနေရစနစ်ပြဋ္ဌာန်းလိုက်တယ်။ အထောက်အပံ့တွေပေးလာတယ်။ အခုကျတော့ ကျောင်းတွေမှာပါငွေကြေးထောက်ပံ့လာတော့ ကျောင်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ ကျောင်းနေနှုန်းကလည်း မြင့်လာတယ်။ ရာခိုင်နှုန်းပြည့်နီးပါးလောက်ထိပေါ့နော်။ ကျောင်းတွေကိုလည်း တိုးချဲ့ဖွင့်လာတယ်။ အတန်းကူးပြောင်းမှုတွေ တက်လာတယ်။ ဥပမာ မူလတန်းအောင်ပြီး အလယ်တန်းကူးပြောင်းတာတို့၊ အထက်တန်းကူးပြောင်းတာတို့ပေါ့။ တက္ကသိုလ်တွေမှာလည်း မဟာဘွဲ့ပေးတဲ့ထိပေါ့။ ဘားအံတက္ကသိုလ်မှာ ဝန်ထမ်းအိမ်ရာတွေ၊ စာသင်ဆောင်တွေ တိုးချဲ့ဆောက်လုပ်နေတယ်။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ ကျောင်းသားဆောင်တွေ တိုးချဲ့ဆောက်လုပ်ဖို့ စီစဉ်နေတယ်။ အခုလည်းရှိတဲ့ အဆောင်အချို့ကို ကျောင်းသားကျောင်းသူအဆောင်အဖြစ် လက်ခံထားတယ်။ ဒါတင်မကဘူး တစ်ဖက်က အလုပ်အကိုင်အခွင့်အလမ်းလည်း ဖန်တီးပေးရင်းနဲ့ ဆွဲခန့်ဆရာ ဆရာမတွေ ခန့်ပေးလိုက်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရသွားတယ်။ ဒေသက ဆွဲခန့်လိုက်တဲ့အခါ သူ့ဘာသာစကားကျွမ်းကျင်တဲ့အခါကျတော့ အဲ့ဒီဆရာဆရာမတွေက ကလေးတွေကို ကရင်လိုလည်းသင်၊ မြန်မာလိုလည်း ညှပ်ပြီးသင်တော့ ကလေးတွေပိုနားလည်တာပေါ့။ အဲ့သလို အကျိုးထူးလေးတွေခံစားလာရတယ်။ အဲ့သလို အလုပ်လေးတွေ ခန့်ပေးလိုက်တဲ့အခါကျတော့ အဆင်ပြေသွားတာပေါ့။ နိုင်ငံတော်ကလည်း တိုင်းရင်းသားဘာသာစကားကို သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းထိ ရိုက်နှိပ်ထုတ်ဝေတဲ့အတွက် အဆင်ပြေသွားတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာ သိပါရစေ။**

ဖြေ။ ။ ကျန်းမာရေးကဏ္ဍမှာဆိုရင် ဟိုတုန်းက ကျေးလက်မြို့ပြ အကူးအသန်းနည်းတယ်။ အကူးအသန်းနည်းတော့ မြို့ပြက ဆေးရုံတွေပေါ်မှာ နည်းနည်းလေးဘာသာစကားပေါက်ပြီး တရင်းတနှီးရှိတဲ့ နေရာတွေလောက်ကပဲ လာကြတယ်။ အကူးအသန်းနည်းတော့ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းတာပေါ့။ အခုက နယ်မြေဒေသက အေးချမ်းလာသလို လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာတော့ ပြည်နယ်၊ ခရိုင်ဆေးရုံကြီးတွေမှာရှိတဲ့ အထူးကုဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေက လတိုင်း ဒေသတွေ၊ ကျေးရွာတွေအရောက်ကွင်းဆင်းပြီးတော့ အခမဲ့ဆေးဝါးကုသ ပေးတယ်။ အဲ့ဒီလိုလုပ်ရင်း ထိတွေ့မှုတွေရ ရင်းနှီးပြီး ယုံကြည်မှုရလာတယ်။ တစ်ဖက်မှာလည်း အရင်တုန်းက ဆေးဝါးက မလုံလောက်ဘူးပေါ့။ ဆေးရုံလာတက်တဲ့သူက ဆေးဝါးဝယ်သုံးနေရတယ်။ ဆေးရုံလာတက်ပေမယ့် အကုန်အကျများတယ်။ အခုတော့ နိုင်ငံတော်ကဆေးဝယ်ဖို့ ငွေအလုံအလောက်ပေးတော့ ဆေးရုံလာတက်တဲ့လူနာတွေက ဆေးဖိုးကုန်စရာမရှိတော့ဘူး။ ဆေးရုံတွေကိုလည်း ပိုအားကိုးလာတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း အားကောင်းလာတယ်။ ဒါတင်မက ကျေးလက်ကျန်းမာရေးဌာနခွဲ ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံတွေလည်း ပိုပြီးတိုးမြှင့်ဆောက်ပေးတယ်။ ဘားအံဆေးရုံကြီးဆို လူနာများလာလို့ သုံးထပ်ဆောင်ကြီးတစ်ဆောင် တည်ဆောက်လို့ပြီးခါနီးပြီ။ မကြာခင်ဖွင့်တော့မယ်။ အထူးကုတွေလည်း စုံစုံလင်လင်ခန့်ထားပေးသလို ကုသရေးနဲ့ပတ်သက်တဲ့ ဆေးကုသရေးပစ္စည်းတွေ တပ်ဆင်ပေးထားတယ်။ ဒေသခံဆေးတက္ကသိုလ် ဘွဲ့ရတွေကိုလည်း ဒေသကျန်းမာရေးဌာနတွေမှာ ခန့်ထားပေးတော့ အလုပ်အကိုင်လည်းရ ကျန်းမာရေးဌာနတွေလည်း အားကောင်းလာတာပေါ့။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုတာ အရေးကြီးဆုံးပါပဲ။

**မေး။ ။ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဘယ်လိုအဆင့်မြှင့်တင်မှုတွေ လုပ်နေပါသလဲ။**

ဖြေ။ ။ စိုက်ပျိုးရေးကဏ္ဍမှာလည်း ပြည်နယ်ထဲမှာ စိုက်ပျိုးမြေ စုစုပေါင်းဧက ၁၀ သိန်းရှိတယ်။ နွေစပါး၊ မိုးစပါးစိုက်ဧက သီးထပ်ရော၊ သီးခြားစိုက်တာရော ဧက ခြောက်သိန်း ရှိတယ်။ ပဲမျိုးစုံ၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြံစိုက်တယ်။ နှစ်ရှည်ပင် အနေနဲ့က ရော်ဘာစိုက်တယ်။ ကရင်ပြည်နယ်ထဲမှာ ရော်ဘာစိုက်ဧက နှစ်စဉ်သောင်းနဲ့ချီပြီး တက်နေတယ်။ ကရင်ပြည်နယ်ထဲမှာ ရော်ဘာစိုက်ဧက စုစုပေါင်းနှစ်သိန်းခြောက်သောင်းလောက်ရှိပြီးတော့ အစေးထုတ်နိုင်တဲ့ ဧကတစ်သိန်းနီးပါးလောက်ရှိတယ်။ တစ်ဖက်မှာလည်းစိုက်ပျိုးရေးကဏ္ဍတိုးတက်အောင် စက်မှုလယ်ယာဖော်ထုတ်ဖို့၊ ရေရရှိဖို့၊ မျိုးကောင်းမျိုးသန့်သုံးစွဲဖို့ သိပ္ပံနည်းကျစိုက်ပျိုးဖို့၊ မြေဩဇာတွေ သင့်တင့်လျောက်ပတ်စွာ အသုံးချနိုင်ဖို့ အလေအလွင့်နည်းအောင် ရိတ်သိမ်းနည်းပညာ စတာတွေကို ဆောင်ရွက်ရတာပေါ့။ နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေတယ်။ ကျွန်တော်တို့နိုင်ငံက မြေဆီကောင်းပေမယ့် တွက်ခြေကိုက်တဲ့ စိုက်ပျိုးလယ်တွေ ဖြစ်အောင် ပြုပြင်ပြောင်းလဲပေးရမယ်။ နည်းပညာတွေ ပြောင်းလဲပေးရမယ်။ ဒေသတွင်းမှာ စိုက်ပျိုးနည်းပညာတတ်တဲ့ ကလေးတွေလိုတယ်။ ဘားအံမှာ ဖွဲ့ကပင် စိုက်ပျိုးရေးသိပ္ပံကျောင်းဆိုပြီး ပထမနှစ်စပြီးဖွင့်ထားတယ်။ စိုက်ပျိုးရေးလုပ်တော့မယ်ဆိုရင် မြေနဲ့ပတ်သက်ပြီး မြေဆီ နဲ့ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်သိဖို့လိုလာတယ်။ မျိုးစေ့နဲ့ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်သိဖို့ လိုလာတယ်။ ပိုးမွှားဗေဒနဲ့ပတ်သက်ပြီး သိဖို့လိုလာတယ်။ သိရုံနဲ့မပြီးသေးဘူး၊ မြန်မြန်ဆန်ဆန်နဲ့ တောင်သူတွေကို တုံ့ပြန်ပေးနိုင်မယ့် ဓာတ်ခွဲခန်းလိုတာပေါ့။ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဓာတ်ခွဲခန်းကြီးတည်ဆောက်ထားပြီးပါပြီ။

**မေး။ ။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့တခြား NGO၊ INGO တွေ ကူညီဆောင်ရွက်နေတာရှိရင် သိပါရစေ။**

ဖြေ။ ။ ဆွစ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ ဆွစ်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးဖောင်ဒေးရှင်းနဲ့ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖွဲ့အစည်းတို့ပူးပေါင်းပြီး ကရင်ပြည်နယ်အတွင်းမှာ ကျေးလက်အခြေပြုသက်မွေးပညာသင်တန်းတွေပို့ချနေတယ်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတွေလည်းလာနေပြီ။ ကရင်ပြည်နယ်တွင်းမှာလည်း စက်မှုဇုန်တည်ထားတော့ ဒီသင်တန်းက ဒေသခံတွေအတွက်အကျိုးကျေးဇူးရှိပါတယ်။ တခြား NGO၊ INGO အဖွဲ့တွေလည်း ဒေသဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်နေပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်ဒေသဖွံ့ဖြိုးဖို့လာတဲ့သူတွေကို ကြိုဆိုပါတယ်။ ဒေသဖွံ့ဖြိုးရေးတွေလုပ်နိုင်တယ်ဆိုတာကလည်း ငြိမ်းချမ်းရေးရလဒ်ကောင်းတွေကြောင့်ပါ။ ။

# မြန်မာ့မီးရထားအငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ (၂၀၁၃-၂၀၁၄) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မီးရထားစက်ခေါင်းစက်ရုံသင်တန်းခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေး၌ အသင်း၏နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို အတည်ပြုကြပြီး အသင်းသို့ ဒုတိယဝန်ကြီးမိသားစုက ငွေကျပ် နှစ်သိန်း၊ အထွေထွေမန်နေဂျာ (သွား/လာ) ဦးမြင့်ဝေမိသားစုက ငွေကျပ် ၁၀ သိန်း၊ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းမိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အစည်းအဝေးတွင် အသင်းဝင်များအား ဆေးရုံတက်ဆေးကုသစရိတ် တစ်ရက် ငွေကျပ် ၁၅၀၀ ဖြင့် ရက်ပေါင်း ၆၀ မှ ရက်ပေါင်း ၉၀ အထိ၊ ခန္ဓာကိုယ်ခွဲစိတ်ခြင်းအတွက် တစ်ကြိမ်ငွေကျပ် ၃၀၀၀၀ မှ ၄၀၀၀၀၊ မျက်စိ ခွဲစိတ်ခြင်းအတွက် တစ်ဖက်တစ်ကြိမ် ငွေကျပ် ၃၀၀၀၀ မှ ၃၅၀၀၀၊ နာရေးအတွက် ငွေကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ အထိ ထောက်ပံ့ကြေး တိုးမြှင့်ပေးသွားရန်နှင့် အသက် ၇၀ ပြည့်အသင်းဝင်များအား ထောက်ပံ့ခြင်း၊ အသက် ၉၀ ပြည့် အသင်းဝင်များအား ငွေကျပ် ၂၀၀၀၀ စီ ချီးမြှင့်သွားရန် ဆုံးဖြတ်ကြသည်။

ယခုအခါမြန်မာ့မီးရထားအများပိုင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရေးကြိုးပမ်းလျက်ရှိရာ အသင်းဝင်များသည် အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရှယ်ယာဝင်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကျေးရွာအရောက် ခွေးရူးရောဂါကာကွယ်ဆေးထိုး

**တာချီလိတ် မတ် ၂**

မွေးမြူထားသော ခွေးနှင့်ကြောင် အိမ်မွေးတိရစ္ဆာန်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးနှင့် အဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိကွင်းဆင်းပြီးအခမဲ့ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းရာတွင် ဖန်မင်ကျေးရွာ အုပ်စုရှိဝမ်ကော့အောက်ရွာ၊ ဝမ်ကော့အပေါ်ရွာ၊ ဟာကျမနိုးကျေးရွာနှင့် စလိရွာကျေးရွာ၊ မယ်ယန်းကျေးရွာ၊ ဧဒင်ကျေးရွာ၊ ဝမ်ကျောက်လုံကျေးရွာ၊ ပါဝှန်းကျေးရွာများမှ အိမ်မွေးတိရစ္ဆာန် ခွေး ၂၅၂ ကောင်၊ ကြောင် ၆၁ ကောင် စုစုပေါင်း ၃၁၃ ကောင်ကို ကူးစက်ရောဂါကာကွယ်ဆေးများထိုးပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကျေးရွာများ၌ တိရစ္ဆာန်မွေးမြူသူတိုင်း ခွေးရူးကိုက်ခံရခြင်း ကင်းဝေးစေရန် မိမိတို့၏ခွေး၊ ကြောင်လေးများအား ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းဖြင့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီ နိုင်စေရေး၊ တိရစ္ဆာန်သေဆုံးမှုလျော့နည်းရေးနှင့် ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အခမဲ့ကွင်းဆင်းကုသမှု ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် အခြားကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



ပြည်တွင်းသတင်း

# တက္ကသိုလ်လက်ရွေးစင်မှသည် နိုင်ငံ့လက်ရွေးစင်ဆီသို့ ရည်မှန်းကာ တက္ကသိုလ်လေ့လျှော်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂**

နိုင်ငံတော်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေခံမှာ ကျောင်းများ၊ တက္ကသိုလ်များ၏ အားကစားဖွံ့ဖြိုးမှုအပေါ် တည်မှီနေကြောင်း၊ အားကစားလှုပ်ရှားမှုများ တစ်နှစ်ပြီးတစ်နှစ် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ် အားကစားလောက ပြန်လည် ပွင့်လန်းလာပြီဖြစ်ကြောင်းဖြင့် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားကန်ရှိ တက္ကသိုလ်များ လေ့လျှော်အသင်း(ရန်ကုန်)တွင် ကျင်းပသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ လေ့လျှော်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ(ရန်ကုန်) လေ့လျှော်ပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး (ရန်ကုန်တက္ကသိုလ် လေ့လျှော်အသင်းဥက္ကဋ္ဌ)က "လေ့လျှော်ကစားနည်းက ကျောင်းသား ကျောင်းသူများစုပေါင်းပြီး လုပ်တတ်တဲ့ စိတ်ဓာတ်တွေ၊ အများစုပေါင်းကောင်းမှ နိုင်မယ်ဆိုတဲ့အသိ၊ အနိုင်မခံ အရှုံးမပေးတဲ့ ဇွဲသတ္တိတွေရှိအောင် လေ့ကျင့်ပေးတဲ့ အားကစားနည်း တစ်ခုပါပဲ။ အခုဆိုရင် အဆောင်တွေလည်း ပြန်ထားပြီဆိုတော့ နီးနီးနားနားမှာလည်း ကျောင်းသား ကျောင်းသူတွေ လေ့ကျင့်လို့ရနေတော့ အခွင့်အရေးတွေ ရနေတဲ့အတွက်ကြောင့် တက္ကသိုလ်မှာရှိတုန်း အားကစားတွေမှာ ဝင်ရောက်ကစားကြပါ။ လေ့လျှော်အားကစားနည်းဟာ နိုင်ငံ့ဂုဏ်ဆောင် အားကစားနည်းဖြစ်တော့ တက္ကသိုလ် လက်ရွေးစင်မှသည် မြန်မာနိုင်ငံ လက်ရွေးစင်ဆီသို့ဆိုပြီး ရည်မှန်းကာ လေ့ကျင့်ကြပါ၊ အားလုံးပါဝင်ကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

**လေ့လျှော်အားကစားနည်းဟာ နိုင်ငံ့ဂုဏ်ဆောင် အားကစားနည်းဖြစ်တော့ တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာနိုင်ငံ လက်ရွေးစင်ဆီသို့ဆိုပြီး ရည်မှန်းကာ လေ့ကျင့်ကြပါ။**

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တက္ကသိုလ်အသီးသီးမှ ပြိုင်ပွဲဝင်ဆုရ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့တွင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလက ကျင်းပသည့် တက္ကသိုလ်များ လေ့လျှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တက္ကသိုလ်များ လေ့လျှော်အသင်းမှ အုပ်ချုပ်သူတစ်ဦးနှင့် လက်ရွေးစင်ကစားသမားနှစ်ဦး၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်အားကစားအဖွဲ့များက မြန်မာနိုင်ငံ ကိုယ်စားပြုပါဝင် ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့တွင် ကျင်းပသည့် တက္ကသိုလ်ပေါင်းစုံဖိတ်ခေါ် အားကစား ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံ တက္ကသိုလ်များ လေ့လျှော်အသင်းမှ အမျိုးသမီးသုံးဦး၊ အမျိုးသားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တစ်ယောက် လေ့လျှော်အမျိုးသမီးတွင် ပထမဆု ရရှိခဲ့ကြောင်း သိရသည်။

**နေလင်း (သတင်းစဉ်)**

# မင်းတုန်းမြို့နယ်တွင် အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေယူ၍ နိုင်ငံရပ်ခြားပို့သူ ဖမ်းဆီးမိ

**သရက် မတ် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မင်းတုန်းမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီခွဲက မင်းတုန်းမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် မှန်လုံခရီးသည်တင်ယာဉ်တွင် အကျိုးဆောင်လိုင်စင်မရှိသူတစ်ဦးက ပြည်ပသို့ အလုပ်သမားများ ပို့ဆောင်နေကြောင်းသတင်းအရ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ထွေးကျော်



နှင့်ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် မင်းတုန်းမြို့နယ် စပါးတန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၉၈/၄)တွင် စောင့်ဆိုင်းနေစဉ် ည ၇ နာရီ ၁၅ မိနစ်က မင်းတုန်း-ရန်ကုန် "ရွှေပွင့်ဖြူ" ကားဆိုက်ရောက်လာသဖြင့် စစ်ဆေးရာ ထိုင်ခုံအမှတ် (၂၅)တွင် လိုက်ပါလာသော မစုစုခိုင် (၃၄ နှစ်)(တောင်သူ၊ မင်းရွာကိုင်းကျေးရွာ မင်းတုန်းမြို့နယ်) နေသူကို စစ်ဆေးမေးမြန်းရာ ထိုင်ခုံအမှတ် (၂၆)တွင် လိုက်ပါလာသော ဦးမြင့်ဦး (၄၃ နှစ်) (ကွဲ့ဘေးကျေးရွာ မင်းတုန်းမြို့နယ်) နေထိုင်သူကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဟု ခေါ်ဆောင်ခဲ့ပြီး ၎င်းထံမှ ပို့ဆောင်ခ ငွေကျပ် ၂၄၇၀၀၀ ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေရယူ၍ ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည့် မစုစုခိုင်အား မင်းတုန်းမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲ မလှိုင်မြို့၌ ကျင်းပ

**မလှိုင် မတ် ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဒေသခံပြည်သူများက ခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က လမ်းကြောင်း ငါးခုဖြင့် စုရပ်အသီးသီးမှ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

လမ်းကြောင်းအမှတ်(၁)ကို ထန်းတောအလကရွေ့မှ လူအင်အား ၂၈၀ ဖြင့်လည်းကောင်း၊ လမ်းကြောင်း (၂)ကို ထုံးဖိုကန်စုရပ်မှ လူအင်အား ၂၂၀ ဖြင့်လည်းကောင်း၊ လမ်းကြောင်း(၃)ကို နွားပွဲအမကကျောင်းရှေ့မှ လူအင်အား ၂၂၀ ဖြင့် လည်းကောင်း၊ လမ်းကြောင်း(၄)ကို စိုက်ခြံအမက ကျောင်းရှေ့မှ လူအင်အား ၂၀၀ ဖြင့် လည်းကောင်း၊ လမ်းကြောင်း (၅)ကို မြို့မအားကစားကွင်းရှေ့မှ လူအင်အား ၂၈၀ ဖြင့် လည်းကောင်း စုစုပေါင်း လူအင်အား ၁၂၀၀ တို့က "တိုင်းပြည်ဆူပူအောင် ဖန်တီးသူ ဒို့ရန်သူ" စာတန်းပါ လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ဒီမိုကရေစီ ရှင်သန်ခိုင်မာရေး-ဒို့အရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး-ဒို့အရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး-ဒို့အရေး၊ ၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေး- အောင်ရမည် စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ မြို့တွင်းကို လှည့်လည်ဆန္ဒဖော်ထုတ်ကာ စုရပ်သို့ချီတက်ခဲ့ကြသည်။

လမ်းကြောင်းငါးခုမှ ချီတက်လာသော ဒေသခံပြည်သူများသည် စုရပ်ဖြစ်သော ထန်းတောကျေးရွာအုပ်စု ထီးဆောင်းကြီးဘုရား အနောက်ဘက်တွင် ကွင်းပြင်သို့ ရောက်ရှိခဲ့ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကြွေးကြော်သံများ တိုင်ပေးကာ ကြွေးကြော်ခဲ့ကြသည်။

ထို့နောက် ကျောက်တန်းကျေးရွာမှ ဦးမြင့်အောင်က "ဒီမိုကရေစီ ရှင်သန်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လိုလားသည်" စာတန်းကို ဖတ်ကြားပြီး နံနက် ၉ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းကာ လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**အောင်ဒွေး(မလှိုင်)**

# သစ်တောတက္ကသိုလ် ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

**နေပြည်တော် မတ် ၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် သစ်တောတက္ကသိုလ်(ရေဆင်း) ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက သစ်တောတက္ကသိုလ်ဘွဲ့နှင်းသဘင် အထူးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးထံ ဘွဲ့လက်ခံရယူကြမည့် ကျောင်းသား ကျောင်းသူများက ကတိသစ္စာပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က မဟာဘွဲ့ရရှိသူ နှစ်ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၃၁၆ ဦး၊ အဝေးရောက်သိပ္ပံဘွဲ့ရရှိသူ ၁၇ ဦး စုစုပေါင်း ၃၃၅ ဦးကို တစ်ဦးချင်း ဘွဲ့လက်မှတ်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပါမောက္ခချုပ်ဒေါက်တာမြင့်ဦး၊ ဒုတိယပါမောက္ခများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြောင်း သိရသည်။

(၄၀၆)

# ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံဆွေးနွေး

**ထန်တလန် မတ် ၂**

ထန်တလန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ထန်တလန်မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ NGOs, CSOsနှင့် သတင်းမီဒီယာများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထာလာမန်းက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နည်းဥပဒေကို မြို့နယ်ဥပဒေအရာရှိ ဦးချစ်ကောင်းက လည်းကောင်း၊ ၂၀၁၅ ခုနှစ်အတွက် မဲရုံ ၁၁၀ ရုံ လျာထားချက်နှင့် မြို့နယ်ကော်မရှင်၏ အခြားလုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးသန်းစိုးလင်းက ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး မေးမြန်းချက်များအပေါ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရှေ့ပြေးအစီရင်ခံစာအရ လူဦးရေ ၅၀၃၆၃ ဦးရှိပြီး လက်ရှိတွင် နိုင်ငံရေးပါတီ ငါးပါတီက ရုံးဖွင့်လှစ်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျား-မ ရေးရာအခြေပြု အကြမ်းဖက်မှု ကာကွယ်တားဆီးရေးသင်တန်းဖွင့်

**လွိုင်ကော် မတ် ၂**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် CARE Myanmar အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျား-မ အခြေပြု အကြမ်းဖက်မှု ကာကွယ်တားဆီးရေးသင်တန်း(GBV Prevention and Protection Training) ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်ဥပဒေချုပ်ရုံး၊ လွိုင်ကော်ခရိုင်ဥပဒေရုံးနှင့် လွိုင်ကော်မြို့နယ်ဥပဒေရုံးများမှ အရာရှိနှင့် ဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ်ဥပဒေချုပ်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လိင်(SEX) နှင့် ကျား-မ ခွဲခြားမှုအပေါ် မူတည်၍ အကြမ်းဖက်မှုများကို မည်သို့ကာကွယ်တားဆီးဖြေရှင်းရမည်ကို လွိုင်ကော်ခရိုင်ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်းက ရှင်းလင်းပို့ချသည်။

ဆက်လက်၍ CEDAW လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် (1325) တို့ကို CARE Myanmar Loikaw Program Officer Daw Lucia နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဆရာမကြီး ဒေါ်နိုဗလင်းတို့က ရှင်းလင်းပို့ချခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



**နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲမှုဦးစီးဌာန (FDA) နှင့် တိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၇ ရက်က ရွှေဘိုမြို့ စည်ပင် သာယာရေးဈေးအတွင်းသို့ လာရောက်ပြီး ရောင်းချနေသော စားသောက် ကုန်များမှ ပြည်သူအများ စားသုံးရန်မသင့်သော ကုန်ပစ္စည်းများကို လိုက်လံစစ်ဆေးစဉ်။** (၀၅၀)

# ဆင်ချောင်းရွာမှ ကုလားပဲ ယခုနှစ်အထွက်တိုးလျက်ရှိ

**ရေစကြို မတ် ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ကုလားပဲစိုက်ပျိုးခြင်းကို မိုးစပါးရိတ်သိမ်းအပြီး မြေအစိုဓာတ်ရှိနေစဉ် ထွန်ယက်ကြဲပက်စိုက်ပျိုးကြသကဲ့သို့ အချို့သော တောင်သူများက စပါးမောင်းညိုချိန်တွင် လယ်ကွက်ထဲတွင် ကုလားပဲကြဲပက်၍ စိုက်ပျိုးကြသည်။ ထို့အပြင် ယာသီးနှံမြေများတွင်လည်း ရေသွင်းထွန်ယက်စိုက်ပျိုးကြသည်။ တစ်မြို့နယ်လုံးတွင် ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုများ ဧကသုံးသောင်းနီးပါးခန့်ရှိပြီး ဒေသ၏ ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီသော ရေဆင်းကုလားပဲနီ၊ ရွှေနီလုံးကြီး၊ ရေဆင်းကုလားပဲဖြူ (ICCV 97314) (ICCV-97306) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း လေ့လာသိရှိရသည်။



"ကျွန်တော်တို့ ဆင်ချောင်းနယ်မှာတော့ ရေဆင်းကုလားပဲဖြူကို အများဆုံး စိုက်ပျိုးကြပါတယ်။ အလုံးလည်းကြီး အရောင်ကလည်း လှတော့ ဈေးကွက်ရှိတယ်။ ဒေသရေ၊ မြေ၊ ရာသီဥတုနဲ့လည်း ကိုက်ညီတယ်။ ရောဂါဒဏ်လည်း ခံနိုင်ရည်ရှိတယ်။ တစ်ဧကကို မျိုးတစ်တင်းနှုန်းလောက်တော့ စိုက်ရတယ်။ ဒီနှစ်ကုလားပဲအထွက်ကတော့ တခြားနယ်တွေဘယ်လိုရှိလည်း ဆိုတာတော့ မသိဘူး။ "ကျွန်တော်တို့ ဆင်ချောင်းနယ်မှာတော့ ဒီနှစ်အထွက်များမှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဇန်နဝါရီလထဲမှာ ရွာတဲ့မိုးက ကုလားပဲကို အတော်အကျိုးပြုသွားတယ်လို့ ဆိုရမှာပဲ အပင်အနေအထားကလည်းကောင်း၊ တစ်ပင်ပါအသီးကလည်း အားရစရာပဲ။ အကုန်လုံးတော့ မခြွေရသေးဘူး တစ်ဝက်တစ်ပြက်တော့ ခြွေလှေ့ပြီးပြီ။ တစ်ဧက တင်း ၂၀ နဲ့ အထက်တော့ ထွက်မှာသေချာတယ်။ မနှစ်ကတော့ တစ်ဧက ၁၅ တင်း ၁၆ တင်းလောက်ပဲ ရတယ်။ ဒါကြောင့် ဒီနှစ်မှာ ကုလားပဲအထွက်များတယ်"ဟု ဆင်ချောင်းရွာမှ တောင်သူ ဦးကျော်သောင်းက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ပလက်ဝ-မတူပီ ကားလမ်းဖောက်လုပ်

**ပလက်ဝ မတ် ၂**

ချင်းပြည်နယ်အတွင်းရှိ ပလက်ဝမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နယ်စွန်နယ်ဖျားမြို့နယ်ဖြစ်ပြီး ပြည်နယ်မြို့တော်ဟားခါးမြို့နှင့်ပြည်နည်အတွင်းရှိ အခြားမြို့နယ်များသို့သွားလာရာတွင် နယ်မြေချင်းဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်မှ ခရီးဦးစတင်ကာ မကွေး၊ မန္တလေး၊ စစ်ကိုင်း တိုင်းဒေသကြီးများကို ဖြတ်သန်းသွားလာရကြောင်း၊ ယခင်က ပလက်ဝ - မတူပီလမ်းပိုင်း ၁၃၅ မိုင်အား လမ်းအူကြောင်းတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ပလက်ဝမြို့မှ စိမ့်စမ်းကျေးရွာအထိ မြေသားလမ်း လေးမိုင်ဖောက်လုပ်ခဲ့ဖူးကြောင်းသိရသည်။ ဤလမ်းပိုင်းကိုပင် အသုံးပြုသွားလာနိုင်မှု မရှိခဲ့သဖြင့် ပြင်ဆင်ထိန်းသိမ်းမှု လျော့နည်းကာ လမ်းတံတားများ ပျက်စီးခဲ့သည်။



ယခုအခါ လမ်းပိုင်းတစ်ခုလုံးကို မတူပီမြို့မှစတင်ကာ ပလက်ဝနယ်စပ်ထိ မိုင် ၉၀ကို မတူပီမြို့နယ်အပိုင်းဟု သတ်မှတ်၍ မတူပီနယ်စပ်မှ ပလက်ဝမြို့ထိ ၄၅ မိုင်ကို ပလက်ဝမြို့နယ်အပိုင်းဟု သတ်မှတ်ဖောက်လုပ်နေခြင်းဖြစ်သည်။ ပလက်ဝမြို့တွင်းလေးဖာလုံခန့်ကို ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း၊ သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပလက်ဝမြို့နယ်အပိုင်းမှ လမ်းပိုင်းတစ်ခုလုံး အခြေအနေမှာ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# ယာယီသက်သေခံလက်မှတ်များအပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းရှင်းလင်းဆွေးနွေး

**လားရှိုး မတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း တွဲဖက်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ယာယီသက်သေခံ လက်မှတ်များအပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် မိုးပွင့်(အထူး)စီမံချက် ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို တွဲဖက်ပြည်နယ် အစည်းဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် တွဲဖက်ပြည်နယ်၊ လားရှိုးခရိုင်မြို့နယ် ရုံးဝန်ထမ်းစုစုပေါင်း ၅၅ ဦးတက်ရောက်ခဲ့သည်။ အခမ်းအနားတွင် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များဖြစ်သော ယာယီသက်သေခံလက်မှတ်များအပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းဆိုင်ရာလုပ်ငန်းများနှင့် မိုးပွင့်(အထူး) စီမံချက်ဆောင်ရွက်ပြီးစီးမှုကို Power Point ဖြင့် ရှင်းလင်းခဲ့ပြီး ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများက ဆွေးနွေးတင်ပြချက်များအပေါ် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး) ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကသာ မတ် ၂**

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ (ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး) ရန်ပုံငွေလွှဲပြောင်း ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်က မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး) ရန်ပုံငွေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် သက်ဆိုင်သော ချက်လက်မှတ်များနှင့် စာရွက်စာတမ်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်တို့က သက်ဆိုင်ရာကျေးရွာများသို့ ပေးအပ်ခဲ့ကြသည်။ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီ ရရှိကြသော ကသာမြို့နယ်ရှိ သပြေပင်ကျေးရွာ၊ ဦးစောကျွန်းရွာနှင့် အင်းတော်မြို့နယ်ရှိ စက်တောကုန်းကျေးရွာ၊ ကွင်းချောင်းကျေးရွာ စသဖြင့် ပေးအပ်ငွေ စုစုပေါင်း ငွေကျပ် သိန်း ၁၂၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အောင်သိဒ္ဓိစေတီတော်မြတ် ထီးတော်တင်ပွဲကျင်းပ

**ထန်ပါခွေ မတ် ၂**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့နယ်၌ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တသုမနဦးဆောင်၍ လဟယ်ဗဟိုဆရာတော်၊ ဆင်သေကျောင်းဆရာတော်၊ ခန္တီးဗဟိုဆရာတော်တို့နှင့် သံဃာတော် ၂၁ ပါး ပင့်ဆောင်၍ အလှူရှင် ဦးကျော်မြင့်ဦးမိသားစုက လှူဒါန်းသော ထန်ပါခွေမြို့ အောင်သုခကုန်းတော်ပေါ်တွင် အောင်သိဒ္ဓိစေတီတော်မြတ်အား ဖေဖော်ဝါရီ ၂၈ ရက်က ထီးတော်တင်လှူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာအုပ်စု ပန်ခမ်း(မူလွန်)ကျောင်းတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက မူဆယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝင်းခေါင်းဆောင်သော ရုံးဝန်ထမ်းများသည် ပန်ခမ်းကျေးရွာအုပ်စု နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကြီးကြပ်မှုများနှင့်အတူ မိုးပွင့်အထူးဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အများပြည်သူအား အသိပေးဟောပြောခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက်မိုးပွင့်(အထူး)စီမံချက်ကို ပန်ခမ်း(မူလွန်)ကျောင်းတွင် ဆောင်ရွက်ခဲ့ရာ ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအား ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# ကျေးလက်ဒေသဆိုလာမီးလင်းရေးဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဖားကူး အရှေ့ကျေးရွာ ဆိုလာမီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ယင်းကျေးရွာ၌ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းသန်းက ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာဆိုလာမီးလင်းရေးဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျေးလက်နေအိမ်များ၏ ဆိုလာမီးအသုံးပြုနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖားကူးအရှေ့ကျေးရွာ ဆိုလာမီးတပ်ဆင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ငွေကျပ် ၁၅၃ သန်းအကုန်အကျခံဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်အတွက် ဆိုလာအစုံ ၈၅၀၊ ကျေးရွာရှိ အိမ်ခြေ ၁၀၆၇၊ လူဦးရေ ၄၁၉၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ အဆင်ပြေစွာ အသုံးပြုနိုင်ကြောင်း သိရသည်။

**သန်းဝင်း**

# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**မုံရွာ မတ် ၂**

မုံရွာမြို့ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီးဦးလှကျော် ဦးဆောင်သည့် တိုင်းရင်းဆေးမှူး ၁၂ ဦးပါဝင်သောအဖွဲ့သည်ဖေဖော်ဝါရီ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျန်းမာရေစောင့်ရှောက်မှုတွင်လူနာ ၂၇၃ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များကို ဖေဖော်ဝါရီ ၂၆ ရက်က တာဝန်ရှိသူများက စစ်ဆေးခဲ့ပြီး သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိမှုများနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံများကို ရှင်းလင်းပြသစဉ်။

ပေါက်ကလေး(သရက်)

ဆောင်းပါး

# ထူးမြတ်ပူဇော် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲတော်

တင်အောင်ထွန်း(သုတေသန)

**တပေါင်းသာခေါင် လများနောင်**

မြန်မာတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများဖြစ်သည်နှင့်အညီ ရှေးရိုးစဉ်လာ ၁၂ လရာသီပွဲတော်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံပြီး ကျင်းပပြုလုပ်ခဲ့ကြပါသည်။

မြန်မာနှစ်သစ်ကို တန်ခူးလဗဟိုပြုဖြန့်ကြက်သဖြင့် တန်ခူးလတွင် ခါသကြန်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ကဆုန်လတွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ပူဇော်ပွဲ၊ နယုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် စာတော်ပြန်ပွဲ၊ ဝါဆိုပွဲစသဖြင့် ၁၂ လလုံးလုံး ပွဲတော်များ၊ အခါတော်နေ့ပွဲတော်များတန်းစီနေပြီး ၁၂ လ ရာသီကုန်ဆုံးသည့် တပေါင်းလတွင် သဲပုံစေတီပွဲ၊ တပေါင်းပွဲတော်တို့ဖြင့် နှစ်ဟောင်းကုန်ဆုံးကာ နှစ်သစ်တစ်ဖန်လည်ပတ်ပြန်ပါသည်။

တပေါင်းသာခေါင် လများနောင်ဟု ဆိုရလောက်အောင်ပင် မြန်မာတို့၏ တပေါင်းလသည် ထူးခြားလှပါသည်။ လယ်ယာလုပ်ငန်းများ ပြီးဆုံးချိန်ဖြစ်၍ အနယ်နယ်အရပ်ရပ်ရှိ ဘုရားပွဲတော်များသည် တပေါင်းလပြည့်နေ့ကို ဦးတည်ဗဟိုပြုကျင်းပလေ့ရှိကြပါသည်။ မြစ်ရေခန်းခြောက်ချိန် သဲသောင်ပြင်ကြီးပေါ်တွင် သဲပုံစေတီများ ယာယီတည်ထား၍ ပွဲလမ်းသဘင်ခင်းကျင်းပူဇော်ကြသည့် သဲပုံစေတီပွဲတော်ဟူ၍ ရှေးယခင်က အစဉ်အလာရှိထားဖူး၏။ နောက်ပိုင်းတွင်မူ အချို့သောဒေသများသာ ထိုအစဉ်အလာကျန်ရှိတော့၏။ အများအားဖြင့် ဒေသအလိုက် တန်ခိုးကြီးဘုရားစေတီများတွင် တပေါင်းပွဲတော်ကျင်းပခြင်းက ပိုမိုထူးခြားကျယ်ပြန့်ခဲ့ပါသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်သည် တပေါင်းလပြည့်နေ့တွင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူခဲ့ရာ ထိုနေ့ကိုအစွဲပြု၍ ဘုရားရှင်ပြည်တော်ဝင်နေ့အဖြစ် ပူဇော်ပွဲအခမ်းအနား ကျင်းပမှုလည်းရှိနေသေး၏။ ဘုရားရှင်အား ကြိုဆိုပွဲဟုခေါ်ဆိုနိုင်ပြီး ကပိလဝတ်နေပြည်တော်၌ ဗုဒ္ဓဝင်ကို ဟောကြားခဲ့သဖြင့် ဗုဒ္ဓဝင်ကဗျာရွတ်ဆိုခြင်းများပြု၍လည်း ဗုဒ္ဓဘုရားရှင်အား ပူဇော်ကြပါသည်။

**ထူးခြားဂုဏ်ဟိတ် ဘွဲ့တံဆိပ်**

တပေါင်းလပြည့်နေ့တွင် နိုင်ငံတော်မှ ကြီးမှူးကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်အပ်နှင်းပွဲအခမ်းအနားမှာ သာသနာရေးရှုထောင့်မှကြည့်လျှင် အထူးခြားဆုံးပွဲဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်အကြီးအကဲနှင့်တကွ မင်းပရိသတ်စုံညီစွာတက်ရောက်သည့် အခမ်းအနားဖြစ်၍ ခမ်းနားကြီးကျယ်သောပွဲလည်း ဖြစ်ပါသည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ်ရှိရာ ထိုသာသနာတော်သုံးရပ်တည်ရှိမှ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းစည်ပင်မည်ဖြစ်၍ ထိုသာသနာတော်သုံးရပ် ထွန်းကားပြန့်ပွားရေးအတွက် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်တော်မူကြသည့် ရဟန်းသံဃာတော်များ၊ ဘိက္ခုနီရဟန်းမများ၊ လူပုဂ္ဂိုလ်ဒါယကာအမျိုးသားများ၊ ဒါယိကာမအမျိုးသမီးများအား ဂုဏ်ပြုချီးကျူးပူဇော်ခဲ့ကြသည်မှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကစ၍ သာသနာဝင်သမိုင်းတစ်လျှောက်ခေတ်အဆက်ဆက်ထူးခြားသော အစဉ်အလာတစ်ရပ်ဖြစ်ခဲ့ပါသည်။

ဘုရားရှင်လက်ထက်တော်အခါက ပညာအရာတွင်ထူးချွန်မြင့်မြတ်သည့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပညာအရာဧတဒဂ်ဘွဲ့၊ တန်ခိုးအရာတွင် ထူးချွန်မြင့်မြတ်သည့် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးအား တန်ခိုးအရာဧတဒဂ်ဘွဲ့စသည်ဖြင့် ဘိက္ခုသံဃာတော် ၄၁-ပါး တို့အားလည်းကောင်း၊ ဘိက္ခုနီသာသနာကို အစဦးခွင့်ပြုမှုရရှိစေခဲ့၍ သိက္ခာဝါအကြီးဆုံးဖြစ်သည့် မဟာပဇာပတိ ဂေါတမီဘိက္ခုနီထေရီအား သိက္ခာအရာဧတဒဂ်ဘွဲ့၊ ပညာအရာကြီးကျယ်မြင့်မြတ်သည့် ခေမာဘိက္ခုနီထေရီအား ပညာအရာဧတဒဂ်ဘွဲ့စသည်ဖြင့် ဘိက္ခုနီထေရီ ၁၃ ပါးတို့အားလည်းကောင်း ဧတဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်က ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ ထို့ပြင် တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်၊ အနာထပိဏ်သူဌေး၊ စိတ္တသူကြွယ်စသည့် ဥပါသကာ(အမျိုးသား) ၁၀ ဦးတို့အား လည်းကောင်း၊ သုဇာတာသူဌေးကတော်၊ ဝိသာခါကျောင်းအမကြီးစသည့် ဥပါသိကာ(အမျိုးသမီး) ၁၀ ဦးတို့အားလည်းကောင်း အရာဌာနအလိုက် ဧတဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်ကိုယ်တိုင် ချီးမြှင့်မြှောက်စားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**ဘွဲ့မြတ်ပူဇာ စဉ်အလာ**

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် သာသနာတော်နှင့် သက်ဆိုင်သည့် ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်အပ်နှင်းခဲ့သည့် အစဉ်အလာကို ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်များက ဆက်ခံယူခဲ့ကြပြီး သီဟိုဠ်ခေတ်သာသနာဝင်တွင် ထူးချွန်ထင်ရှားသည့် ဆရာတော်ကြီးများအား သံဃရာဇာဘွဲ့၊ ရာဇဂုရုဘွဲ့၊ မဟာသာမိဘွဲ့၊ ကဝိစက္ကဝတ္တိဘွဲ့ စသည်ဖြင့်လည်းကောင်း၊ ပုဂံခေတ်အခါကစ၍စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက်တို့တွင် အကျင့်သီလအရာ စံထားရသည့် မထေရ်မြတ်ကြီးများ၊ ပရိယတ္တိအရာ ထက်မြက်ထူးချွန်သည့် မထေရ်မြတ်ကြီးများအား ဓမ္မဝိလာသဘွဲ့၊ ဒိသာပါမောက္ခဘွဲ့၊ အဂ္ဂပဏ္ဍိတဘွဲ့၊ ရာဇဂုရုဘွဲ့စသဖြင့်လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်ပူဇော်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းဆက်ကပ်လှူဒါန်းခဲ့သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၂ မျိုးမှာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ဖြစ်ပါသည်။ ထိုဘွဲ့တံဆိပ်တော် ၂ မျိုးသည်လည်း ပရိယတ္တိပညာအရာထင်ရှားကျော်ကြား၍ သာသနာတော်အကျိုးများစေသည့် ကျမ်းကြီးကျမ်းခိုင်များ ပြုစုတော်မူသော ဆရာတော်ကြီးများအား ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်များဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင်မူ ထိုစဉ်က နိုင်ငံတော်တာဝန်ယူထားသည့်အစိုးရက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၂၀ မျိုးကို တီထွင်ပြဋ္ဌာန်း၍ ပရိယတ္တိစာချဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာပြုဘွဲ့၊ ကမ္မဋ္ဌာန်းဘွဲ့များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုဘွဲ့ တံဆိပ် ၂၀ တွင် ထူးခြားချက်မှာ ပရိယတ္တိနယ်ပယ်မှ ရဟန်းသံဃာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြ သံဃာတော်များနှင့် သာသနာပြုနယ်ပယ်မှ ရဟန်းသံဃာတော်များသာမက ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသည့် ဥပါသကာ ဒါယကာ(အမျိုးသား)နှင့် ဥပါသိကာ ဒါယိကာမ (အမျိုးသမီး)တို့အား အဆင့်အလိုက် သာသနာနုဂ္ဂဟဘွဲ့များအပ်နှင်းချီးမြှင့်ပေးခြင်း ဖြစ်ပါသည်။

ယခုနှစ် ၂၀၁၅ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် ပုဂ္ဂိုလ်များ အမည်စာရင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုစာရင်းတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူမည့် ဆရာတော်ကြီး (၅)ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူမည့် ဆရာတော်ကြီး လေးပါးတို့အပါအဝင် ဘွဲ့တံဆိပ်တော်အစုံ သံဃာတော် ၁၅၃ပါး၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီး ၁၃ ပါး၊ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ဆက်ကပ်အပ်နှင်းခြင်းခံရ သည့် လူပုဂ္ဂိုလ်အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၈ဦးတို့ ဖြစ်ကြပြီး ပြည်တွင်းပြည်ပအားဖြင့် ခွဲခြားပါက ပြည်တွင်းမှ ၁၈၉ ပါး/ဦးနှင့် ပြည်ပမှ ၁၆ပါး ဖြစ်ကြကာ စုစုပေါင်း၂၀၇ ပါး/ ဦးတို့ ဖြစ်ကြပါသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အခမ်းအနားကြီးကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ရှိရာကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီးတွင် တပေါင်းလပြည့် (၄-၃-၂၀၁၅) ဗုဒ္ဓဟူးနေ့ မွန်းလွဲ တစ်နာရီအချိန်တွင် ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရန် သာသနာရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီနှင့် ပြည်ထောင်စုဝန်ကြီး ဌာနများပူးပေါင်း၍ စီစဉ်နေကြပါပြီ။ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲမတိုင်မီ အကြိုရက် ၃-၃-၂၀၁၅နေ့ အင်္ဂါနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော်များနှင့် ၂၀၁၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်ပွဲကိုလည်း အစဉ်အလာအတိုင်း ကျင်းပပြုလုပ်မည်ဟု သိရှိရပါသည်။ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်း ဆက်လက်၍ တခမ်းတနား ကျင်းပပြုလုပ်ဦးမည် ဖြစ်ပါသည်။

**စဉ်လာမလွဲ ပူဇော်ပွဲ**

မြန်မာမင်းများလက်ထက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲကို အခမ်းအနားဖြင့် ပြုလုပ်ခဲ့ကြောင်း အထောက်အထားများအရ တွေ့ရှိရပါသည်။ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၁၆ ခုနှစ်(၁၈၅၄)ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ အခမ်းအနားကို နေပြည်တော်၊ မန္တလေးရွှေမြို့တော်၌ ကျင်းပပြုလုပ်ခဲ့ရာ သာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တဉေ ယျမ္မ အပါအဝင် သံဃာ့မထေရ်ကြီး ၄၃ ပါးတို့အား အခမ်းအနားဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်ခံယူမည့် ဆရာတော် ၄၃ ပါးတို့အား တပ်ဦးတွင် ရှေ့ဆုံးမှထားရှိသည်။ ဘွဲ့တံဆိပ်တော်အဆောင်အယောင်များကို ရွှေဖောင်ပေါ်တင်ကာ ထီးဖြူတော်မိုးစေပြီး အဆောင်အယောင်ကိုင် အပြည့်အစုံ၊ စည်တော်အဖွဲ့နှင့်နောက်မှ မင်းတရားကြီး၊ မိဖုရားခေါင်ကြီး၊ မင်းမိဖုရား၊ မင်းညီမင်းသား မှူးတော်မတ်တော်များခြံရံလျက် လိုက်ပါကြ၏။ သုဓမ္မာဇရပ်ကြီးတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း မှတ်သားရပါသည်။

ကိုလိုနီခေတ်တွင်လည်း ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ သာသနာပိုင်ဆရာတော်ရှိရာ မန္တလေးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ လွတ်လပ်ရေးခေတ် ၁၃၁၅(၁၉၅၃)ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနားကိုမူ သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဘွဲ့တံဆိပ်ဆက်ကပ်ခံယူမည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ခံ ညောင်ရမ်းဆရာတော်ကြီးအပါအဝင် ဆရာတော် ၃ ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ခံဆရာတော် ၁၄ပါးတို့အား သမ္မတအိမ်တော် နားနေသံဃာဆောင်သို့ ပင့်ဆောင်ထားသည်။ တူရိယာအဖွဲ့က ဘုန်းတော်ဘွဲ့ ရောင်ခြည်တော်ဘွဲ့တို့ဖြင့် တီးမှုတ်ညှော်ခံနေပြီး နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဧည့်ပရိသတ်များ စုံညီသောအခါ အခမ်းအနားစတင်သည်။ အတွင်းဝန်နှင့် သာသနာရေးညွှန်ကြားရေးဝန်စသူတို့က ဘွဲ့ခံဆရာတော်များအား အခမ်းအနားကျင်းပရာ ဧည့်ခန်းမဆောင်ကြီးဆီသို့ ပင့်ဆောင်လာပါသည်။ နောက်ပါးက နိုင်ငံတော်ရှေ့နေချုပ်၊ သာသနာရေးဌာန တွဲဖက်အတွင်းဝန်တို့က ဆရာတော် တစ်ပါးချင်းအလိုက် တံခွန်ကုက္ကား ကိုင်ဆောင်လိုက်ပါလာကြပြီး တူရိယာအဖွဲ့က စည်တော်ယွန်း၍ ပူဇော်ပါသည်။ ဆရာတော်များ၏နောက်မှ ၁၅ ပေခန့်ခွာကာ နိုင်ငံတော်သမ္မတကြီးသည် အတွင်းဝန်များရံ၍ လိုက်ပါနေရာယူပြီးနောက် အခမ်းအနား စတင်ကျင်းပပါသည်။ အခမ်းအနားဖွင့် ဧကပိုဒ်ရတု ဖတ်ကြားဖွင့်လှစ်ခြင်း၊ အမျိုးသမီးဝတ်အဖွဲ့က ဂုဏ်ပြုရွတ်ဆိုပူဇော်ခြင်း၊ ပရိသတ်တို့က ငါးပါးသီလခံယူခြင်း၊ ဩဝါဒကထာနာယူခြင်း၊ ထေရုပ္ပတ္တိဖတ်ကြားခြင်း၊ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်း၊ ရေစက်ချအမျှပေးဝေခြင်းတို့ကို ပြီးဆုံးသည်အထိ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပုံမှာ ယနေ့ခေတ်ကျင်းပပုံနှင့် သိပ်ခြားနားမှုမရှိသည်ကို လေ့လာသိမှတ်ရပါသည်။

**ဗုဒ္ဓဓမ္မ သံဃပူဇာပွဲမဟာ**

၁၉၉၂ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသို့ နိုင်ငံတော်အကြီးအကဲနှင့်တကွ အထူးပုဂ္ဂိုလ်များ တက်ရောက်၍ ထူးမြတ်စွာ ဆက်ကပ်ပူဇော် အပ်နှင်းလေ့ရှိခဲ့ပါသည်။ နှစ်စဉ်ပုံမှန်အားဖြင့် တပေါင်းလပြည့် တပေါင်းပွဲတော်အခါသမယ၌ ကျင်းပပြုလုပ်ကြသဖြင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲကြီးသည် တပေါင်းလပွဲတော်များထဲတွင် ပါဝင်နေပါပြီ။ နိုင်ငံနှင့်အဝန်းမှ ဘွဲ့တံဆိပ်တော်ပူဇော်ခံကြွရောက်တော်မူသည့် သံဃာတော်များတွင် မြန်မာနိုင်ငံအနှံ့မှ ထေရ်ကြီးဝါကြီးသံဃာများအား တစ်ပြိုင်တည်း တစ်နေရာတည်းမှာ ဖူးမြော်ခွင့်ရရှိခဲ့ကြသကဲ့သို့ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲသို့ အထူးပင့်ထားသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များအားလည်း တစ်ပေါင်းတည်း ဖူးမြော်ရသဖြင့် ကုသိုလ်ထူးမြတ်လှသည့် ပွဲတော်ကြီးဖြစ်ပါသည်။

စင်စစ်အားဖြင့် တပေါင်းလပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းမြေ သာသနာ့မဟာ ဗိမာန်တော်ကြီး၌ နိုင်ငံတော်က ကြီးမှူးကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကြီးသည် ဘုရားရှင်အား ချီးမြှောက်ပူဇော်ခြင်း၊ ပရိယတ္တိဆိုင်ရာ စာပေကျမ်းဂန်သင်ကြားပို့ချမှု ပြန့်ပွားမှုကို ချီးမြှောက်ပူဇော်ခြင်း၊ ပဋိပတ္တိဆိုင်ရာ ချီးမြှောက်ပူဇော်မှုနှင့် သာသနာပြုဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသည့် သံဃာတော်အရှင်မြတ်များအား ချီးမြှောက်ပူဇော်ခြင်းဖြစ်သဖြင့် ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာပွဲတော်ကြီးပင် ဖြစ်ပေတော့၏။

## အာဆီယံတပေါင်းလပြည့် အဘိဓမ္မာအခါတော်နေ့ပွဲတော် ကျင်းပမည်

မြဝတီ မတ် ၂

အာဆီယံဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန်နှင့် ဘာသာရေး၊ သာသနာရေးဆောင်ရွက်မှုများကို ဖော်ဆောင်လိုခြင်း ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်နှင့် မြဝတီခရိုင်တို့ ပူးပေါင်းကျင်းပမည့် အာဆီယံတပေါင်းလပြည့် အဘိဓမ္မာအခါတော်နေ့ပွဲတော်ကို ကျင်းပနိုင်ရန်အတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ကရင်ပြည်နယ် မြဝတီခရိုင်၊ မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအတွင်းရှိ သာသနာ့ဟိတကာရီဗိမာန်တော်တွင် မတ် ၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလတော်မြတ် ခံယူဆောက်တည်ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ပွဲတော်ကျင်းပရခြင်းဆိုင်ရာများ လျှောက်ထားတင်ပြရာ ဆရာတော်ကြီးများက ဩဝါဒများမိန့်ကြားခဲ့ ကြောင်းသိရသည်။

အဆိုပါ အာဆီယံတပေါင်းလပြည့် အဘိဓမ္မာအခါတော်နေ့ပွဲတော်ကို ၂၀၁၅ ခုနှစ် မတ် ၄ ရက် တပေါင်းလပြည့် အဘိဓမ္မာအခါတော်နေ့တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ တာ့(ခ်)ခရိုင် ထိုင်းဝပ်ထနားကျောင်း နှင့် မြဝတီခရိုင် ကျောက်လုံးကြီးဘုန်းကြီးကျောင်းနှင့် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်



# သာယာဝတီမြို့နယ်အတွင်း လိပ်ဥကုန်း-ရန်ကင်းတောင် ဂဝံလမ်းဖွင့်

**ရန်ကုန် မတ် ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကလိုအပ်သည်။ ကျေးလက်များဖွံ့ဖြိုးရန် အခြေခံလိုအပ်ချက်တစ်ရပ်လည်းဖြစ်သည့် ကျေးလက်လမ်းများကို နိုင်ငံတစ်ဝန်း ဖောက်လုပ်လျက်ရှိရာ သာယာဝတီခရိုင် သာယာဝတီမြို့နယ်အတွင်း လိပ်ဥကုန်း-ရန်ကင်းတောင် ဂဝံလမ်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

သာယာဝတီ မြို့နယ်အတွင်း လိပ်ဥကုန်းရွာမှ ရန်ကင်းတောင်ရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသော ဂဝံလမ်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ဖေဖော်ဝါရီလက ပြီးစီးကာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် လိပ်ဥကုန်း-ရန်ကင်းတောင် ဂဝံလမ်းသည် အရှည် ၈ မိုင် ၇ ဒသမ ၉ ဖာလုံရှိပြီး အကျယ် ၁၀ ပေရှိကာ ရာသီမရွေး သွားလာအသုံးပြုနိုင်သည့်လမ်းလည်းဖြစ်သည်။ လိပ်ဥကုန်း-ရန်ကင်းတောင် ဂဝံလမ်းဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသအတွင်း ကျေးရွာများမှ စိုက်ပျိုးရေးထွက်ကုန်များနှင့် အခြားထုတ်ကုန်များ တင်ပို့ရောင်းချရာတွင် လျင်မြန်ချောမွေ့အဆင်ပြေခဲ့ပြီဖြစ်သည်။

လိပ်ဥကုန်း- ရန်ကင်းတောင်လမ်းသည် ကျေးရွာအုပ်စုလေးအုပ်စုမှ ကျေးရွာပေါင်း ၂၄ ရွာကို အကျိုးပြုစေမည်ဖြစ်ပြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ၏ အကျိုးစီးပွားကိုများစွာ ဖြစ်ထွန်းပေါ်ပေါက်စေမည်ဖြစ်သည်။ ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝကို ထိရောက်စွာ အကျိုးပြုပေးနိုင်တော့မည်ဖြစ်သည်။

လိပ်ဥကုန်း-ရန်ကင်းတောင်လမ်းကို သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် 25th Group ကုမ္ပဏီလီမိတက်က တာဝန်ယူဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယခင်ကမြေသားလမ်းကို အဆင့်မြှင့်တင်ကာ ရာသီမရွေးလူနှင့်ယာဉ်များ မောင်းနှင်သွားလာနိုင်သည့် ဂဝံလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။



လိပ်ဥကုန်း- ရန်ကင်းတောင်လမ်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာ အခွန်ဝန်ကြီးဦးမြင့်လွင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်စိုး၊ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းမောင်နှင့် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌဦးမြင့်ရွှေအပါအဝင် ဒေသခံကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ဝေယံဦး**
**ဓာတ်ပုံ-မောင်လမင်း**

## ပြည်တွင်းသတင်း



နိုင်ငံတော်တာဝန်ထမ်းဆောင်နေသော လောက်ကိုင်ဒေသရှိ ရှေ့တန်းတပ်မတော်သားများအား ဂုဏ်ပြုခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)မှ ဥက္ကဋ္ဌဦးကျော်ထိုက်နှင့် အတွင်းရေးမှူးဦးဝင်းကြိုင်တို့က အလှူငွေကျပ်သိန်း ၁၀၀ကို ဖေဖော်ဝါရီ ၂၈ ရက်ည ၇ နာရီက Strand Hotel ၌ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ လက်ခံယူစဉ်။ တင်လှမောင်

# ကျောက်တန်း၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးရှင်းလင်းဆွေးနွေး



**ကျောက်တန်း မတ် ၂**

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းမှီခိုသူ မိသားစုဝင်များ၏ အင်အားစာရင်းကောက်ယူရေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့မရဲစခန်း၊ တံတားရဲစခန်း၊ ကမာကလုပ်နှင့် သီလဝါရဲစခန်းတို့မှ စခန်းမှူးများ၊ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၄၃ ဦး တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးက တပ်ဖွဲ့ဝင်နှင့် မိသားစုစာရင်းကောက်ယူရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများကို ထပ်ဆင့်ရှင်းလင်းအသိပညာပေးဆွေးနွေးသည်။

**စိုးဝင်း**

# ရမည်းသင်း ရွှေမြင်တင် တပေါင်းပွဲတွင် နွားဒုံးပြိုင်ပွဲကြည့်ရှုအားပေးသူများပြား

**ရမည်းသင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင် တောင်တော်မြတ်ကြီး၏ (၁၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် မြန်မာ့ရိုးရာ နွားဒုံးပြိုင်ပွဲကို တောင်တော်မြတ် အနောက်မြောက်ဘက် တောင်ခြေရင်းတွင် တပေါင်းလဆန်း ၈ ရက်မှ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယင်းနွားဒုံးပြိုင်ပွဲတွင် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့အစရှိသောမြို့နယ်များအတွင်းရှိ ကျေးရွာများမှ နွားဒုံးလှည်း ၂၈ စီး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အောက်မြန်မာပြည်တွင် မြင်းပြိုင်ပွဲ၊ အထက်မြန်မာပြည်တွင် ယခုကဲ့သို့ နွားဒုံးပြိုင်ပွဲများကို ယခင်က အစဉ်အလာရှိခဲ့သည့်အတွက် အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်များတွင်လည်း နွားဒုံးပြိုင်ပွဲများအပြင် နွားကျောစီးပြိုင်ပွဲ၊ နွားအလှပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း နွားဒုံးပြိုင်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာ နွားဒုံးပြိုင်ပွဲကို မြို့နယ်အတွင်းတွင် မကျင်းပခဲ့သည်မှာ နှစ်နှစ်ဆယ်ကျော်ဝန်းကျင်ရှိပြီးဟုသိရပြီး အစဉ်လာပြတ်နေသော မြန်မာ့ရိုးရာနွားဒုံးပြိုင်ပွဲကို ယခုကဲ့သို့ ရွှေမြင်တင်တောင်တော်မြတ် တပေါင်းပွဲတော်တွင်ထည့်သွင်းကျင်းပပေးသည့်အတွက် ဒေသခံ တောင်သူများ၊ ဝါသနာရှင်များ၊ မသိမီကြသည့်လူငယ်များ၊ နွားဒုံးပြိုင်ပွဲသို့ တစ်ခဲနက်လာရောက်အားပေးကြသည်ကိုတွေ့ရပြီး ဘုရားဖူးလာရောက်သူလည်း များပြားလျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်**



# အိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးအပ်

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆပ်ကော်မတီမှ မုံရွာမြို့ပြနေ ဆင်ခြေဖုံးရပ်ကွက်များအတွက် စွမ်းအားမြှင့်အေဝမ်းမီးဖို အလုံး ၁၅၀၀ ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စွမ်းအားမြှင့်အေဝမ်းမီးဖိုများ ဖြန့်ဝေပေးအပ်ပွဲ၌ မုံရွာမြို့ ထန်းတော၊ သလ္လာ၊ လယ်တီ၊ အင်းရွာသစ်၊ စက်မှုဇုန် နတ်လုထိပ္ပန်ရပ်ကွက်များရှိ အိမ်ထောင်စုများသို့ စွမ်းအားမြှင့်မီးဖို ၁၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုက်ပွဲရှောင်ပြည်သူများအတွက်လှူဒါန်း

**လားရှိုး မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိမ်းလန်းမြေလူငယ်ဖွံ့ဖြိုးရေးပရဟိတအသင်းမှ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၊ အမှတ်(၆၂၆)ထောက်/ပို့ တပ်ရောက် တိုက်ပွဲရှောင်မိသားစုများ၊ လားရှိုးမြို့ စစ်ဆေးရုံအတွင်းရှိ တိုက်ပွဲအတွင်း ဒဏ်ရာရတပ်မတော်သားများအတွက် တစ်ဦးလျှင် ငါးသေတ္တာ၊ လက်ဖက်နှင့်အကြော်စုံ၊ မားမားခေါက်ဆွဲခြောက်၊ ကွေကာအုပ်၊ ကော်ဖီမစ်၊ ဘီစကစ်၊ ပေါင်မုန့်၊ ပဲစိမ်းကြော်နှင့် ငါးခြောက်ကြော်စသည့် စားစရာပစ္စည်းကိုးမျိုးကို ပေးအပ်လှူဒါန်းခဲ့ပြီး ရှေ့တန်းရောက် စစ်သည်များအတွက် စားစရာပစ္စည်းများပေးအပ်လှူဒါန်းခဲ့ရာ တန်ဖိုးငွေစုစုပေါင်း ၁၈ သိန်းငါးသောင်းကျော်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# ဆိုင်ကယ်ရှေ့မီးမြှင့်မောင်းခြင်းနှင့် အရှိန်ပြင်းမောင်းနှင်ခြင်းတို့ကြောင့် မော်ကျွန်းပြည်သူများ ယာဉ်အန္တရာယ်ရှိနေ

**မော်လမြိုင်ကျွန်း မတ် ၂**

လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာသဖြင့် မော်လမြိုင်ကျွန်းမြို့ပေါ်တွင် ဆိုင်ကယ်စီးရေ တစ်နေ့တခြား တိုးတက်များပြားလျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာဘဲ စည်းကမ်းမဲ့ မောင်းနှင်မှုများကြောင့် မြို့ပေါ်တွင် ယာဉ်တိုက်မှုများမကြာခဏ ဖြစ်ပေါ်လျက်ရှိသည့်အပြင် မော်လမြိုင်ကျွန်းမြို့ပေါ် ညအချိန်ဆိုင်ကယ်မောင်းနှင်ကြရာတွင် ဆိုင်ကယ်ရှေ့မီးများ အပေါ်မြှင့်မောင်းနှင်မှုများကြောင့် ယာဉ်အချင်းချင်း ရှောင်တိမ်းရာတွင်လည်းကောင်း၊ ဆိုက်ကား၊ စက်ဘီးနှင့် ညအချိန် ခရီးသွားလာကြသော သက်ကြီး ရွယ်အိုများ၊ ကလေးငယ်များနှင့် ပြည်သူများဆိုင်ကယ်ရှေ့မီး အလင်းရောင်ကြောင့် တစ်ဖက်ယာဉ်ကြောရှေ့တည့်တည့်မှ မောင်းနှင်လာသော ဆိုင်ကယ်ကိုမမြင်ရဘဲ ဂရုပြုရှောင်တိမ်းသွားလာရခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ဖွယ်ရှိနေသည်။

အဆိုပါဆိုင်ကယ်များ ညအချိန် ဆိုင်ကယ်ရှေ့မီးမြှင့်မောင်းနှင်နေခြင်းနှင့်ဆိုင်ကယ်များ အရှိန်ပြင်းပြင်းမောင်းနှင်နေခြင်းများသည် ယာဉ်အန္တရာယ်ဖြစ်ဖွယ်ရှိနေသဖြင့် မြို့နယ်ပြည်သူများက ထိန်းသိမ်းပြုပြင်ပေးစေလိုကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

**သစ်တောသစ်ပင် တို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး**

ပြည်တွင်းသတင်း

## တပ်မတော်သားများအတွက် လှူဒါန်းငွေနှင့်ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်လှူဒါန်း

**လားရှိုး မတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များအား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများအတွက် လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းလျက်ရှိရာ မိတ္ထီလာမြို့သူမြို့သားများကိုယ်စား ဘဒ္ဒန္တသဇ္ဇန(မေတ္တာရေကြည်)၊ ဘဒ္ဒန္တအဂ္ဂ (အောင်သာကျောင်းတိုက်)၊ ဘဒ္ဒန္တဥတ္တရ (ဝေယံဘုံသာကျောင်းတိုက်) တို့ဦးဆောင်သည့် ရတနာမာရ်လူငယ်အဖွဲ့နှင့် ဒေသခံလူငယ်အဖွဲ့တို့ စုပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက်က လားရှိုးမြို့သို့ သွားရောက်၍ လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းကြောင်းသိရသည်။



ရှေ့တန်းရောက် တပ်မတော်သားများအတွက် လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ထောက်ပံ့ရေးပစ္စည်းတန်ဖိုးငွေကျပ် သိန်း ၃၀ ကို လည်းကောင်း၊ ကျဆုံးစစ်သည် ၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် လှူဒါန်းငွေကျပ် ၁၆ သိန်းနှင့် ထောက်ပံ့ပစ္စည်း သိန်း ၂၀ ခန့်ကို လည်းကောင်း၊ လားရှိုးမြို့ အမှတ် (၉) ခုတင် (၁၀၀)တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရစစ်သည် ၄၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၄၈ သိန်းနှင့် ယင်းဆေးရုံ ပင်မငွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း မိတ္ထီလာမြို့သူ မြို့သားများကိုယ်စား စုပေါင်းအဖွဲ့က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

---

## ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမြတ်ဘုရားလေးဆူအား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် ရွှေသင်္ကန်းများကပ်လှူနိုင်

**သီပေါ မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် လက်ဖက်ထွက်ရာ တောင်တန်းဒေသများမှ ရှမ်း၊ ပလောင်သွေးချင်းများနှင့် မြန်မာပြည်အနှံ့ ဗုဒ္ဓနွယ်ဝင်များ ဘော်ကြိုဘုရားကြီး မှခ်လေးမုခ်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော မြတ်ဘုရားလေးဆူကို အလှူရှင်များ ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းများ ကပ်လှူနိုင်ရန် ဘော်ကြိုဘုရားကြီးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဘာသာရေးအသင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၆ ရက်က မုခ်များမှပင့်ဆောင်ကြရာ ရတနာမာန်အောင်ဘုရားကို စတင်ပင့်ဆောင်ခဲ့ကြသည်။

**စိုင်း(သီပေါ)**

---

## ကံမမြို့နယ်မှ ရေရှားပါးသောကျေးရွာများတွင် မိုးရေလှောင်ကန်များတူးဖော်ထားရှိ

**ကံမ မတ် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်း ကံမ-ပြည် မော်တော်ကားလမ်းမတစ်လျှောက်ရှိ ကျေးရွာများနှင့် အခြားရေရှားပါးသော ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲမရှိစေရန် မြို့နယ်မှ တာဝန်ရှိသူများနှင့် ပညာရှင်များ ပူးပေါင်း၍ စက်ရေတွင်းများ တူးဖော်ပေးရန်အတွက် ခေတ်မီစက်ကိရိယာများဖြင့် မြေအောက်ရေကို စမ်းသပ်တိုင်းတာရာ အနက် ပေ ၁၀၀၀ ကျော်သည့်တိုင်အောင် ရေမတွေ့ရှိရသဖြင့် စက်ရေတွင်း တူးဖော်ပေးရန် အခက်အခဲများစွာ ရှိနိုင်ကြောင်း၊ မိုးရေလှောင်ကန်များကို တူးဖော်ပေးခြင်းဖြင့်သာလျှင် အဆိုပါ ကျေးရွာများ၌ နေထိုင်ကြသော ပြည်သူတို့၏ သောက်သုံးရေရှားပါးသည့်ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်ခွင့်ပြုငွေဖြင့် သစ်မယ်ဇီ၊ ဒါန်းကိုင်၊ ဒဂုံကွင်၊ ပြောင်ကျ၊ ပယ်ကျ၊ ညောင်ကိုင်း၊ သက္ကယ်မြောင်၊ ထောက်ကြံ့ကွင်း၊ သာစည်၊ ဇီးဖြူကွင်း၊ ရွာသာလှ၊ ဘန့်ဘွေးကျင်း အစရှိသည့် ကျေးရွာ ၁၂ ရွာတို့တွင် ပေ ၁၀၀ ပတ်လည် အနက် ခြောက်ပေရှိ ရေဂါလန် နှစ်သိန်းခန့်ဆံ့သော မိုးရေလှောင်ကန်များကိုတူးဖော်ပေးခဲ့သည်။

အလားတူ လိန်တုန်းကျေးရွာနှင့် ပေပင်ကျေးရွာတို့၌လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အလှူရှင်များ၏ ကူညီပံ့ပိုးပေးမှုဖြင့် မိုးရေလှောင်ကန်များ တူးဖော်ပေးခဲ့သည်။ ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း မုန်းဒါးကြီးကျေးရွာနှင့် မုန်းဒါးလေးကျေးရွာတို့တွင်လည်း မိုးရေလှောင်ကန်များ တူးဖော်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

မိုးရေလှောင်ကန်များ အစဉ်သဖြင့် သန့်ရှင်းနေစေရေးအတွက် ကျွဲနွားတိရစ္ဆာန်များ ဝင်ရောက်နိုင်ခြင်းမရှိစေရန် ခြံစည်းရိုးများကာရံထားရှိပြီး ရေသုံးစွဲသူများအနေဖြင့်လည်း လက်နှိပ်တုံကင်များမှတစ်ဆင့် ခပ်ယူကြရသည်။

အဆိုပါ မိုးရေလှောင်ကန်များ တူးဖော်ထားရှိပေး၍ ပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိသည့်အပြင် ရေရှားပါးသည့် အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပြီး ယခုနှစ်နွေရာသီကာလတွင် ရေလုံလောက်မှုအပြည့်အဝရရှိနိုင်ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း(iprd)**

---

## အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာတွင် မူးယစ်ဆေးဝါးဖမ်းမိ

**အင်းတော် မတ် ၂**

စစ်ကိုင်းတိုင်း ဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်မဟုတ်ကလေး ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက်က အင်းတော်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် သောင်းစိန်ထွန်းနှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှ နတ်မဟုတ်ကလေးကျေးရွာနေ ကျော်အောင်၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ မူးယစ်ဆေးဝါးဖမ်းဝရမ်း အမှတ်(၁၁/၁၅)ဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကျော်အောင်နှင့်အတူ အောင်ဇော်၊ အောင်သူတို့သုံးဦးကို တွေ့ရှိရပြီး ကျော်အောင် ဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် နှစ်ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူးကို ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ကျော်အောင်ပါသုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ဒုရဲအုပ်သောင်းစိန်ထွန်းက တရားလိုပြုလုပ်ကာ တိုင်ကြားပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ စန်းကျော်(ခ)ကျော်အောင် (၃၃ နှစ်) နတ်မဟုတ်ကလေးကျေးရွာ အင်းတော်မြို့နယ်၊ အောင်ဇော် (၄၅ နှစ်) ကြာအင်းကျေးရွာ အင်းတော်မြို့နယ်၊ အောင်သူ (၄၇ နှစ်) အောင်မင်္ဂလာရပ် အင်းတော်မြို့နယ်နေသူတို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

---

## ချင်းပြည်နယ် ဟားခါးမြို့တွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**ဟားခါး မတ် ၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ချင်းပြည်နယ်အတွင်းရှိ အသက်မွေးမှုပညာ/ ပညာရေးကျောင်းများနှင့် ဘာသာရေးအသင်းအဖွဲ့များသို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ဟားခါးမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုတင်ဆက်ကြပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက ချင်းပြည်နယ်အတွင်းရှိ အသက်မွေးမှု ပညာ/ ပညာရေးကျောင်းများနှင့် ဘာသာရေးအသင်းအဖွဲ့များသို့ လှူဒါန်းသည့် ကွန်ပျူတာအလုံး ၁၈၀ နှင့် ဆက်စပ်ပစ္စည်းများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်က ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးက အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်ထံ ဂုဏ်ပြုလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

---

## ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၅ ခင်းကျင်းပြသမည်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဖြစ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့စေရန် ရည်ရွယ်ကာ ပြည်တွင်း ပြည်ပမှ ပညာရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းများ၊ IT နည်းပညာဆိုင်ရာနှင့် နိုင်ငံခြားဘာသာဟိုတယ် သင်တန်းများ၊ အနုပညာနှင့်ပတ်သက်သောသင်တန်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာသင်တန်းများ၊ ပညာရေးအတိုင်ပင်ခံသင်တန်းများ၊ အင်ဂျင်နီယာသင်တန်းများ၊ ဆေးပညာဆိုင်ရာသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို အများပြည်သူများ သိရှိစေရန်အတွက် တတိယအကြိမ် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၅(The 3rd Education & Career -2015)ပြပွဲကို မတ် ၆ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသရန် Dagon Exhibition Limited က စီစဉ်နေကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

---

## မိုးပွင့်(အထူး)စီမံချက်ဖြင့် ရပ်ကွက်နေပြည်သူများအား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်

**ကော့ကရိတ် မတ် ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်မှူးနှင့်ဝန်ထမ်းများသည် အမှတ်(၁) ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ နေ့ချင်းပြီးဆောင်ရွက် ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် လူဦးရေနှင့် အိမ်ထောင်စုစာရင်း ၁၆ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



ပြည်တွင်းသတင်း

# မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်နေသည့်လုပ်ငန်းရပ်များအား ဆွေးနွေး



**စစ်တွေ မတ် ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ခင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၇နာရီခွဲက ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာခန်းမ၌ ကျောက်ဖြူခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ မြို့နယ်စောင့်ကြည့် လေ့လာရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးမြအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်... စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့်အတူ ညနေ ၅ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးချုပ်မှ Global Protection Cluster မှ Mr. Riccard Polastro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အစိုးရနှင့် Humanitrian အဖွဲ့များပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ညနေပိုင်းတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်ပြီး အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံစားဖိုမှူးများအသင်း၏ ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)တို့မှ ဦးဆောင်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဂျာမနီနိုင်ငံအထူးကုဆရာဝန်ကြီးများက စတုတ္ထအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဗုဒ္ဓပူဇနိယဘုရားပွဲတော် လုပ်အားဒါနသင်္ကန်းချုပ်ပြိုင်ပွဲကျင်းပ



**ပုသိမ်ကြီး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မိုင်ကုန်းကျေးရွာ လောကချမ်းသာ ဆုတောင်းပြည့် စေတီတော်မြတ် ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် အထိမ်းအမှတ် လုပ်အားဒါနသင်္ကန်းချုပ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါမဏ္ဍပ်ရုံအတွင်း၌ ကျင်းပရာ မိုင်ကုန်းကျေးရွာမှ အမျိုးသမီး ၃၃ ဦး တက်ရောက်ယှဉ်ပြိုင်ကြသည်။

သင်္ကန်းချုပ်ပြိုင်ပွဲတွင် သင်္ကန်းတစ်စုံ (ဇကသီသင်းပိုင်)ချုပ်ရပြီး သုံးနာရီကြာယှဉ်ပြိုင်ရသည်။ ချုပ်လုပ်ပြီးသောသင်္ကန်းများကို တပေါင်းလပြည့်နေ့၌ ကျင်းပမည့် ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ကြွရောက်တော်မူမည့် သံဃာတော်အရှင်သူမြတ်များအား ကပ်လှူပူဇော်သွားမည်ဖြစ်သည်။

လောကချမ်းသာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွင်းရှိ ကိန်းဝပ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်နေ့က ကိုယ်လုံးတော် မကိုဋ်မှတော်တို့တွင် ပြောင်းလဲမှုမရှိဘဲ မျက်နှာတော်တွင် ရွှေရောင်ပြောင်းလဲပြီး ရောင်တော်များ ပွင့်ထွန်းတော်မူခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# သစ်ပင်များခုတ်လှဲရောင်းချခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်

**မြစ်သား မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျီတိုင်းအုပ်စုကျေးရွာသည် လေးရွာရှိပြီး ကျေးလက်နေပြည်သူများသည် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာ အဓိကလုပ်ကိုင်ကြပြီး ယင်းကျေးရွာနှင့် အနီးတွင်တည်ရှိသော ပြက္ခယွေတောင်တန်း၊ ရွှေမင်းဝံတောင်၊ မုန်တောင် အစရှိသည့် တောတောင်များရှိပြီး အဆိုပါတောတောင်များအတွင်း၌ နှစ်ရှည်ပင်များကို သစ်ခုတ်သမားများ၊ မီးသွေးဖုတ်သူများက ခုတ်လှဲရောင်းချနေခြင်းကြောင့် အဆိုပါဒေသခံများက တောတောင်များ ပြုန်းတီးသွားမည်ကို စိုးရိမ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာအုပ်စုမှာပါဝင်တဲ့ ကံဆည်ကျေးရွာမှာလည်း တရားမဝင်တဲ့ သစ်စက်တွေရှိပါတယ်။ ဒါကြောင့် မြို့နယ်က တာဝန်ရှိသူများကိုလည်း ပြောပြထားပါတယ်။ ဒါပေမယ့် တောတောင်ထဲမှာ သစ်ခုတ်တဲ့သူ၊ မီးသွေးဖုတ်သူတွေဟာ နေ့စဉ်လိုလို အတင့်ရဲစွာ နှစ်ရှည်ပင်များ အစရှိတဲ့ အပင်များကို ခုတ်လှဲယူသလို အခြားမြို့နယ်များမှ သစ်ပွဲစားများက လာရောက်ပြီး ကားစသည့် စက်တပ်ယာဉ်များနဲ့ ဝယ်ယူတာကြောင့် တောတောင်အတွင်းရှိ သစ်ပင်ကြီးငယ်များ ဆုံးရှုံးမှုဖြစ်ပေါ်နေပါတယ်" ဟု မြစ်သားမြို့နယ် ကျီတိုင်းအုပ်ချုပ်ရေးမှူးက ဆိုသည်။ ထို့ကြောင့် အဆိုပါဒေသခံကျေးလက်နေပြည်သူများသည် မိမိတို့ဒေသရှိ တောတောင်များအတွင်း သစ်ခုတ်သူများကိုသက်ဆိုင်ရာ တာဝန်ရှိသူများက ထိရောက်စွာ အရေးယူပေးရန်လိုလားလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကိုပါ တစ်ထောင့်တစ်နေရာက ထိခိုက်နိုင်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# စက်မှုနှင့်သက်မွေးပညာ ကာလတိုသုံးလသင်တန်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ရခိုင်ပြည်နယ် လူငယ်များအတွက် စက်မှုနှင့်သက်မွေးပညာကာလတို သုံးလသင်တန်းများဖြင့် စက်မှုကျွမ်းကျင် လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

အဆိုပါ ကာလတိုသုံးလသင်တန်း၏ အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)၌ကျင်းပရာ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က သင်တန်းဆင်းအမှာစကား ပြောကြားကာ ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ပေးပြီး ကျောင်းအုပ်ကြီးက သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပန်းတောင်းစက်မှုနယ်မြေမှ စက်ရုံမှူးများ၊ အထွေထွေမန်နေဂျာများ၊ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းရှိ နည်းပြများနှင့်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် စက်မှုကျွမ်းကျင်လုပ်သားများအား တစ်နှစ်သင်တန်းဖြင့် နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်ရှိလူငယ်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကာလတို သုံးလသင်တန်းများကို သုံးကြိမ်တိုင်တိုင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး အမှတ်စဉ် (၁) သင်တန်းအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၇၅ ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ကာလတိုသုံးလသင်တန်း၏ ဒုတိယအကြိမ်အဖြစ် မေလမှ ဇူလိုင်လအထိ လည်းကောင်း၊ တတိယအကြိမ်ကိုစက်တင်ဘာလမှ နိုဝင်ဘာလအထိ လည်းကောင်း ထပ်မံလေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဘုရင့်နောင်လမ်းမပေါ် ယာဉ်လေးစီးတိုက်မှုဖြစ်

**ရန်ကုန် မတ် ၂**

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီခန့်က ဘုရင့်နောင်ပွဲရုံဝင်းဝင်ပေါက်ဖြစ်သော ရိုးကြီးချောင်းပတ်လမ်းထိပ် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ကြက်ဥတင်ကုန်တင်ယာဉ်ငယ်က ဘရိတ်ပေါက်၍ အခြားယာဉ်လေးစီးကိုတိုက်မှုဖြစ်ပွားရာ အင်းစိန်ဘက်မှ မြို့ထဲသွားလမ်းယာဉ်ကြောပေါ်တွင် ယာဉ်ပိတ်ဆို့မှု တစ်နာရီကျော်ဖြစ်ပွားသဖြင့် ကြို့ကုန်းမှတ်တိုင်မှ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ လိုင်းကားပေါ်မှဆင်း၍ ခြေကျင်လမ်းလျှောက်လာရသည်ဟု ဝန်ထမ်းအမျိုးသမီးတစ်ဦးကဆိုသည်။

မြို့ထဲအသွားယာဉ်ကြောပေါ်တွင် ကြက်ဥတင် FOTON ကုန်တင်ယာဉ်ငယ် ၇ဂ/. . . . ယာဉ်သည် ဘရိတ်ပေါက်သဖြင့် ယင်းယာဉ်ရှေ့ရှိ TOYOTA FX 240 အမျိုးအစားပါ ယာဉ်အမှတ် IG/---၊ LITE-ACE ယာဉ်ငယ် ယာဉ်အမှတ် 5A/ ---- နှင့် အခြားယာဉ်ငယ်တစ်စီးတို့ကိုတိုက်မိပြီး ယင်းယာဉ်နောက်မှ ပါလာသော TOYOTA IPSUM ယာဉ်အမှတ် 7D/ ..... နှင့်လည်းတိုက်မိခဲ့ကြောင်း၊ အဆိုပါနောက်မှ ပါလာသော 7D/----- မှာ ပြုတ်ကျသွားကြောင်း၊ TOYOTA 1G/---- ကားမှာ ယာဉ်ရှေ့ပိုင်းနှင့် နောက်ပိုင်းပျက်စီးသွားပြီး FOTON ယာဉ်ရှေ့မှ ယာဉ်ရှေ့ပိုင်းယာဘက်ခြမ်း တံခါးပျက်စီးကြောင်း LITEACE 5A/ ---- မှာမူ ရှေ့ပိုင်းဘန်ကာပြုတ်ထွက်သွားပြီး အခြားယာဉ်ငယ်တစ်စီးမှာ ခြေနင်းခုံသာပျက်စီးမှုရှိပြီး မောင်းထွက်သွားသည်ဟု ဆိုသည်။ ညနေ ၃ နာရီအထိ ယင်းနေရာအနီး လမ်းဘေးတွင် FOTON ၇ဂ/ နှင့် TOYOTA 1G /--- တို့မှာ လမ်းဘေးတွင် ရပ်ထားဆဲဖြစ်သည်ကို မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

**ခင်ဆိုင်**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကော့ကရိတ် မတ် ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မီးသတ်တပ်ဖွဲ့ အမှတ်(၂) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် စည်ပင်သာယာရေးတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁ ရက်က အမှတ်(၃) ရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနရှေ့၌ ကျင်းပသည်။

သရုပ်ပြပွဲသို့ ကော့ကရိတ်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့ပေါ်ရှိ စက်သုံးဆီရောင်းဝယ်ရေးဆိုင်ပိုင်ရှင်များနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများက ကိုယ်တိုင်ဝင်ရောက်ငြိမ်းသတ်ခဲ့ကြသည်။ အဆိုပါသရုပ်ပြပွဲကို ရပ်ကွက်အလိုက် အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



နိုင်ငံဘက်စုံတည်ဆောက်ဖို့
မှန်မှန်ကန်ကန်ပေးဆောင်စို့

သမိုင်းသုတေသနဆောင်းပါး

# နှစ် (၇၀၀)ပြည့် ဇေယျာမြေ

မောင်သာ(ရှေးဟောင်းသုတေသန)



မြန်မာနိုင်ငံ၏ ထင်ရှားသော ရှေးဟောင်းမြို့တော်များတွင် တစ်မြို့အပါအဝင်ဖြစ်သော ဇေယျာပူရခေါ် စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ဧရာဝတီမြစ်သည် စစ်ကိုင်းမြို့၏ အရှေ့ဖျားတွင် မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းလာပြီး မြို့တောင်ဘက်တွင် အနောက်သို့ ချိုးကွေ့သွားသဖြင့် စစ်ကိုင်းမြို့ကို ပွေ့ပိုက်ထားသကဲ့သို့ ဖြစ်နေသည့်အတွက် လှပသည့် စစ်ကိုင်းမြစ်ကမ်းကို ဇေယျာကမ်းအလှပန်းချီဟု တင်စားခေါ်ဝေါ်ကြပေသည်။ စစ်ကိုင်းမြို့သည် မန္တလေးမြို့မှ အနောက်ဘက်သို့ ၁၂ မိုင်ခန့်ကွာဝေးလျက် မင်းဝံတောင်တန်းကြီး၏ အောက်ခြေတွင် လှပစွာတည်ရှိနေသော မြို့တစ်မြို့လည်း ဖြစ်ပေသည်။

ဦးဖေမောင်တင်နှင့် ဂျေအက်စ်ဖာနီဗယ်တို့ တည်းဖြတ်သည့် ဗမ္မာ့ဒီပဦးဆောင်ကျမ်းတွင် "စစ်ကိုင်းနယ်ကား အရှေ့ကိုလားသော် ဧရာဝတီ၊ တောင်ကိုလားသော် ဧရာဝတီ၊ အနောက်ကိုလားသော် ဆောက်တောအင်းထွက်ချောင်း၊ မြောက်ကိုလားသော် မန်ကျည်းစည်"ဟု စစ်ကိုင်းမြို့၏ နယ်နိမိတ်ကို ဖော်ပြထားပါသည်။

ပုဂံပျက်ပြီးနောက် ရှမ်းညီနောင် သုံးယောက်အနက် အငယ်ဆုံးဖြစ်သော ပင်းယမြို့တည် တစ်စီးရှင် သီဟသူ၏ သားဖြစ်သူ စောယွမ်းသည် သက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်)တွင် စစ်ကိုင်းမြို့ကို ဧရာဝတီမြစ်၏ (မန္တလေးဘက်မှကြည့်လျှင်) လက်ယာဘက်ကမ်း၌ တည်ခဲ့ပြီး သီရိအသင်္ခယာဟူသော အမည်ကိုခံ၍ မြောက်ဘက်တစ်လွှားကို မင်းပြုခဲ့သည်။ စစ်ကိုင်းမြို့တည်နှစ်ကို "သားတိုးတိုင်း၊ စစ်ကိုင်းတည်"ဟု လည်းကောင်း၊ "သံတံတိုင်း၊ စစ်ကိုင်းတည်"ဟု လည်းကောင်း ရှေးအစဉ်အဆက်မှတ်သားခဲ့ကြသည်။ အသင်္ခယာစောယွမ်းသည် ထိုစဉ်က ၈၃၃ တာ အကျယ်အဝန်းရှိသော စစ်ကိုင်းမြို့ကို တည်ထောင်ခဲ့ရာ လက်ရှိအချိန်တွင် စစ်ကိုင်းမြို့နယ်သည် ဧရိယာ ၄၈၅ ဒသမ ၆ စတုရန်းမိုင် ၃၁၀၅၀၂ ဧကကျယ်ဝန်းသော နယ်မြေတစ်ခုအဖြစ် တည်ရှိနေပါသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် စစ်ကိုင်းမြို့အမည်တွင်ပုံကို သာသနာသက္ကရာဇ် ၄၀ ပြည့်နှစ်တွင် တကောင်းဘုရင် သတိုးမဟာရာဇာ၏ မိဖုရားသည် မျက်မမြင် သားတော် နှစ်ပါးဖြစ်ကြသည့် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ အမွှာညီနောင်ကို ဖွားမြင်ခဲ့ကြောင်း၊ ဖခင်ဖြစ်သူက မျက်မမြင်သားနှစ်ယောက်ကို သတ်ခိုင်းသော်လည်း မိခင်မိဖုရားကြီးက သားများဖြစ်ကြသည့် ညီနောင်နှစ်ပါးအား လုံးဝမသတ်ဘဲ အသက် ၁၉ နှစ်အရွယ်ထိ ဝှက်ထားခဲ့ပြီး ဧရာဝတီမြစ်ကြောအတိုင်း ဖောင်တစ်ဖောင်ပေါ်တင်ကာ မျှောလိုက်ကြောင်း၊ ညီနောင်နှစ်ပါးတို့လည်း မြစ်ကြောင်းအစဉ်တိုင်းဖောင်ဖြင့် မျောပါလာကြရာ စစ်ကိုင်းအရပ်သို့ရောက်သောအခါ စစ်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းနှင့် ဖောင်ချိတ်မိကြောင်း၊ ထိုအရပ်နေ စန္ဒမုခိဘီလူးမက ဖောင်ပေါ်တက်၍ မင်းနှစ်ပါး၏ ရိက္ခာအစားအစာများ ယူစားရာ ဘီလူးမလက်ကိုဆွဲမိသော ညီနောင်ကသတ်မည်ပြုကြောင်း၊ ထိုအခါ ဘီလူးမက မိမိအားမသတ်ရန်တောင်းပန်ပြီး မျက်စိနှစ်ကွင်းအလင်းရအောင် ကုသပေးမည်ဟု ကတိပြုကြောင်း၊ ထိုအချိန်မှစ၍ စစ်အမည်ရှိ သစ်ပင်ကြီးကိုင်းရရိုင်းရှိသည့် အရပ်ကို စစ်ကိုင်း၊ မျက်စိစကုရာအရပ်ကို စကု၊ မျက်စိလင်းရာ အရပ်ကို ရွာလင်းဟု တွင်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

စစ်ကိုင်းဒေသတွင် တောင်ကြောနှစ်ခုရှိပြီး စစ်ကိုင်းမြို့၏ အရှေ့တစ်လွှားတွင် အနံတစ်မိုင်ခန့်ကျယ်သော စစ်ကိုင်းတောင်တန်းသည် တောင်မြောက်သွယ်တန်းလျက်ရှိနေသည်။ တောင်ဖျားမှ မြောက်ဘက် ၄ မိုင်ခန့်တွင် တောင်က အောက်သို့နိမ့်ဆင်းကာ ပျောက်လုနီးပါးဖြစ်သွားသည်။ ထိုနေရာသည် ရေခါးအရပ်ဖြစ်ပြီး ရေခါး၏တောင်ဘက်ကို စစ်ကိုင်းတောင်ဟုလည်းကောင်း၊ မြောက်ဘက်တစ်ကြောကို မင်းဝံတောင်ဟုလည်းကောင်း ခေါ်ဆိုကြပေသည်။ စစ်ကိုင်းတောင်တန်းတွင် တောင်ထွတ် ၇၇ ခု ရှိရာ ပတ္တမြားစေတီတည်ထားသော တောင်ထွတ်သည် အမြင့်ဆုံးဖြစ်ပြီး ၈၃၄ ပေခန့်မြင့်သည်။

ရှေးဟောင်း စစ်ကိုင်းမြို့တော်တွင် မင်းဆက်ခုနစ်ဆက်တို့က နှစ် ၅၀ ကြာ စိုးစံခဲ့ကြရာ (၁)အသင်္ခယာ စောယွမ်းက ရှစ်နှစ်၊ (၂) နောင်တော် တရုတ်ဖျားက ၁၄ နှစ်၊ (၃) တရုတ်ဖျား၏သား ရွှေတောင်တက်က သုံးနှစ်၊ (၄)အသင်္ခယာစောယွမ်း၏သား ကျော်စွာက (၁၀)နှစ်၊ (၅) ညီနော်ရထာမင်းရဲက ခုနစ်လ၊ (၆) ညီ ဆင်ဖြူရှင်တရုတ်ဖျားငယ်က သုံးနှစ်နှင့် (၇) မင်းပြောက်က ၁၃ နှစ် အုပ်စိုးခဲ့ကြပေသည်။

သတိုးမင်းဖျားလက်ထက်တွင် မြို့တော်ကို စစ်ကိုင်းမှ အင်းဝသို့ပြောင်းရွှေ့ခဲ့သည်။ သို့သော်လည်း အလောင်းဘုရား၏ သားတော်ကြီးဖြစ်သူ နောင်တော်ကြီးသည် စစ်ကိုင်းတွင် ခရစ်နှစ် ၁၇၆၀ မှ ၁၇၆၄ ခုနှစ်အထိ ပြန်လည်နန်းစိုက်ခဲ့သည်။ နောင်တော်ကြီးကွယ်လွန်သောအခါ မြို့တော်ကို အင်းဝသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြသည်။ နှစ် (၅၀) မျှ မြန်မာတို့၏ နန်းမြို့ဖြစ်ခဲ့သည့် စစ်ကိုင်းသည် စေတီပုထိုးပေါင်း များစွာရှိနေသည့် တောင်တန်းအောက်တွင် လှပစွာတည်ရှိနေပြီး ပြည်တွင်းပြည်ပခရီးသည်များ လာရောက်လည်ပတ်ကြည့်ရှုရာ နေရာတစ်ခုအဖြစ် ရပ်တည်နေခဲ့သည်မှာ နှစ်ကာလကြာရှည်ခဲ့ပြီဖြစ်ပါသည်။

မြားမြောင်လှသော စေတီပုထိုးများအနက် အင်းဝဘုရင် နရပတိကြီး( ၁၄၄၃-၁၄၆၉) တည်ထားခဲ့သော ထူပါရုံစေတီတော်သည် သမိုင်းဝင်ရှေးဟောင်းစေတီတော်တစ်ဆူ ဖြစ်သည်။ ယခုအခါ စစ်ကိုင်းမြို့ ပိုးတန်းရပ်တွင်ရှိသော ထူပါရုံစေတီတော်ကြီးကို ခရစ်နှစ် ၁၄၄၇ ခုနှစ်တွင် ထီးတော်တင်ခဲ့ရာ ဘုရင်မင်းမြတ်က မြစ်ကိုဖြတ်လျက် ယာယီသစ်သားတံတားတစ်ခုကို ထိုးခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူများသည် စေတီတော်ကြီး ထီးတော်တင်ပွဲသို့ ပျော်ရွှင်ကြည်နူးစွာ လာရောက်ခဲ့ကြသည်။ ၁၈၃၈ ခုနှစ်က စစ်ကိုင်းတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ထိုတံတားပြိုပျက်ခဲ့သည်။ ပုဂံဘုရင်က ပျက်စီးနေသော တံတားအား ၁၈၄၉ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ပါချေ။

စစ်ကိုင်းတွင် မင်းတုန်းမင်းတည်ခဲ့သော သံရည်ကျိုရုံတစ်ခုသည် ရွှေတော်ဦးမော် တောင်ထွတ်အနောက်ဘက်ခြေရင်းတွင် ယနေ့တိုင်ရှိနေသည်။ သံရည်ကျိုသည့် ပင်မအရည်ကျိုရုံတွင် ပေငါးဆယ်ခန့်မြင့်သော စတုရန်းပုံအုတ်ခေါင်းတိုင်ကြီး တစ်တိုင်ရှိသည်။ ခေါင်းတိုင်ဝသည် ဆယ်ပေခြောက်လက်မခန့်ကျယ်ပြီး ခေါင်းတိုင်ဘေးနှစ်ဖက်တွင် တစ်ခုလျှင် သုံးပေရှစ်လက်မကျယ်၍ ခုနစ်ပေမြင့်သော အပေါက်နှစ်ပေါက်ကို ဖောက်ထားသည်။ ခေါင်းတိုင်ကြီး၏ နောက်တွင် အုတ်ကန်ကြီးတစ်ခုနှင့် အုတ်ကန်ငယ်များရှိနေသည်။ အချို့က အဝိုင်း၊ အချို့က လေးထောင့်ပုံသဏ္ဌာန်ရှိသော ယင်းအုတ်ကန်များကို အောက်ခြေတွင် တစ်ခုနှင့်တစ်ခု အုတ်လိုဏ်များဖြင့် ဆက်သွယ်ထားပေသည်။

ယင်းသံရည်ကျိုရုံကြီးအား မင်းတုန်းမင်းက မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၇၄) တွင် တည်ဆောက်ခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၏ နယ်မြေဒေသ တစ်ဝက်ခန့်သည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်နေခဲ့သဖြင့် မင်းတုန်းမင်းသည် အင်္ဂလိပ်တို့၏ မြန်မာပြည်အထက်ပိုင်းကို သိမ်းယူမည့်ရန်ကို ကာကွယ်နိုင်ရန် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး အစီအမံများကို ဆောင်ရွက်ခဲ့ပေသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ခေတ်မီစက်ရုံအလုပ်ရုံများကို တည်ဆောက်ခဲ့သည့် စီမံကိန်းသည်လည်း ပါဝင်ခဲ့ရာ အဆိုပါသံရည်ကျိုစက်ရုံသည် မင်းတုန်းမင်းကြီး တည်ဆောက်ခဲ့သော စက်ရုံများအနက် တစ်ခုအပါအဝင် ဖြစ်ပေသည်။ စက်ရုံတွင်တပ်ဆင်ရန် စက်ပစ္စည်းများနှင့် စက်ရုံကိုဦးစီးလည်ပတ်မည့် ပညာရှင်များရရှိနိုင်ရန် ဒေါက်တာကလေမံဝီလျံဆိုသူကို အပ်နှံခဲ့သော်လည်း အကြောင်းမျိုးစုံကြောင့် စက်ရုံကိုမလည်ပတ်နိုင်ခဲ့ပါချေ။ နယ်ချဲ့တို့က မြန်မာတို့၏ စီမံကိန်းများ အောင်မြင်မှုမရရှိစေရန် နည်းမျိုးစုံဖြင့် လှည့်စားခဲ့သဖြင့် မင်းတုန်းမင်းသည် အမတ်ကြီးမင်းလှ မဟာရာဇသင်္ကြံ ဦးဆောင်သော သံအဖွဲ့ကို နည်းပညာအကူအညီများရယူနိုင်ရန် ပြင်သစ်နိုင်ငံသို့ စေလွှတ်ခဲ့သေးပေသည်။ မင်းတုန်းမင်းသည် မိမိ စွမ်းနိုင်သမျှ ကြိုးပမ်းခဲ့သော်လည်း စစ်ကိုင်းသံရည်ကျိုရုံကို မလည်ပတ်နိုင်ခဲ့သည်မှာ မြန်မာတို့အတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ရပေသည်။ ယခုအခါတွင် သံကျိုရုံခေါင်းတိုင်ကြီးကို ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**စစ်ကိုင်းသည် မြန်မာနိုင်ငံ သာသနာသမိုင်းတစ်လျှောက် ပရိယတ္တိ၊ ပဋိပတ္တိသာသနာထွန်းကားခဲ့ရာ ဘူမိနက်သန်နေရာတစ်ခုဖြစ်သည်။ စစ်ကိုင်းဒေသသည် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်တွင် ထင်ရှားသောဆရာတော်ကြီးများပေါ်ထွန်းရာ နေရာဖြစ်သကဲ့သို့ ယခုအချိန်တိုင်အောင် တစ်နိုင်ငံလုံးမှ စာသင်သားရဟန်းသံဃာတော်များသည် ပရိယတ္တိစာပေများကို လာရောက်သင်ယူနေကြသည့်နေရာတစ်ခုလည်း ဖြစ်ပေသည်**

အင်္ဂလိပ်တို့ကိုခုခံရန် မြန်မာတို့တည်ဆောက်ခဲ့သည့် ထင်ရှားသည့် သမိုင်းဝင်ခံတပ်များအနက် အစေခံခံတပ်သည် စစ်ကိုင်းဘက်ကမ်းတွင်တည်ရှိပြီး ယခုအခါတွင် စစ်ကိုင်းဆေးရုံကြီးနောက်ကျော၊ တောင်ဘက်အရပ်တွင် တွေ့မြင်နိုင်ပေသည်။ အစေခံခံတပ်သည် အင်းဝဆင်ကျုံးခံတပ်၊ အမရပူရသပြေတန်းခံတပ်တို့နှင့် ဖိုခုံလောက်ဆိုင်တည်ရှိနေသည်။ မင်းတုန်းမင်းသည် ထိုခံတပ်များအား ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာမည့် ရန်သူတို့၏ သင်္ဘောများကို ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ရန် ရည်ရွယ်တည်ဆောက်ထားခဲ့ခြင်းဖြစ်ပေသည်။

အစေခံ ခံတပ်၏ မျက်နှာစာဝင်ပေါက် တစ်ဖက်တစ်ချက်တွင် အမြောက်ငယ်တစ်လုံးစီရှိပြီး အမြောက်များ၏ရှေ့၊ ခံတပ်အဝင်လမ်းတစ်ဖက်တစ်ချက်ဝယ် "အစေခံ ခံတပ်" အမည်ပါ ကျောက်စာတစ်ချပ်နှင့် ခံတပ်သမိုင်းကြောင်းကိုရေးထိုးထားသော ကျောက်စာချပ်ကို စိုက်ထူထားသည်။ ယင်းနေရာသည် စစ်ကိုင်းမြို့မှ လှေထိုးသားများနေထိုင်ရာ အစေခံအရပ်ဖြစ်သောကြောင့် အစေခံခံတပ်ဟုအမည်တွင်ခဲ့သည်။ အစေခံခံတပ်သည် စက်ဝိုင်းခြမ်းပုံစံဖြစ်ပြီး မျဉ်းဖြောင့်အခြမ်းက စစ်ကိုင်းမြို့ဘက်သို့ မျက်နှာမူထားသည်။

ထိုမျဉ်းဖြောင့်ဘက်အခြမ်းတွင် အမြင့် ၈ ပေ၊ ထု ၂ ပေရှိသည့်အုတ်တံတိုင်းတစ်ခုကို ကာရံထားသော်လည်း ဧရာဝတီမြစ်ဘက်ကို လှည့်ထားသည့် စက်ဝိုင်းခုံးပုံစံနေရာကိုမူ ပေ ၃၀နီးပါးအထူရှိသည့် မြေနှင့်အုတ်နံရံကြီးဖြင့် ကာရံထားသည်။ ထုထည်ကြီးမားလှသော ယင်းမြေသားနံရံအပေါ်တွင် ဧရာဝတီမြစ်တစ်လျှောက်ဆန်တက်လာမည့် ရန်သူ အင်္ဂလိပ်သင်္ဘောများကို ပစ်ခတ်ရန်အသင့်ချိန်ထားသောအမြောက် လေးစင်းရှိသည်။ ဧရာဝတီမြစ်ကို မျက်နှာမူထားသော ခံတပ်နံရံအပေါ်မှ အရှေ့တောင်ဘက်တွင် အင်းဝမြို့ဟောင်းမှ စေတီပုထိုးများနှင့် ဆင်ကျုံးခံတပ်ကို ခပ်ဝါးဝါး မြင်တွေ့နိုင်ပေသည်။

အစေခံ ခံတပ်သည် တောင်မြောက် ပေ ၂၄၀ နှင့် အရှေ့အနောက် ပေ၃၂၀ ခန့်ရှိကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။

အစေခံ ခံတပ်၏မြောက်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် အုတ်တံတိုင်းငယ်တစ်ခု ကာရံထားသော အုတ်ဂူသုံးလုံးရှိသည်။ အုတ်ဂူသုံးလုံးတွင် သေဆုံးသူများ၏ အမည်များကိုရေးထိုးထားသည်။ ဂူတစ်လုံးတွင် ၁၈၈၅ ခုနှစ် ဒီဇင်ဘာလ ၂၇ရက် တွင် တိုက်ပွဲကျဆုံးသည်ဟု လည်းကောင်း၊ ဂူတစ်လုံးတွင် ၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျဆုံးသည်ဟု လည်းကောင်း၊ အခြားဂူတွင်မူ ၁၈၈၆ ဇန်နဝါရီလ ၁၉ရက်နေ့တွင် တာဝန်ထမ်းဆောင်စဉ် ကျဆုံးသည်ဟုလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။

ယခုအခါတွင် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ တံတားကြီးနှစ်စင်းဖြင့် ဆက်သွယ်ထားပေသည်။ ပထမတံတားကြီးအား ၁၉၃၄ ခုနှစ်ကဆောက်လုပ်ခဲ့ပြီး အင်းဝတံတားဟု နာမည်တွင်ခဲ့သည်။ အင်းဝတံတားကြီးသည် ဒုတိယ ကမ္ဘာစစ်အတွင်းဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်ပြီး ၁၉၅၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ရတနာပုံတံတားသစ်ကြီးကိုလည်း မကြာသေးမီနှစ်များက ဖွင့်လှစ်ခဲ့ပေသည်။ ရှေးယခင်အခါများက ငှက်ဟုခေါ်ကြသည့် သမ္ဗန်များဖြင့်သာ ဧရာဝတီမြစ်ကို ကူးဖြတ်ခဲ့ကြရသော်လည်း ယခုအခါတွင် အဆိုပါတံတားကြီးနှစ်စင်းပေါ်မှ လူများနှင့် မော်တော်ယာဉ်များ လွယ်ကူစွာဖြတ်သန်းသွားလာလျက်ရှိကြပေသည်။

ကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ်၊ ရှင်ပင်နံ့ကိုင်း အစရှိသည့် ထင်ရှားသည့် ရှေးဟောင်းစေတီဘုရားများပေါများလှသည့် စစ်ကိုင်းသည် မြန်မာနိုင်ငံ သာသနာသမိုင်းတစ်လျှောက် ပရိယတ္တိ၊ ပဋိပတ္တိသာသနာထွန်းကားခဲ့ရာ ဘူမိနက်သန်နေရာတစ်ခုဖြစ်သည်။ စစ်ကိုင်းဒေသသည် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်တွင် ထင်ရှားသော ဆရာတော်ကြီးများပေါ်ထွန်းရာနေရာဖြစ်သကဲ့သို့ ယခုအချိန်တိုင်အောင် တစ်နိုင်ငံလုံးမှ စာသင်သားရဟန်းသံဃာတော်များသည် ပရိယတ္တိ စာပေများကို လာရောက်သင်ယူနေကြသည့် နေရာတစ်ခုလည်း ဖြစ်ပေသည်။ တရားဘာဝနာ ကျင့်ကြံအားထုတ်ကြသည့် သူတော်စင်တို့အတွက်လည်း စစ်ကိုင်းရှိ တောင်စွယ်၊ တောင်တန်းတစ်လျှောက်တွင် ချောင်များက ပေါများလှပေသည်။ ချောင်ဟူသည်မှာ လူသူအရောက်အပေါက်နည်းပြီး ဆိတ်ငြိမ်အေးချမ်းသော တောင်ကြွေ့၊ တောင်ကမ်းပါးနေရာများကို ခေါ်ဆိုခြင်းဖြစ်ပေသည်။ ချောင်များသည် လေကွယ်မိုးကွယ်နေရာများ ဖြစ်ကြသဖြင့် စာသင်တိုက်၊ တရားတိုက်များကို အစဉ်အဆက် တည်ဆောက်ခဲ့ကြပေသည်။

သမိုင်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် စစ်ကိုင်းမြို့ကို တည်ထောင်ခဲ့သည်မှာ ၂၀၁၅ ခုနှစ်တွင် နှစ်ပေါင်း (၇၀၀) ပြည့်ပြီဖြစ်ပါသည်။ မြို့တည်နန်းတည်ခဲ့သည့်လွန်ခဲ့သော နှစ်ပေါင်း (၇၀၀)ကတည်းက ခေတ်ကာလ အဆက်ဆက်တည်ရှိခဲ့သော သမိုင်းဝင်စေတီများ၊ နယ်ချဲ့ကို တွန်းလှန်ခဲ့သည့် ခံတပ်များနှင့် စက်ရုံများ၊ ကမ္ပည်းကျောက်စာမော်ကွန်းများ၊ သာယာရှုမောဖွယ် တောင်ထွတ်တောင်တန်းများ၊ သူတော်စင်တို့ ကိန်းအောင်းရာ တောင်ပေါ်ချောင်များ၊ ယဉ်ကျေးမှုအဆောက်အအုံများသည် စစ်ကိုင်း၏ထင်ရှားသော သင်္ကေတများအဖြစ် ထင်ရှားစွာတည်ရှိနေပေရာ ယင်းတို့ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် စစ်ကိုင်းခေါ် အောင်ခြင်းမြို့တော်၊ ဇေယျပူရ၏ဂုဏ်ရှိန်ကို မြှင့်တင်ကြရမည်သာ ဖြစ်ပါတော့သည်။

ပြည်တွင်းသတင်း

## မန္တလေး၌ ပုဂ္ဂလိကကျောင်းပေါင်း ၇၉ ကျောင်း လျှောက်ထားဖွင့်လှစ်

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အခြေခံပညာမူလတန်းမှ အဆင့်မြင့်တန်းအထိ ပုဂ္ဂလိကပညာရေးကျောင်းများဖွင့်လှစ်သင်ကြားရန် ကျောင်းပေါင်း ၇၉ ကျောင်း လျှောက်ထားဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများတွင် ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အတွက် ဖွင့်လှစ်ရန် အသစ်လျှောက်ထားသည့် ကျောင်းပေါင်း ၄၄ ကျောင်း၊ ယာယီသက်တမ်း နှစ်နှစ်ပြည့်၍ သက်တမ်းတိုးလျှောက်ထားသူ နှစ်ကျောင်း၊ စမ်းသပ်ကာလ တစ်နှစ်ပြည့်၍သက်တမ်းတိုးပြန်လည်လျှောက်ထားသည့် ကျောင်းပေါင်း ၂၂ ကျောင်းနှင့်သက်တမ်းရှိသော်လည်း အဆင့်တိုးမြှင့်၍ ဖွင့်လှစ်သင်ကြားရန်လျှောက်ထားသည့် ကျောင်းများနှင့် ကျောင်းနေရာပြောင်းရွှေ့ဖွင့်လှစ်သင်ကြားရန် လျှောက်ထားသည့် ကျောင်းပေါင်း ၁၁ ကျောင်းရှိသည်။

"၂၀၁၂-၂၀၁၃ ကစပြီး ပုဂ္ဂလိကကျောင်းတွေ တည်ထောင်ဖွင့်လှစ်သင်ကြားနိုင်ဖို့ တရားဝင်ခွင့်ပြုပေးခဲ့ပါတယ်။ ခွင့်ပြုကာလကသိပ်မရှိပေမယ့် အခု ၂၀၁၄ ခုနှစ်မှာ သိသိသာသာပိုများလာပါတယ်။ အသစ်လျှောက်တဲ့သူများလာသလို လက်ရှိဖွင့်နေတဲ့ ကျောင်းတွေကလည်း မူလတန်းအဆင့်ကနေ အလယ်တန်း၊ အထက်တန်းအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ဖို့အတွက် လျှောက်ထားသူတွေလည်းရှိပါတယ်။ ဒီလိုပုဂ္ဂလိကကျောင်းတွေ ဖွင့်လှစ်သင်ကြားမှုများလာတာကောင်းပေမယ့် အချို့ကျောင်းတွေက တရားဝင်ခွင့်ပြုမိန့်မရသေးဘဲ ဖွင့်နေကြတယ်။ ဒါကြောင့် မိဘတွေက ကိုယ့်သားသမီးကိုပုဂ္ဂလိကကျောင်းတွေမှာ အပ်နှံမယ်ဆိုရင် ဖွင့်ခွင့်တကယ်ကျမကျကို အနီးကပ်ဆုံးမြို့နယ် ပညာရေးမှူးရုံးမှာ သေချာအောင်စုံစမ်းပြီးမှ အပ်နှံကြစေချင်တယ်။ ခွင့်ပြုမိန့်တင်ထားပြီး ဖွင့်နေတဲ့ကျောင်းတွေမှာအပ်နှံမိလို့ အဲဒီကျောင်းကဖွင့်ခွင့် မရလိုက်ရင် မလိုလားအပ်တဲ့နစ်နာမှုတွေကို ကျောင်းသားနဲ့ မိဘတွေမကြုံတွေ့စေချင်လို့ပါ။ တချို့ကျောင်းတွေက ကျူရှင်သဘောပြနေရာကနေ ပုဂ္ဂလိကကျောင်းဖွင့်ခွင့်တင်ထားပြီး ဆိုင်းဘုတ်ထောင်ထားတာတွေရှိနေတယ်"ဟု ပညာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်း လက်ရှိပုဂ္ဂလိကကျောင်းအဖြစ် တရားဝင်ခွင့်ပြုချက်ရရှိပြီး ဖွင့်လှစ်သင်ကြားနေသည့် ကျောင်းပေါင်း ၆၉ ကျောင်းရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေဝါချောင်း ချောင်းကူးတံတားဆောက်လုပ်ရန် တံတားတည်ဆောက်မည့်မြေနေရာရွေးချယ်သတ်မှတ်



**ကနီ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီ-ချောင်းမ- မုံရွာကားလမ်းမပေါ်ရှိ ကနီမြို့အဝင်တွင် နှစ်ဖာလုံကျော် သုံးဖာလုံကျယ်သော ရေဝါချောင်းချောင်းကူးတံတား တည်ဆောက်နိုင်ရန်အတွက် တံတားတည်ဆောက်မည့်နေရာနှင့် တံတားချဉ်းကပ်လမ်းလမ်းအူကြောင်း မြေနေရာရွေးချယ် သတ်မှတ်ခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော်ဝေးကွာသော မဟူရိုးမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့်စီးဆင်းသောကြောင့် မိုးရာသီမိုးများရွာသွန်းချိန်တွင် ချောင်းရေများကျဆင်းလာလျှင် မြို့နယ်အတွင်းမှ ပြည်သူများခရီးသွားလာရန် အလွန်ခက်ခဲကြောင်း၊ ကားများ၊ ဆိုင်ကယ်များ စသည့် ယာဉ်ကြီးယာဉ်ငယ်များ ချောင်းကိုကူးရန်ခက်ခဲသလို မြို့ပေါ်သို့ ကျောင်းသွားတက်ရသည်။ ကျောင်းသား ကျောင်းသူလေးများပါ ကျောင်းကိုသွားလာရန်လည်း ခက်ခဲကြောင်း။ ယခုတံတားဆောက်လုပ်ရန်အတွက် တံတားတည်ဆောက်မည့်နေရာနှင့် တံတားချဉ်းကပ်လမ်း လမ်းအူကြောင်းမြေနေရာရွေးကာ တံတားကြီးဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်တစ်မြို့တွင်သာမက ကနီ- ချောင်းမ- မုံရွာ ကားလမ်းတစ်လျှောက်နှင့် ကနီ -မင်းကင်း လမ်းဘေးရှိ ကျေးရွာများပါ သွားလာရန်လွယ်ကူ၍ ကုန်စည်စီးဆင်းမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာတိုးတက်လာပြီး ယင်းဒေသများရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေး စသည့်အခက်အခဲများ လွယ်ကူလာနိုင်မည်ဖြစ်သဖြင့် ပြည်သူများကလည်း ချောင်းကူးတံတားကြီးဆောက်နိုင်ရန် လိုလားလျက်ရှိနေကြောင်း သိရသည်။

ယင်းရေဝါချောင်း ချောင်းကူးတံတားတည်ဆောက်နိုင်ရန်အတွက် တံတားတည်ဆောက်မည့်နေရာနှင့် တံတားချဉ်းကပ်လမ်းလမ်းအူကြောင်း မြေနေရာရွေးချယ်သတ်မှတ်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့် မြို့မိ မြို့ဖများက ညှိနှိုင်းဆွေးနွေးရွေးချယ်သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ရွှေချောင်း-ရေစကြိုလမ်းသစ်ဖောက်လုပ်



**ရေစကြို မတ် ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရွှေချောင်းကျေးရွာနှင့်ရေစကြိုမြို့ ဆက်သွယ်ထားသော မြေသားလမ်းသစ်ဖောက်လုပ်ခြင်းကို ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက ဦးဆောင်ကာ ကျေးရွာနေပြည်သူများ၏ လုပ်အားဖြင့် ဆောင်ရွက်လျက်ရှိပြီး အရှည်ပေ ၄၀၀၀၊ အကျယ်ပေ ၃၀၊ ထုနှစ်ပေရှိ မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိသည်ဟု သိရသည်။

အဆိုပါမြေသားလမ်းဖောက်လုပ်နေမှုကို မြေသားလမ်းဖောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်အား မေးမြန်းကြည့်ရာတွင် "အခုမြေသားလမ်းသစ်ဖောက်လုပ်နေမှုကို ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက ဖောက်လုပ်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေချောင်းရွာသူရွာသားတွေက လုပ်အားနဲ့ဝိုင်းဝန်းဆောင်ရွက်နေကြပါတယ်။ ကျွန်တော်တို့ ယခင်လမ်းဟောင်းက နေ့ရောညရော အချိန်မရွေးသွားလာလို့အဆင်မပြေပါဘူး။ ကျွန်တော်တို့ရွာမှာ ၂၁-၁၁-၂၀၁၂ နေ့ကစပြီးတော့ ရွာလုံးကျွတ်လျှပ်စစ်မီးရရှိပြီဖြစ်ပါတယ်။ ခုအသစ်ဖောက်တဲ့လမ်းကို ရေစကြိုကနေ ရွှေချောင်းရွာထိ စိုက်ထူထားတဲ့ လမ်းမီးတိုင်တွေအရှေ့ဘက်ကပ်လျက်မှာ ဖောက်လုပ်ထားပါတယ်။ လမ်းသစ်ကြီးပြီးစီးသွားရင် လမ်းကလည်းကောင်းသွားပြီးတော့ လမ်းမီးတိုင်တွေကလည်း လျှပ်စစ်မီးလင်းရင် ကျွန်တော်တို့ရွာက ရေစကြိုမြို့ကို နေ့ညအချိန်အခါမရွေး လွယ်လွယ်ကူကူနဲ့ သွားလာနိုင်တော့မှာဖြစ်ပါတယ်။ အခု လမ်းသစ်ဖောက်လုပ်လျက်ရှိတဲ့မြေနေရာကိုတော့ လယ်/ယာပိုင်ရှင်တွေက ကျေကျေနပ်နပ်နဲ့လက်မှတ်ထိုးပြီး ဆရာတော်ဆီကို ပေးအပ်လှူဒါန်းကြတာဖြစ်ပါတယ်"ဟု ပြောသည်။

ရွှေချောင်း-ရေစကြို လမ်းသစ်ဖောက်လုပ်ပြီးစီးပါက ရွှေချောင်းကျေးရွာ၊ ပေါက်တောကျေးရွာများမှ ကျေးရွာနေပြည်သူများသာမက မြစ်အရှေ့ဘက်ကျွန်းထဲ ကျေးရွာများမှ ပြည်သူများအတွက်ပါ ဆက်သွယ်သွားလာရေးလွယ်ကူအဆင်ပြေသွားမည်ဖြစ်သည်ဟု သိရသည်။ **အိမွန်ဆွေ (ရေစကြို)**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

နိုင်ငံတကာအားကစားသတင်း

# အသင်းကြီးတွေ ရင်စို့မတတ်ကစားရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၈)

မိုးမြင့်လင်းလက်

ပြိုင်ပွဲတွေဆက်တိုက်ဆင်နွှဲနေရတဲ့ ပရီမီယာလိဂ်အသင်းတွေကတော့ မတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် (၂၈)ကို ဆက်လက်ဆင်နွှဲရဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ အဝေးကွင်းမှာ ဆင်နွှဲရမှာမို့ အလေးထားကစားရမယ့်ပွဲတွေပါပဲ။ ထိပ်တန်းအသင်းတွေအားလုံး အမှတ်ပြည့် သိမ်းကျုံးယူဖို့ ခြေကုန်ထုတ်ကြရဦးမယ့် ပွဲတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

### ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီး

တန်းစီဇယားဒုတိယနေရာက မန်စီးတီးကိုအမှတ်ဖြတ်ထားဖို့ ကြိုးစားမယ့် ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ ဝက်စ်ဟမ်းကို အပြင်းအထန် ကျော်ဖြတ်ရဖို့ ရှိနေပါတယ်။ ဝက်စ်ဟမ်းက အိမ်ကွင်းဆိုရင် တိုက်စစ်မှူးတွေ ခြေပေါ်အောင်ကစားနိုင်ကြပြီး ဂိုးလည်းသွင်းယူနိုင်ကြတာမို့ ချယ်လ်ဆီးတို့ ပွဲကျပ်ပါပဲ။ ဒါပေမယ့် နည်းဗျူဟာပိုင်းနဲ့ တစ်ဦးချင်းစွမ်းရည်တွေမှာတော့ ချယ်လ်ဆီးကို မယှဉ်နိုင်တာမို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက အိမ်ရှင်တို့ တစ်မှတ်ပါပဲ။

### မန်စီးတီးနှင့်လက်စတာ

အိမ်ကွင်းမှာ ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းနိုင်တဲ့ မန်စီးတီးတို့က ဒီပွဲမှာ တန်းစီဇယားအောက်ဆုံးက လက်စတာကို ပေါ့ပေါ့ဆဆကစားမှာမဟုတ်ပါဘူး။ ပွဲတိုင်း အမှတ်ပြည့်ရယူဖို့ ကြိုးစားနေပြီဖြစ်တဲ့ မန်စီးတီးတို့အတွက် လက်စတာလို ခံစစ်အားနည်းတဲ့အသင်းကို ဖိအားပေးကစားပြီး အောင်ပွဲခံနိုင်ပါလိမ့်မယ်။

### နယူးကာဆယ်နှင့် မန်ယူ

နယူးကာဆယ်နဲ့ကစားတိုင်း မန်ယူတို့ ရှုံးကန်ခဲ့ရတာချည်းဖြစ်ပေမယ့် အခက်အခဲတွေကြားက ရလဒ်ကောင်းအောင်တော့ အားထုတ်နိုင်ခဲ့ပါတယ်။ နယူးကာဆယ်မှာ ပါပစ်ဆီဆေးက ဂိုးသွင်းအားကောင်းသလို အိမ်ကွင်းမှာဆိုရင် ပေးဂိုးလည်း နည်းအောင် ကစားနိုင်တာမို့ မန်ယူတို့လွယ်ကူမှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် အမှတ်လိုအပ်နေတဲ့ မန်ယူဟာ အဝေးကွင်းဆိုပေမယ့် နိုင်လိုစိတ်ပြင်းပြင်းနဲ့ ကစားရင် အခြေအနေကောင်းနိုင်တဲ့ပွဲပါ။

### ကျူပီအာနှင့်အာဆင်နယ်

အော်စကင်ရဲ့သွင်းဂိုးနဲ့အမှတ်တွေရယူနေတဲ့ ကျူပီအာတို့က တန်းဆင်းဇုန်က ဝေးကွာဖို့ ရှိသမျှအားကို ညှစ်ထုတ်ကစားနေရတဲ့ အနေအထားရောက်ရှိနေပါတယ်။ အာဆင်နယ်တို့ကတော့ ဥရောပဝင်ခွင့်သေချာအောင် ပွဲတိုင်း အမှားနည်းအောင် ကစားနေတာမို့ အခုပွဲကို အနိုင်ရလဒ်ကလွဲပြီး အခြားရလဒ်ကို ပုံဖော်မှာမဟုတ်ပါဘူး။

### ဆောက်သမ်တန်နှင့်ပဲလေ့စ်

ဆောက်သမ်တန်ရဲ့ အိမ်ကွင်းရလဒ်တွေက တဖြည်းဖြည်းအားရစရာမရှိတာမို့ ဒီပွဲမှာ ပြင်ဆင်မှုတွေပြုလုပ်မှရပါလိမ့်မယ်။ ပဲလေ့စ်တို့ကတော့အဝေးကွင်းမှာ သရေပွဲများတတ်ပေမယ့် ဒီပွဲမှာအိမ်ရှင်တို့က အခွင့်အရေးပေးမှာမဟုတ်ပါဘူး။ ဆောက်သမ်တန်ကို ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

### လီဗာပူးနှင့်ဘန်လေ

တန်းဆင်းဇုန်ထဲက ရုန်းကန်ထွက်ဖို့ ကြိုးစားနေတဲ့ ဘန်လေကို လီဗာပူးတို့အိမ်ကွင်းဆိုပေမယ့် ထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် လီဗာပူးတို့က ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းမှာ ရှုံးပွဲနည်းအောင်စွမ်းဆောင်ထားနိုင်တာကို အသိအမှတ်ပြုရမှာပါ။ အဝေးကွင်းမှာ ရလဒ်ဆိုးရွားတတ်တဲ့ဘန်လေကို အလေးထားကစားရင်တော့ သုံးမှတ်ဆိုတာ အိမ်ရှင်အတွက်ပါပဲ။

### စပါးနှင့်ဆွမ်ဆီး

ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ စပါးမှာ အဲရစ်ဆင်က ဂိုးသွင်းအားကောင်းသူတစ်ဦး ဖြစ်ပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ ကြံ့သလိုဂိုးသွင်းနိုင်သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းယိုယွင်းနေတာကြောင့် ဆွမ်ဆီးတို့အခွင့်အရေးတွေ ရသွားနိုင်တာမို့ အမှတ်ခွဲယူရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

### စတုတ်နှင့်အဲဗာတန်

အိမ်ကွင်းမှာ ရလဒ်တွေဆိုးရွားနေတဲ့ စတုတ်တို့ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းနှုန်းတွေလည်း ကျဆင်းနေပါတယ်။ အဲဗာတန်တို့က အိမ်ကွင်းမှာ အမှတ်ရအောင်ကြိုးစားနိုင်တာမို့ အိမ်ရှင်တို့ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင်ယူပါလိမ့်မယ်။

---

# စပါးက အလိုရှိခဲ့ဖူးတဲ့မော်ရင်ဟို

ကောင်းမြတ်သူ-စုစည်းသည်

ယခုနှစ်ရာသီအတွင်း ချန်ပီယံဖြစ်ဖို့ရေပန်းစားနေတဲ့ ချယ်လ်ဆီးအသင်းရဲ့နည်းပြ မော်ရင်ဟိုကသူ့ကို တစ်ချိန်တုန်းက စပါးကခေါ်ယူခဲ့ဖူးတယ်လို့ ပြောဆိုလိုက်ပါတယ်။

၂၀၀၇ ခုနှစ် စက်တင်ဘာလက ချယ်လ်ဆီးအသင်းက ထွက်သွားတဲ့ အချိန်မှာ စပါးကခေါ်ယူဖို့ကြိုးစားခဲ့တယ်လို့ မော်ရင်ဟိုကဆိုပါတယ်။ သို့ပေမယ့် စပါးအသင်းရဲ့ ကမ်းလှမ်းမှုကို မော်ရင်ဟိုကပယ်ချခဲ့တယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းမှ ထွက်သွားပြီးတဲ့နောက် နှစ်နှစ်အတွင်း အင်္ဂလန် ပရီမီယာလိဂ်အသင်းသို့ ပြောင်းရွှေ့ခွင့်မရှိတဲ့ အတွက်ကြောင့်လည်း စပါးနည်းပြအဖြစ် လာရောက်လုပ်ကိုင်ရန် ငြင်းဆိုခဲ့ရတယ်လို့ ဆိုပါတယ်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလကစပါးနည်းပြ မာတင်ဂျိုးလ်ကိုဖြုတ်ပြီး မော်ရင်ဟိုနဲ့ အစားထိုးဖို့ စပါးအသင်းဥက္ကဋ္ဌ ဒမ်နီလီဗီကကြိုးစားခဲ့တယ်လို့ ဆိုပါတယ်။ မော်ရင်ဟိုကိုခေါ်ယူ၍မရသည့်အဆုံး စပိန်နည်းပြ ရာမို့စ်ကို ရွေးချယ်ခဲ့ရတယ်လို့ဆိုပါတယ်။ ၂၀၁၂ ခုနှစ် ဇူလိုင်လက မော်ရင်ဟိုရဲ့ ပေါ်တိုအသင်းကိုင်တွယ်စဉ်က လက်ထောက်နည်းပြ ဗီးလပ်ဆိုအတ်ကို စပါးက နည်းပြခန့်ခဲ့ပါတယ်။ မော်ရင်ဟိုဟာချယ်လ်ဆီးသို့ ရောက်ရှိလာပြီး ပထမနှစ်အတွင်းမှာပဲ ဖလားနှစ်လုံး ဆွတ်ခူးပေးခဲ့ပြီး ယခုနှစ်မှာလည်း ချယ်လ်ဆီးနဲ့အတူ ဖလားဆွတ်ခူးဖို့ ရေပန်းစားနေပါတယ်။



# ဘင်တန်ဝိတ်တန်းချန်ပီယံဘွဲ့ကို အလဲထိုးကာကွယ်လိုက်တဲ့ ဖရန်တန်

မြောက်အိုင်ယာလန် နိုင်ငံသား ကားလ် ဖရန်တန်ဟာ IBF စူပါဘင်တန် ဝိန်တန်းပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံတစ်ဦးပါ။သူဟာစိန်ခေါ်လာသူ အမေရိကန်လက်ဝှေ့သမား ခရစ်အဗာလော့စ်ကို ဘဲလ်ဖက်မြို့မှာ ငါးချီနဲ့ အလဲထိုးပြီး ချန်ပီယံဘွဲ့ကို ကာကွယ်ထိုးသတ်နိုင်ခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ ကားလ်ဖရန်တန်ဟာ အစောပိုင်း အချီတွေကတည်းက အသာစီးနဲ့ ထိုးသတ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာတော့ စိန်ခေါ်သူ အဗာလော့စ်ရဲ့ ထိုးချက်တွေကို အလူးအလဲ လှိမ့်ခံခဲ့ရတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ငါးချီမြောက်ပွဲအစမှာတော့ ဖရန်တန်က အဗာလော့စ်ရဲ့ မျက်နှာကို ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်ချိန်မှာတော့ ကြမ်းပြင်ပေါ်သို့ လဲကျသွားခဲ့ပါတယ်။



စိန်ခေါ်သူ အဗာလော့စ်ဟာ ဆက်လက်ထိုးသတ်နိုင်ခြင်း မရှိတော့တဲ့ အတွက် ဒိုင်လူကြီးက ပြိုင်ပွဲကို ရပ်နားကာ ဖရန်တန်ကို အနိုင်ပေးလိုက်ရပါတယ်။ ဖရန်တန်ဟာ IBF ချန်ပီယံဘွဲ့ကို ပြီးခဲ့တဲ့ စက်တင်ဘာလက ဘဲလ်ဖက်မြို့မှာပဲ စပိန်လက်ဝှေ့သမား ကင်ကိုမာတီနက်ဇ်ကို အမှတ်နဲ့ အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့ပါတယ်။

ဖရန်တန်ဟာ လက်ရှိအနေအထားမှာတော့ သူရဲ့လက်ဝှေ့ကစားသမား သက်တမ်းတစ်လျှောက် ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားဖြစ်တယ်လို့ ဆိုပါတယ်။

---

# အမှားမလုပ်တဲ့ ဝက်စ်ဘရောင်း

ပြီးခဲ့တဲ့မန်ယူနဲ့ပြိုင်ပွဲ အနီကတ်နဲ့ထုတ်ပယ်ခံရတဲ့ ဆန်းဒါးလန်း နောက်ခံလူ ဝက်စ်ဘရောင်းဟာ ဒိုင်လူကြီးက အနီကတ်ပြထုတ်ပယ်ခဲ့ပေမယ့် အမှားတစ်စုံတစ်ရာ မလုပ်ခဲ့ဘူးလို့ ဒိုင်အဖွဲ့ချုပ်က ဆိုပါတယ်။ ရုပ်မြင်သံကြားပုံတွေကို ပြန်လည်စစ်ဆေးတဲ့အခါ ဂျွန်အိုရှေးကသာ ဖယ်ကာအိုကို ကြမ်းတမ်းစွာကစားခဲ့တာတွေ့ရတယ်လို့ ဆိုပါတယ်။ ယင်းအတွက်အနီကတ်ပြ ပွဲပယ်မှုကို ဖျက်သိမ်းပေးဖွယ်ရှိပါတယ်။


---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်းနေ ဦးလှထွန်း၏သမီးဖြစ်သူ ၆/ ကသန(နိုင်)၀၅၆၈၀၈ ကိုင်ဆောင်သူ မချိုချိုသက်(ခ)မချိုချိုမာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မချိုချိုသက်(ခ)မချိုချိုမာ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၂C/၇၉၂၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၇၆၈၅၀ Sunbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဓမ္မရာဇ ၉/ခမစ(သ)၀၀၂၇၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မစိုးရိမ်(၂)လမ်း၊ အိမ်အမှတ် (၁၂/၅၈)နေ ဒေါ်စန်းကြည်၏တူ၊ ဒေါ်သန်းတင့်၏သား မောင်နိုင်မင်း(ခ)နေလင်းထွန်း ၉/ပမန(နိုင်)၁၄၄၉၇၁ သည် မိခင်၊ အဒေါ်နှင့် မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိခင်၊ အဒေါ်တို့၏ ဆိုဆုံးမမှုတို့ကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင် ဒေါ်သန်းတင့်၊ အဒေါ် ဒေါ်စန်းကြည်**

## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား တစ်ဦးတစ်ယောက်ကတရားစွဲဆိုရန်(သို့မဟုတ်) ခုခံချေပနိုင်ရန် ချအပ်သည့်နို့တစ်စာ

(အမိန့်အမှတ်-၁၊ နည်းဥပဒေ-၈)
မန္တလေးခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၇၄

| | | |
|---|---|---|
| ဦးမျိုးသက်နိုင် | နှင့် | ဦးတင်မောင်ဦး(ဥက္ကဋ္ဌ) အမ်ပိုရီယမ်သမဝါယမအသင်းစုလီမိတက် |
| တရားလို | | တရားပြိုင် |

အမ်ပိုရီယမ်သမဝါယမအသင်းစုလီမိတက်၊ မန္တလေးမြို့အဖွဲ့ဝင်များနှင့် အကျိုးသက်ဆိုင်သူအားလုံး သိစေရမည်။

တရားလို ဦးမျိုးသက်နိုင်က ဦးတင်မောင်ဦး(ဥက္ကဋ္ဌ)အမ်ပိုရီယမ်သမဝါယမအသင်းစုလီမိတက်အပေါ်တွင် အထက်ပါတရားမမှု၊ တရားလိုသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)ရပ်ကွက်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၆၉၊ ဦးပိုင်အမှတ် ၆၇+၆၈ဟုခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်နှစ်ကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းစွဲဆိုသည်ဖြစ်၍ အငြင်းမပွားသည့် အကြောင်းအရာအရပ်ရပ်ကို ရုံးတော်က ကောင်းမွန်စွာ အပြည့်အစုံ(စီရင်ဆုံးဖြတ်)ရှင်းလင်းရန်။

၂၀၁၅ ခုနှစ် မတ် ၂၀ ရက်တွင် (သို့မဟုတ်) ၎င်းရက်မတိုင်မီ ဤကဲ့သို့ အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား ထည့်သွင်းရန်သဘောတူ၊ မတူကို ရုံးတော် တွင် လျှောက်ထားရမည့်အကြောင်း နို့တစ်စာချအပ်ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ယခုရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းချို)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၆၁၆၈ Kenbo 125 ,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေယဉ်နွယ် ၉/ပသက(နိုင်)၁၁၆၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၁၀၁)၊ နှစ် ၃၀ အငှားဂရန်မြေကွက်အား အမည်ပေါက် ဦးအုန်းညွှန့် ၁၃/ကတန(နိုင်)၀၁၈၂၅၂ (ဘ)ဦးဘတင်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၂၂/၂၈၊ ဟောင်ကောင်နှစ်လွှာ၊ အခန်းအမှတ် ၁၃(ဒုတိယထပ်-အပေါ်ခန်းနှင့်အောက်ခန်း) နှစ်ခန်းအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော (၁)ဒေါ်ကျင်မွေး(ခ) ဒေါ်လှလှသီ ၁၂/လသန(နိုင်)၀၀၆၄၂၄၊ (၂)ဒေါ်ရွှေအိ ၁၂/လသန(နိုင်)၀၀၆၄၂၃ တို့၏ တိုက်ခန်းနှစ်ခန်းအနက်မှ (ဒုတိယထပ်-အပေါ်ခန်း)နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေအိ ၁၂/လသန(နိုင်)၀၀၆၄၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလွဲ့ဝင်း (LL.B,D.B.L) အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

ပြည်တွင်းသတင်း

# ယာဉ်မရပ်နားရလမ်းများ၌ စည်းကမ်းမဲ့ရပ်နားမှု အရေးယူဆောင်ရွက်နေ



**ရန်ကုန် မတ် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အများပြည်သူများသွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးအတွက် ရည်ရွယ်ကာ ယာဉ်မရပ်နားရလမ်းများ သတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိသော မော်တော်ယာဉ်များအား အရေးယူ ဆောင်ရွက်နေပြီဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ခွဲမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့ လူသွားလူလာ စည်ကားများပြားတဲ့ လမ်းတွေမှာ ၂၀၁၃ခုနှစ် နိုဝင်ဘာလကစပြီး ယာဉ်မရပ်ရလမ်းများအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အစပိုင်းမှာ ပညာပေးအနေနဲ့ ဆောင်ရွက်ခဲ့ပေမယ့် အခုအခါမှာတော့ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ယခုအခါ အများပြည်သူများ သွားလာမှုအဆင်ပြေစေရန် ရန်ကုန်မြို့တွင် ယာဉ်မရပ်နားရလမ်းများ ၉၅ လမ်းအထိ သတ်မှတ်ထားပြီဖြစ်ကြောင်း သိရသည်။ အများစုမှာ မြို့တွင်းလမ်းများနှင့် လူစည်ကားရာ ဈေးများ၊ ကျောင်းများအနီးပတ်ဝန်းကျင်တို့၌ ဖြစ်သည်။

ယာဉ်မရပ်နားရလမ်းများ သတ်မှတ်ခဲ့ပြီးနောက် အချို့မှာ စည်းကမ်းလိုက်နာမှုမရှိသဖြင့် အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၃ခုနှစ်မှ ယခု ဖေဖော်ဝါရီလကုန်အထိ မော်တော်ယာဉ်စီးရေ ၁၈၅၀၀ ကျော်ကို မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး စာရင်းဇယားများ၌ ဖော်ပြသည်။

သို့ရာတွင် လမ်းတိုများ၌ပင် လမ်းဘေးဝဲယာနှစ်ဖက် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ အပြိုင်ရပ်နားထားကြသဖြင့် ယာဉ်ကြောကျဉ်းမြောင်းကာ ပိတ်ဆို့မှုများဖြစ်ပွားနေသည့်အပြင် ယာဉ်မတော်တဆမှုများပါဖြစ်ပွားလျက်ရှိသည်။ လမ်းတိုများအတွင်း အိမ်ရှေ့၊ ဈေးဆိုင်ရှေ့တို့၌ မော်တော်ယာဉ်များကို စည်းကမ်းမဲ့စွာ အပြိုင်ရပ်နားထားကြသဖြင့် လမ်းသွားလမ်းလာများ သွားစရာလမ်းမရှိအောင် ပိတ်ဆို့မှုများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သက္က**

## မီးဘေးအန္တရာယ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ပုလဲ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုသည် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးလေးမောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူးဦးကျော်ဇင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က ပုလဲမြို့ စည်ပင်သာယာရေးဈေးသို့ သွားရောက်၍ မီးဘေးအန္တရာယ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးအောင်ကိုက "ရာသီဥတုပြောင်းလဲမှုကြောင့် မုံရွာမြို့ရှိ ကြက်၊ ငုံးအထူးဇုန်အတွင်းမှ ငုံးနှင့် ဥစားကြက်များ၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ကြောင့် ဖေဖော်ဝါရီ ၂၆ ရက်အထိ ဥစားကြက် ၃၂၄၁ ကောင်နှင့် ငုံးကောင်ရေ ၁၃၆၁၉ ကောင်သေဆုံးခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှာ ဖော်ပြပါရှိမှုကြောင့် ဈေးသူ ဈေးသားများအနေနဲ့လည်း ဈေးအတွင်းမိမိတို့ရောင်းချနေတဲ့ ကြက်ဥ၊ ကြက်သားများရောင်းချရာတွင် သန့်ရှင်းလတ်ဆတ်သောကြက်ဥ၊ ကြက်သားများကို ရောင်းချပေးကြရန်နဲ့ မသက်ာဖွယ်ရာကြက်ဥ၊ ကြက်သားများတွေ့ရှိပါက မွေး/ကုဦးစီးဌာနနဲ့ ကျန်းမာရေးဌာနများသို့ ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပစ္စည်းများဖြစ်တဲ့ မီးသတ်ဆေးဘူး၊ မီးချိတ် မီးကပ်၊ ရေ၊ သဲများကို ပြည့်စုံစွာထားရှိပြီး မီးလောင်မှုမဖြစ်စေရေးကို စည်းလုံးညီညွတ်မှုတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပါတယ်"ဟု ဈေးသူ ဈေးသားများနှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

## ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ ဆိုလာမီးလင်းရေးဖွင့်

**နေပြည်တော် မတ် ၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု ရွှေခဲအင်းကျေးရွာ ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီက အဆိုပါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ဆိုလာလျှပ်စစ်မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က ဆိုလာလျှပ်စစ်မီး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။



ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လေးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေနှင့် ဦးမှတ်ကြီးတို့က ဆိုလာလျှပ်စစ်မီးလင်းရေး စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးခဲ့သဖြင့် ရွှေခဲအင်းကျေးရွာရှိ အိမ်ခြေ ၄၃၅ အိမ် လျှပ်စစ်မီးလင်းခဲ့မှုကြောင့် ဒေသခံပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**


**ဖခင်အမည်မှန်**

မြစ်သားမြို့နယ်၊ အထက(ခွဲ)သာလွန်၊ နဝမတန်း(ခ)မှ မနှင်းဝေဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၉/ဝတန(နိုင်) ၁၆၂၇၁၂ ဖြစ်ပါသည်။

**ဦးကျော်စွာဝင်း**

**ဖခင်အမည်မှန်**

မြစ်သားမြို့နယ်၊ အထက(ခွဲ)သာလွန်၊ နဝမတန်း(ခ)မှ မမြတ်မြတ်မိုး၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်းတင့် ၉/ဝတန(နိုင်) ၁၂၉၅၅၂ ဖြစ်ပါသည်။

**ဦးထွန်းထွန်းဝင်းတင့်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅(စက်မှု)၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်အပိုင်း-၄၊ မြေကွက်အမှတ် ၁၂၂၊ ဧရိယာ ၂ဒသမ ဝ၃၅ဧကနှစ်(၆၀)ဂရန် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၄)၊ ပန်းတည်းဝန် ဦးရွှေဘင်လမ်း၊ အမှတ်(၁၂၂)ဟုခေါ်တွင်သော ဂိုဒေါင်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှိုင်ဟိန်းနှင့် ဒေါ်စံနှင်းခိုင်တို့ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ဦးစံငွေးအမည်ဖြင့် ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၀၇၄/၂၀၁၃ ကို လက်ခံရယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းငွေး ၁၂/စခန(နိုင်)၀၄၆၉၂၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ထွန်း(စဉ်-၃၅၅၇)** **ဒေါ်ကြည်ကြည်ငွေး(စဉ်-၂၃၆၇)**
**B.A(Law),LL.B** **B.A(Law),LL.B**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် ၆စီ-၂၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄**


## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၃၆

ဦးစောငြိမ်း ပါ ၂     မာသက်ဇင်ကုမ္ပဏီ(ဒေါ်မာလာအေး) ပါ ၃

**လျှောက်ထားသူများ**     **လျှောက်ထားခံရသူများ**

၁။ မာသက်ဇင်ကုမ္ပဏီ (ဒေါ်မာလာအေး)၊ ၂။ ဦးစိုးစံ၊ ၃။ ဦးအောင်သိုက်၊ အကွက်(၀၀-၈)၊ ဦးပိုင် ၉၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစောငြိမ်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၂၆/၂၀၁၁ တွင် ၇-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်နှင့် စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မတ်လ ၁၃ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**


**ပျောက်ဆုံးကြောင်း**

2010 Toyota ... (NZE141 - 6171653) ... Customs Statement ... 09-799222552

**ဒေါ်အေးအေးဖြိုး ၆/မအရ(နိုင်)၀၉၀၃၃၂ အား ဇနီးအဖြစ်မှစွန့်လွှတ်ပြီး လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ကြောင်း**

**အများသိစေရန်ကြေညာခြင်း**

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းမင်း ၁၂/သဃက(နိုင်)၁၂၉၃၀၃ ဗိုလ်တေဇ ၂ လမ်း၊ (ဂ)ရပ်ကွက်၊ အိမ်အမှတ် ၁၂(ခ)၊ သဃ်န်းကျွန်းမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ခရီးသွားနေစဉ် ဒေါ်အေးအေးဖြိုးသည် မိတ်ဆွေအပေါင်းအသင်းများထံမှ ခင်ပွန်းမသိရှိဘဲ ငွေကြေးများကို ကိုယ်ကျိုးသုံးစွဲရယူပြီးနောက် ကလေးတစ်ယောက်နှင့် မြိတ်မြို့သို့ ပြန်သွားခြင်းဖြစ်ပါသည်။

သို့ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာနှင့် ဆွေမျိုးများ၏ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ ထိုကဲ့သို့ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ကျွန်ုပ်မိတ်ဆွေအနေဖြင့် လုံးဝခွင့်လွှတ်နိုင်စရာအကြောင်းမရှိပါ၍ ၎င်းအား ဇနီးအဖြစ်မှစွန့်လွှတ်ပြီး ၎င်းနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် ဒေါ်အေးအေးဖြိုးနှင့်ပတ်သက်၍ ငွေရေးကြေးရေး အရှုပ်အရှင်း ဆက်နွှယ်ပတ်သက်ထားခဲ့သူများအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် မသက်ဆိုင်ဘဲ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်းနှင့် တရားဥပဒေအရဆောင်ရွက်ရမည့်ကိစ္စများရှိပါက သူမ၌သာလျှင် တာဝန်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ လိုက်လံဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်ပေးသူ**     **အမှုသည်၏ညွှန်ကြားချက်အရ-**
**ဦးစန်းမင်း**     **ဦးအေးသောင်း (စဉ်-၁၃၄၄)**

**B.A(Law), LL.B, D.B.L, B.D.S, D.M.L, D.I.L, (WIPO), D.L.P, Switzerland(LAW FIRM)**

**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး**

**တိုက်အမှတ် ၁၀/၁၂(ညာ)၊အခန်း ၁၀၃-F၊ ပထမထပ်၊ ၃၅ လမ်းအောက်(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၃၁၆၃၉၊ ၀၉-၄၂၁၀၁၅၃၉၇**

## ကြော်ငြာ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
### လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
### (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံထုတ် (၁၈×၂၅)လက်မ၊ (215GSM)အရွယ်အစားရှိ ပန်းရောင်စက္ကူကတ်ပြားကြီးများအားဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများသည် ၃-၃-၂၀၁၅ရက်မှ ၁၂-၃-၂၀၁၅ရက်အထိ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၂-၃-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်(အနောက်ပိုင်း)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး(ရန်ကုန်အနောက်ပိုင်း)တွင် လျှပ်စစ်အန္တရာယ်ကာကွယ်ရန်အတွက် လျှပ်စစ်မီးကြိုးများအသစ်လဲလှယ်ခြင်း၊ မီးခလုတ်များအသစ်လဲလှယ်ပြောင်းလဲတပ်ဆင်ခြင်းများလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၃-၃-၂၀၁၅ရက် (အင်္ဂါနေ့)
- နံနက် (၁၀း၀၀) နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၃-၂၀၁၅ရက် (အင်္ဂါနေ့)
- ညနေ (၄း၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၂၀၄၁၆**

### မဟာကမ္မဋ္ဌာနာစရိယ
### မြောက်ဦးဆရာတော် ကမ္မဋ္ဌာနာစရိယ ဝနဝါသီအရှင်ဝါယာမိန္ဒအား
### ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ရတနာမရ်အောင်တောရ ဓမ္မရိပ်သာကျောင်းတိုက်များ၏ နာယကချုပ် ပြည်တွင်း၊ ပြည်ပသာသနာပြု ကမ္မဋ္ဌာနာစရိယ မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒအား နိုင်ငံတော်သမ္မတမှ သာသနာဆိုင်ရာ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်ဆက်ကပ် ပူဇော်ခံရခြင်းအတွက် မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)အသင်းသူ/သားများက ဂုဏ်ပြုပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြောက်ဦးမြို့သူ/သားများ၊ ဆရာတော်၏ တပည့်ဒါယကာဒါယိကာမများကြွရောက်ကြည်ညိုဂုဏ်ပြုပူဇော်နိုင်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို ဖုန်း-၀၉-၅၀၂၄၇၃၃၊ ၀၉-၄၂၀၇၀၀၉၃၉၊ ၀၉-၄၂၀၀၄၉၀၉၁၊ ၀၉-၄၂၀၀၁၀၃၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နေ့ရက်** - ၂၀၁၅ ခုနှစ် မတ်လ ၉ ရက် (တနင်္လာနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် (နံနက်စာဖြင့် ဧည့်ခံပါမည်။)

### မြေငှားစာချုပ်(ဂရန်)ပျောက်ထားလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်းရပ်ကွက် | မြေကွက်အမှတ် | ပါမစ်/လိုင်စင် မူလအမည်ပေါက် | မြေငှားစာချုပ်ပျောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | ၁ | ၃၅၃ | ဦးအုန်းမြင့် | ဦးကျော်အောင် | ၁၂/လမတ(နိုင်)၀၂၇၄၄၃ | ဂရန်သစ် |
| ၂ | ။ | ၁ | ၃၁၄ | ။ | ဒေါ်ခင်ထွေးရီ | ၁၂/ပဇတ(ဧည့်)၀၀၀၁၂၇ | ဂရန်သစ် |
| ၃ | ။ | ၁ | ၁၄၃ | ။ | ဦးသီဟဝင်း | ၁၂/သဃက(နိုင်)၁၅၉၀၁၃ | ဂရန်သစ် |
| ၄ | ။ | ၁ | ၃၆၆ | ။ | သန်လျင်ကြယ်စု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | ၃၉၀၁/၂၀၁၄-၂၀၁၅ | ဂရန်သစ် |
| ၅ | ။ | ၁ | ၃၅၄ | ။ | ဒေါ်နှင်းနှင်းယု | ၁၂/လမတ(နိုင်)၀၀၀၀၃၀ | ဂရန်သစ် |
| ၆ | ။ | ၁ | ၃၀၁+၃၀၂ | ။ | ဦးယဉ်ထွေး | ၁၂/ဥကတ(နိုင်)၀၂၅၈၈၅ | ဂရန်သစ် |
| ၇ | ။ | ၁ | ၃၂၂ | ။ | ဦးစိန်ဝင်း | ၁၂/မဂတ(နိုင်)၀၈၇၁၁၇ | ဂရန်သစ် |
| ၈ | လှိုင်သာယာ | ၃/၄ | ၅၁၃ | ဦးသန်းထိုက် | ဦးကျော်ကျော်ထွန်း | ၁၀/မလမ(နိုင်)၁၂၅၈၁၇ | ဂရန်သစ် |
| ၉ | ။ | ၇ | ၁၁၉ | ဦးလှိုင်ဟိန်း+၁ | ဒေါ်ယဉ်ယဉ်ဝေ | ၁၂/မတန(နိုင်)၀၀၂၆၉၅ | ဂရန်သစ် |
| ၁၀ | ။ | ၃ ဘီ | ၅၃ | ဦးအောင်ပိုင် | ဦးမောင်မောင်ဝင်း | ၁၂/လသယ(နိုင်)၀၇၃၉၈၄ | ဂရန်သစ် |
| ၁၁ | ဒဂုံတောင် | ၁၄၂ | ၃၅ | ကုန္တီတံကုမ္ပဏီ | ဒေါက်တာအောင်ဇော်မြင့်+၂ | ၁၂/မဂတ(နိုင်)၀၄၆၂၅၃ | ဂရန်သစ် |

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃၃ဃ/၈၇၇၇၈ Yunde-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဇော် ၁၄/ကကန(နိုင်)၀၈၅၆၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**






# စက်မှုဝန်ကြီးဌာန
## စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
## ငှက်အော်စမ်းရော်ဘာခြံနှင့်ဆူးကလပ်ရော်ဘာခြံ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)နှင့် ကြီးကြပ်မှုအောက်ရှိ ငှက်အော်စမ်းရော်ဘာခြံနှင့် ဆူးကလပ်ရော်ဘာခြံတို့မှ အသုံးမလိုပိုလျှံ ပရိဘောဂနှင့် ရုံးအသုံးအဆောင်ပစ္စည်း(၉)မျိုးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

၁။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ** - ၅-၃-၂၀၁၅ ရက် ၁၀း၀၀ နာရီ မှ ၁၅း၀၀ နာရီအထိ
**ရောင်းချမည့်ရက် အချိန်၊ နေရာ** - စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အုပ်ချုပ်ရေးဌာနရုံးအမှတ် (၄၁) နေပြည်တော်

၂။ **တင်ဒါတင်သွင်းမည့် ရက်၊ အချိန် နေရာ** - ၁၁-၃-၂၀၁၅ ရက်၊ ၁၀း၃၀ နာရီ ဒုတိယဝန်ကြီး(၁)ရုံး၊ ရုံးအမှတ် (၃၇) နေပြည်တော်

၃။ **တင်ဒါဖိတ်မည့် ရက်၊ အချိန်** - ၁၁-၃-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၈၉၊ ၀၆၇-၄၀၈၄၂၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**



SEVEN

SEVEN

Ph: 09 33133511, 09 33133514, 01 295748



# UEC

OFFICIAL PRIVATE SCHOOL

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ

OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING

## Why We Choose UEC ?

- Fully-Air Con Lab Facilities, PA System, Multimedia, Extracurricular Activities, Excursion နှင့် Study Tour

• ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

GUIDE MA, MSc

Ph: 01 539875, 09 3155 8973, 09 515 7988, 09 50 80478, 09 730 65707



MMAC

# မဟာမြကျွန်းသာ

အကယ်ဒမစ်စင်တာ

ကိုယ်ပိုင်အထက်တန်းကျောင်း

2013-2014

ဘာသာစုံဂုဏ်ထူးရှင်များ




တိုက်(2B)၃လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၈၆၂၈၆၃၈



# CHINDWIN COLLEGE

*helping you engineer your future*



## CHINDWIN BUSINESS SCHOOL

- 2015 First Semester အတွက် Foundation နှင့် BTEC Higher National Diploma တန်းများစတင်ဖွင့်လှစ်နေပြီ။
- ၁၀တန်းအောင်ပြီးသူများ၊ ပထမနှစ်တက်နေသူများ Foundation တန်းတက်ရောက်နိုင်သည်။ Foundation ပြီးလျှင် Management, Accounting, Hospitality ဘာသာရပ်များရွေးချယ်ခွင့်ရှိသည်။
- - Foundation ပြီးသူများ
  - ဒုတိယနှစ်တက်နေသူများ
  - LCCI Level 3 ပြီးသူများ
  - ABE Advanced Diploma ပြီးသူများ
  
  BTEC Higher National Diploma လ၂၀သင်တန်းတက်ရောက်နိုင်သည်။
- BTEC HND ပြီးလျှင် UK တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ် တက်ရောက်နိုင်သည်။

Business ယခုလအတွင်း ကျောင်းအပ်နှံလျှင် Foundation 20% BTEC HND 10% Discount ပေးမည်။

www.facebook.com/chindwincollege

**Yangon** | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. ☎ 01 297673, 298137

**Mandalay** | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 72179, 74179

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုအမိန့်များကို လက်တွေ့ကျင့်သုံးနိုင်ဖို့နဲ့ ဗိုလ်ချုပ်ရည်မှန်းခဲ့သော ဒီမိုကရေစီအရေး၊ တန်းတူရည်တူရှိရေးနဲ့ ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့ ပြည်ထောင်စုကြီးတစ်ရပ်အဖြစ်ရောက်ရှိအောင် နိုင်ငံရေးခေါင်းဆောင်များအားလုံးနဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကြိုးပမ်းတည်ဆောက်ခြင်းသည်သာလျှင် တာဝန်ကျေပြီး ကျေးဇူးဆပ်ရာရောက်တယ်လို့ ခံယူထားကြရမှာဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေများတိုးတက်စေရေး ဝိုင်းဝန်းကူညီအားပေးနေ



**နေပြည်တော် မတ် ၂**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပသည့် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်ပြီး တောင်သူလယ်သမားအကျိုးပြု နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ သို့ ရောက်ရှိလာပြီး ခင်းကျင်းပြသထားသည့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ဒုတိယအသုတ်အဖြစ် ထောက်ပံ့သည့် ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ သစ်သီးဝလံပြခန်းများ၊ ဝန်ကြီးဌာနပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများအား ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် တောင်သူလယ်သမားနေ့ ဂုဏ်ပြုအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် တောင်သူလယ်သမားနေ့ အခမ်းအနားသဝဏ်လွှာအား ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ဖတ်ကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✪

# နယ်နိမိတ်မှတ်တိုင်အမှတ် ၁၁၈ အနီးရှိ ပို့စ်-၁၇၈၉ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်

**နေပြည်တော် မတ် ၂။** လောက်ကိုင်ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၁၈ အနီးရှိ ပို့စ်-၁၇၈၉ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

တာရွှေထန်မှ မီတာ ၃၀၀၀ ခန့်နှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းမှ မီတာ ၆၀၀၀ ခန့်အကွာအဝေးတွင်ရှိသော ကြွယ်ပါးရွာအနီး တောင်ကုန်းများတွင် အခြေပြု၍ အခိုင်အမာခံစစ်ယူထားသော ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းမှစတင်၍ ခြေလျင်အကူပစ်လက်နက်ကြီးများကို ဟန်ချက်ညီစနစ်တကျ အသုံးပြုကာ တရစပ်ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ တပ်မတော်၏ ဟန်ချက်ညီသော ပြင်းထန်သည့် ထိုးစစ်အဟုန်ကြောင့်

*စာမျက်နှာ ၇ ကော်လံ ၃* ❖




# ကက်ပီတယ်ဝမ်းဖလား ချယ်လ်ဆီးဆွတ်ခူး

အာကာကျော်

ချယ်လ်ဆီးနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ မတ် ၁ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးက နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ချယ်လ်ဆီးအသင်းသို့ ဒုတိယအကြိမ်ပြန်လာသည့် မော်ရင်ဟိုအတွက် ပထမဆုံးဖလားအဖြစ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဂျွန်တယ်ရီနှင့် ဒီယေဂိုကော်စတာတို့က အဓိကခြေစွမ်းပြကစားခဲ့ပြီး အနိုင်ဂိုး တစ်ဂိုးကိုဂျွန်တယ်ရီက ပွဲချိန် ၄၅ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ အခြား အနိုင်ဂိုးတစ်ဂိုးကိုတော့ ဝေါကာက ပွဲချိန် ၅၆ မိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ဂိုးရခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် စပါးအသင်းသည် လွန်ခဲ့သည့်ခုနှစ်က ချယ်လ်ဆီးကို အနိုင်ယူပြီး ဖလားယူခဲ့ခြင်းကို ပြန်လည် တစ်ဖန်အနိုင်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ *စာမျက်နှာ ၁၀ ကော်လံ ၅* ○

# ရန်ကင်းသာ(ညောင်ချောင်းသာ)ကမ်းခြေ ဖွင့်ပြီ

**ရန်ကုန် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရန်ကင်းသာ(ညောင်ချောင်းသာ) ကမ်းခြေဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကမ်းခြေ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဌ ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရန်ကင်းသာ(ညောင်ချောင်းသာ) ကမ်းခြေတွင် ဆိုင်ခန်း ၄၀ ရှိပြီး ယာဉ်ရပ်နားစခန်း၊ နားနေဆောင်များနှင့် အပန်းဖြေသူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် စက်လှေ၊ လှေ၊ လိုက်ဖ်ဂျက်ကက်၊ အသက်ကယ်ဗောများ စီစဉ်ထားကြောင်း သိရသည်။

လာရောက်အပန်းဖြေသူများအနေဖြင့် လေကောင်းလေသန့်များကိုရှူရှိုက်ရင်း ကမ်းခြေ၏သဘာဝအလှတရားများကိုတဝကြီးခံစားနိုင်သည်။ **တင်စိုး(မြန်မာ့အလင်း)**

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အကြံပြုချက်များပေးပို့**

စာမျက်နှာ » ၃

**ပညာအခြေပြု လူ့အဖွဲ့အစည်းမှသည် အမျိုးသားပညာရည်မြင့်မားရေးပန်းတိုင်ဆီသို့**

ဆောင်းပါး စာမျက်နှာ » ၆



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာအင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖြန့်ချိရေးဦးစီးဌာနက ထုတ်ဝေသည်။

ကြော်ငြာကဏ္ဍ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ ၂၃၀ ကေဗွီ ကလေး ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ကလေး ဓာတ်အားခွဲရုံသို့ ဆက်သွယ်မည့် ၆၆ ကေဗွီဓာတ်အားလိုင်း (၆)မိုင်အတွက် လိုအပ်သော(၁၂)မီတာ ကွန်ကရစ်ကျောက်တိုင် (၂၃၄)လုံးနှင့် (၁၅)မီတာ ကွန်ကရစ်ကျောက်တိုင် (၄၁)လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၃-၂၀၁၅
**တင်ဒါပိတ်မည့်ရက်** - ၁၉-၃-၂၀၁၅
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

ကြော်ငြာကဏ္ဍ

## မော်လမြိုင်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်
## ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၊ အောက်ပစ္စယာ မော်လမြိုင်ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် မှတ်ချက်(၁) ယခုနှစ် ၁၃၇၆ခု တပေါင်းလ(သို့) ၂၀၁၅ခုနှစ် မတ်လတွင် အသက်(၈၀)ပြည့်ပြီးသူ အသင်းဝင်လူသစ်များသည် အသင်းဝင်အမှတ်၊ အမည်၊ မွေးနေ့သက္ကရာဇ်ကို စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၀၁-၆၅၀၀၉၁၊ ၀၉-၅၁၀၁၆၆၃ သို့လည်းကောင်း၊ (၂) ယခင်နှစ် အသက်(၈၀)အထက် အပူဇော်ခံပါသူ အသင်းဝင်လူဟောင်းများသည် အုပ်ချုပ်ရေးမှူး ဦးတင်အောင် ဖုန်း-၀၁-၃၇၅၇၂၃၊ ၀၉-၂၅၃၃၀၄၈၄၀သို့လည်းကောင်း၊ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများကို ပညာရည်ချွန်ချီးမြှင့်နိုင်ရန် အထောက်အထားများဖြင့် ၂၁-၃-၂၀၁၅ရက် နောက်ဆုံးထား၍ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

ကြော်ငြာကဏ္ဍ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌
## ၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၄၇၇

| | | |
|---|---|---|
| မမျိုးသဇင်နှင်း | နှင့် | မောင်နေလင်းအောင် |
| **တရားလို** | | **တရားပြိုင်** |

၁၉×၂၀၊ ၆၁×၆၂၊ အနိုပ်တော်ရပ်၊ နန်းရှေ့၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး (ယခုလိပ်စာမသိ) မောင်နေလင်းအောင် သိစေရမည်။

သင့်အပေါ်၌ မမျိုးသဇင်နှင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မတ် ၂၀ရက် (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုနို)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


ရောင်း၊ငှား (ပိုင်ရှင်ကိုယ်တိုင်) 09-975318749

| | |
|---|---|
| 10ဘီး Dump Truck | 200- 260L |
| Back Hoe 20T မှ 35T | 650- 1400L |
| Dozer SD -16 | 725L |
| Wheel Loader ZL-50 C | 450L |
| ယန္တရားတင်ရန်ရောက်တွဲတန်း 3ချောင်း | 130L |
| ရွှေတွင်းသုံးမှန် 7C [illegible] | 50L |

ရှူအသိဉာဏ်၏အထွတ်အထိပ်ဖြစ်သော
အရိယာသစ္စာဉာဏ်ကိုအဆင့်ဆင့်
တည်ဆောက်ဝင်စံခြင်း
ဦးကျော်ဇေယျ
(ဒုတိယအကြိမ်)ပုံနှိပ်ခြင်း ဖုန်း ၀၉၇၃၀၄၅၅၇၃၅

ဝန်ထမ်းအလိုရှိသည်၊ [illegible]

[illegible]

(က) အခြေခံပိုင်းတာဝန်ထမ်းဆောင်ရန်
(၁) [illegible] - ကျပ်/ မ
(ခ) အချိန်ပြည့်တာဝန်ထမ်းဆောင်ရန်
(၁) [illegible] - ကျပ်/ မ
(၂) [illegible] Demo [illegible] - ကျပ်/ မ
(၃) [illegible] Study Guide - ကျပ်/ မ

[illegible]

သမားတော်ကြီး ဒေါက်တာမြင့် (စကြာမင်း) ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါဝေဒနာရှင်များကို လက်တွေ့ကုသပေးရာမှ [illegible]

စကြာမင်း အရိုးကျိုးပေါင်းရောဂါ သောက်ဆေး
စကြာမင်း အရိုးကျိုးပေါင်းရောဂါ လိမ်းဆေး
စကြာမင်း အရိုးကျိုးပေါင်းရောဂါ စည်းဆေး(အုံဆေး)

[illegible]

ဝင်ရိုး - စကြာမင်း အရိုးကျိုးပေါင်းဆေးတိုက် [illegible]

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း
မှတ်ပုံတင်အမှတ် - [illegible]

ICEC

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ပညာရေး **ဘော်ဒါ**
သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

* ကျောင်းသားဦးရေ ကန့်သတ်ထားပါ၍ ကြိုတင်အပ်နှံပေးကြပါရန် *

စံပညာရိပ်သာ - အမှတ် (၂)ရွာမကျောင်းလမ်း၊(ဝေဟိုလမ်းအနီး)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
(ဖုန်း) [illegible]
စံပြကျောင်း - (A-5)၊ [illegible] ရန်ကုန်မြို့ (ဖုန်း) [illegible]


[illegible]

## ကြော်ငြာကဏ္ဍ

[illegible]

Scania,Volvo,Yutong [illegible]

ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်) [illegible]

Ph: 209077, 209388, 09-73167000, 09-73168000

ရောင်းမည်။ 09 - 975318749

[illegible] 103' x 90' =15000 L

[illegible] 120' x 100' = 9000 L

[illegible] 1BN [illegible] 20' x 50' = 3000 L

[illegible] 2RC [illegible] 40' x 50' = 8500 L

[illegible] 2RC [illegible] 60' x 130' = 8800 L

[illegible] 1BN [illegible] 60' x 50' = 3000 L

[illegible] Central City Condo 2000SqFt,SAC,

3MBR,1BR,[illegible] Fully Furniture= 5500 L

### ဖခင်အမည်မှန်

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင် (စီးပွားစီမံ)မှ မအေးစန္ဒာမြင့် ၁၃/ကတန(နိုင်)၁၃၉၅၄၇၏ ဖခင်အမည်မှန်မှာ ဦးစိုးသီဟဇော်လတ် ၁၃/ကတန(နိုင်) ဝ၇၄ဝ၃၄ ဖြစ်ပါကြောင်း။ **ဦးစိုးသီဟဇော်လတ်**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ယ/၆၆၃၉ဝ ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်စိန် ၁၂/မဘန(နိုင်) ဝ၁၄ဝ၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တောင်ငူ**

ကြည်စိုး အိမ်ဘုရင်

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၅၅ဝ)၊ မြေကွက်တည်နေရာအမှတ် ၅၅ဝ၊ ရွှေစင်(၈)လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြောက်(ဦးမြင့်သိန်း H/RGN-034036) အမည်ပေါက် နှစ် ၆ဝရန်မြေအား အမည်ပေါက် ဦးမြင့်သိန်းကွယ်လွန်သဖြင့် ဒေါ်မြသန်း ၁၂/ဒဂမ(နိုင်)ဝ၂၄၄၇၆က တရားဝင်တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ခင်ပွန်းသေစာရင်းတင်ပြ၍ ၄င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၈၅၄/၄-၄-၂ဝ၁၄)ဖြင့် လွှဲအပ်ခံရသူ ဒေါ်မြင့်မြင့်စန်း ၁၂/ဥကတ(နိုင်) ဝ၄၆၅၈၅မှ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၃ဝ/၅-၁-၁၅)တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါ က ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ [illegible] ကုန်ကြမ်း(၅)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ [illegible] B.C.C [illegible]

ဖုန်း- 09-5401011, 09-73095677

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထုပါရုံ၊ မြေကွက်အမှတ် ၁ဝ၈၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁ဝ၈၄/ခ၊ ထုပါရုံ ၃လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးမြ) အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေအား အမည်ပေါက် ဦးမြ(ဖခင်)နှင့် ဒေါ်မြတင်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများ ဖြစ်သော (၁)ဦးလှမင်း ၁၂/သကတ(နိုင်)ဝ၉၅ဝဝ၄၊ (၂)ဒေါ်ခင်ခင်သိန်း ၁၂/သကတ (နိုင်)ဝ၄၉၅ဝ၅၊ (၃)ဒေါ်သူဇာမြ ၁၂/သကတ(နိုင်)ဝ၉၈၃၈၈၊ (၄)ဦးမျိုးမင်းအောင် ၁၂/သကတ(နိုင်)၁၃၃ဝ၁၉၊ ၅။ဒေါ်အေးအေးချစ် ၁၂/သကတ(နိုင်)ဝ၉၅၂၁၂ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၃၂/က၊ မြေကွက်တည်နေရာအမှတ် ၁၃၃၂/က၊ မာန်ပြေ ၂၁လမ်း၊ ၃ရပ်ကွက်၊ သာကေတမြို့နယ် ဦးချိုရီ အမည်ပေါက် နှစ်၆ဝမြေကို ဦးချိုရီကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် (၇၇၇၄/၁၃)(၁၂-၁၁-၁၄)ဖြင့် ဒေါ်ငွေးမြင့် ၁၂/သကတ(နိုင်) ဝ၃ဝ၃၃၄၊ ဒေါ်သန်းသန်းနု ၁၂/သကတ(နိုင်)ဝ၃၂၈၉၈ တို့မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် သကတ/၃(မာန်)ဝ၈၆၃/၉၃ (၆-၉-၉၃)အမည်ပေါက်နှင့် နှစ်၆ဝဂရန်မြေငှားစာချုပ် ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ဇဝန၊မြေကွက်အမှတ်၁၃၅၊ မြေကွက်တည်နေရာအမှတ် ၁ဝ၊ သီရိဝေဘာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးခင်မောင်လှ အမည်ပေါက် ပါမစ်မြေအား စလစ်ပြားအမည်ပေါက် ဦးခင်မောင်လှထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူဒေါ်ရင်မေ ၁၂/သဃက(နိုင်) ၁ဝ၃၅၆၄က စလစ်ပြားမူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible] Rama Krishna Mission [illegible] Rama Krishna Mission Society [illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

[illegible]

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |